# ကရင်ပြည်မှပဲ့တင်သံ

## ကျောင်းဆရာများစာရေးပြိုင်ပွဲ

# Echoes From Karen Land

## Teacher Story Writing Competition

Echoes From Karen Land
Teacher Story Writing Competition (Burmese)

**ကရင်ပြည်မှပဲ့တင်သံ**

**ကျောင်းဆရာများစာရေးပြိုင်ပွဲ (မြန်မာဘာသာ)**

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand
drum@drumpublications.org

October 2006

ISBN - 974-94605-1-0

# မာတိကာ


၁။ တောနက်ကြီးရဲ့မာယာ ၁
နော်ခူဝါးဖိုး
၂။ သက်ဆုံးတိုင်သစ္စာခိုင် ၇
နော်ဟန်ရီ
၃။ အဆောင်အရှောင် ၂၁
စောသာလယ်
၄။ အချစ်ရဲ့ပုံရိပ် ၂၅
နော်ဖောအဆူ
၅။ ဖားမော်လော ၃၄
စောလယ်ထူး
၆။ ညောင်သီးစားမြွားသံစွင့် ၄၆
စောထီးကစယ်
၇။ ဖားဆုလယ် ၅၂
နော်ကဝယ်ထူး
၈။ သောသီတောရဲ့အလှ ၆၂
နော်လားစေးဝါးကူး
၉။ တီးကလော့ရဲ့အမှာစကား ၆၇
စောစေးဝါး
၁၀။ ဖားစည်ဖြူနှင့်မှော်ကျောက်ဆောင် ၇၂
နော်ဘွေထီးသဝီးသိန်းမောင်

# နိဒါန်း

နှစ်စဉ်နှစ်တိုင်း Drum Publication မှ ကျောင်းဆရာများတွက် ဝတ္ထုတိုအရေး ပြိုင်ပွဲရှိပါသည်။ ဤစာအုပ်သည် ၂၀၀၅ ခုနှစ်၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် ကျောင်းဆရာများ ဝတ္ထုတိုရေးပြိုင်ပွဲမှ ဆုရရှိသည့် ဝတ္ထုတိုများကို စုပေါင်း၍ ထုတ်ဝေသော မူလကရင်ဘာသာ စာအုပ်အား မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုထားခြင်းဖြစ်ပါသည်။

ကရင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ကရင့်ကျေးရွာများတွင် နေထိုင်သော ရွာသူရွာသားများ၏ ပွင့်လင်းရိုးသား ဖြူစင်ချစ်စရာကောင်းသော စိတ်ထားများ၊ အပြုအမူများကို ဤစာအုပ်ထဲတွင် ဖတ်ရှုနိုင်ပါသည်။ ထို့ပြင် ကရင်လူမျိုးများ မိမိ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအား ပြန်လည်သတိရပြီး တန်ဘိုးထားထိန်းသိမ်းလိုသည့် စိတ်ရှင်သန်စေရန် ဖြစ်ပါသည်။

အခြားသူများကလဲ ဤစာအုပ်ကို ကရင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအား လေ့လာသည့်အနေဖြင့် ဖတ်ရှုနိုင်ပါသည်။



# တောနက်ကြီးရဲ့မာယာ

ဟေမန်ဆောင်းဥတု၊ အေးချမ်းလှသည့်အချိန် သမယတွင် အဝေးမှကြည့် လိုက် လျှင် တောင်ကြီးတစ်ခုလုံး နှင်းတောထဲ နစ်ဝင်နေသည့်အလား တွေ့ရမည်။ မြေပြင်ပေါ်မှအငွေ့များသည် တောင်ထက်ဆီသို့ တစ်ရွေ့ရွေ့တက်သွား နေသည်။ အဝေးမှလှမ်းကြည့်လျှင် တောင်၏အလှအပကို မမြင်နိုင်ပါ... တောင်ကမ်းပါးရံတွင် ကပ်နေသော နှင်းပွင့်ဖြူဖြူ အဆုပ်အဆုပ်များကိုသာ တွေ့ရမည်ဖြစ်သည်။

တောင်ခြေရင်းတစ်နေရာတွင် မီးပုံတစ်ခု တောက်ပစွာ လင်းထိန်နေသည်။ မီးပုံဘေးတွင် တောလိုက်မုဆိုး သူငယ်ချင်းနှစ်ဦးတို့သည် အချမ်းပြေမီးလှုံရင်း စကားစမြည် ပြောနေကြသည်။ သူတို့ပါးစပ်မှ အငွေ့များ တစ်လုံးပြီးတစ်လုံး ထွက်လာနေသည်။ ချမ်းအေးလှသော်လည်း သူတို့နှစ်ဦးမှာ ချမ်းအေးပုံမပေါ်ဘဲ ဤတစ်ခေါက် တောလိုက်ရခြင်းအပေါ် စိတ်အားထက်သန်လျက် ပျော်ရွှင်နေကြသည်။ သူတို့အိမ်မှ ထွက်လာခဲ့သည်မှာ ရက်သတ္တပတ်ရှိခဲ့ပြီ။ သူတို့မျှော်မှန်းထားသော သားကောင်မရသေးသဖြင့် အိမ်သို့ခြေဦးပြန်မလှည့်သေးပါ။

သူတို့ထိုင်၍ တောကြက်ခြောက်ကို ကင်စားရင်း စကားပြောနေကြသည်။ သူငယ်ချင်းနှစ်ဦးအနက် တစ်ဦးမှာပိန်၍ တစ်ဦးကဝသောကြောင့် ဖားဂဲ ( ဖိုးပိန်) နှင့် ဖားဘော် (ဖိုးဝ) ဟု အများကခေါ်ကြသည်။

ဖားဘော်, "သူငယ်ချင်း... ငါတို့အိမ်ကထွက်လာတာ ခုဆိုရင် ၇ ရက်ရှိပြီ... ဒါပေမဲ့ ငါတို့လိုချင်တဲ့အမဲကို ခုထိမရသေးဘူး... ဒါကြောင့် ငါတို့ဒီအတိုင်း လက်ချည်းဘဲ ပြန်သွားရင်... ကောင်းမလား။"



ဖားဂဲ့, “ဒီမှာ … မင်းကလဲ ငါတို့ ဒါလောက်ရောက်နေမှတော့ ဆင်ပြောင်ကြီးတစ်ကောင်လုံး အမြီးဘဲကျန်တော့တဲ့ဟာ ဆက်သွားမှ ကောင်းမှာပေ့ါ ပြန်လို့ဘာအကျိုးရှိမှာလဲ။”

ဖားဘော်, “ငါပြောချင်တာက ခုငါတို့ရိက္ခာလဲ တော်တော်နည်းသွားပြီ… တော်ကြာ ငါတို့စားစရာမရှိတော့ဘဲ နေတော့မယ်… ဒါတင်မကသေးဘူး… အခုငါတို့တွေ တောနက်ကြီးထဲ တော်တော်ရောက်နေပြီ… တော်ကြာငါတို့ မျက်စေ့မှောက်လမ်းဆုံးပြီး ဘာမှမလုပ်တတ်ဘဲ နေမှာစိုးတယ်။”

ဖားဂဲ့ , “မလိုပါဘူးကွာ… မပူနဲ့… စားဘို့ကဟိုအကောင်လေး… ဒီအကောင်လေးလျှောက်ပစ်ပြီး ဒီလိုကင်စားလို့ရတာဘဲ… တောနက်လေ ငါတို့လိုချင်တဲ့ အကောင်ရှာပစ်ဘို့ ပိုလွယ်လေပေ့ါ… ခုအိပ်ကြစို့၊ မနက်မိုးလင်းမှ ထွက်ရှာကြရအောင်… တစ်ခုခုများတွေ့မလားလို့။”

သူငယ်ချင်းနှစ်ဦး နှစ်ခြိုက်စွာ အိပ်လိုက်ကြသည်။ မိုးတစ်ဖြေးဖြေး လင်းလာလေပြီ… တောကြက်ဖတို့ ဟိုတစ်ကောင် ဒီတစ်ကောင် ထတွန်ကြရာ… သူငယ်ချင်းနှစ်ဦးမှာ ထ၍ထမင်းဟင်းချက်စားကြပြီး သူတို့သေနတ်ကို သူတို့စစ်ဆေးပြီး သေနတ်ကိုယ်စီလွယ်ကာ သားကောင်ထွက်ရှာပြန်သည်။ တစ်အောင့်ကြာကြာအထိ ဘာမျှထူးထူးခြားခြားမတွေ့သဖြင့် နားရန်ဆုံးဖြတ်လိုက်ကြသည်။ သို့နှင့်သူတို့ သေနတ်နှစ်လက်ကို သစ်ပင်ဘေးတွင်ထောင်ထားပြီး လှဲ၍အနားယူကြသည်။ တစ်အောင့်အကြာတွင် ဖားဂဲ့၏သေနတ်မှာ ဘုတ်ကနဲ လဲကျသွားလေသည်။ သူတို့နှစ်ဦး အလန့်လန့်အဖြန့်ဖြန့်နှင့်ထပြီး အချင်းချင်းမေးကြသည်။

ဖားဂဲ့, “ဟေ့… သူငယ်ချင်း… မင်းငါ့သေနတ်ကို တိုက်ချလိုက်မိလား”
ဖားဘော်, “ဘာဆိုင်လို့လဲ… ငါမျက်စေ့နှစ်လုံးလုံး ပိတ်ပြီးအိပ်နေတာ… ငါက မင်းတစ်ခုခုတွေ့လို့လှမ်းယူတာ လက်ချော်ပြီးလဲကျသွားတယ်လို့ မှတ်နေတာ။”



ဖားဂဲ , "ဘယ်ကဟုတ်ရမှာလဲ ... သူ့ဖာသာသူလဲကျသွားတာ... တစ်ခုခုများလာတိုက်ချလားမသိဘူး။"
ဖားဘော်, "မသိဘူးလေ... ကဲကဲ... ဒါဆို ဒို့ဆက်မသွားတော့ဘူး... ငါတို့နားနေရာကို ပြန်ကြစို့။"
ဖားဂဲ, "ကောင်းပြီ... ဒါဆို ငါတို့ပြန်ကြတာပေါ့... ငါတို့အခုလာတာလည်းဘာမှမတွေ့ဘူး။"
သူတို့နှစ်ဦး သူတို့နားနေရာတွင် ဆောက်လုပ်ထားသော တဲဆီသို့ ပြန်လာကြသည်။ တစ်အောင့်တစ်နားနားကာ ထမင်းဟင်းချက်စားပြီး ထိုင်၍ရောက်တတ်ရာရာ ပြောဆိုကြပြန်သည်။

ဖားဘော်, "သူငယ်ချင်းရယ်... ငါစိတ်သိပ်လေးတာဘဲ... ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေကပြောကြတယ်... တောလိုက်တဲ့အခါ သေနတ်လဲမကျရဘူး... တစ်ကယ်လို့ လဲကျခဲ့ရင်... စိုးရိမ်စရာရှိတယ်တဲ့"
ဖားဂဲ, "အေး... ဟုတ်တယ်၊ ငါလဲစိတ်လေးတာဘဲ... ဒါကြောင့် မနက်ဖြန်ကြရင် ငါတို့အိမ်ပြန်ကြစို့... မကောင်းဘူးလား။"
ဖားဘော်, " ကောင်းတယ်သူငယ်ချင်း... ဆက်သွားလို့လဲ အကျိုးရှိမယ် မထင်တော့ပါဘူးကွာ"

သူတို့နှစ်ဦးပြောဆိုကြပြီး အတူအိပ်စက်ကြသည်။ လအနည်းငယ်သာသဖြင့် အတော်အသင့်မြင်ရသည်။ ညသန်းခေါင်အချိန်တွင် ဖားဂဲမှာ အပေါ့သွားရန်နိုးလာသည်။ သူထပြီး ဘေးသို့အနည်းငယ်သွားပြီး အခြားတစ်ဖက်သို့ ကြည့်လိုက်ရာ ထူးဆန်းသောစွတ်ကြောင်းတစ်ခုကို တွေ့လိုက်ရသည်။

အမဲတစ်ကောင်ကောင်၏ စွတ်ကြောင်းနှင့် တူနေလေသည်။ သူသည် ပြန်၍သေနတ်ကိုယူပြီး ဖားဘော်ကိုလည်း ခေါ်မနိုးတော့ဘဲ အသာကလေး စွတ်ကြောင်းအတိုင်း လိုက်သွားလေသည်။ သူလိုက်ခဲ့သည်မှာ တော်တော်ဝေးဝေးသို့



ရောက်ခဲ့ပြီ… စိတ်တစ်ခြား ကိုယ်တစ်ခြားဖြစ်နေ၏။ အရာအားလုံး တိတ်ဆိတ်နေလိုက်သည်မှာ တစ်ခုခုက သူ့ကိုချောင်းမြောင်းနေသလို ခံစားရသည်။ ဝါးရုံတောတစ်ခုဘေးသို့ ရောက်သောအခါ စွတ်ကြောင်းမှာလည်း ပျောက်သွားလေသည်။ သူပတ်ပတ်လည်သို့ လှည့်ပတ်ကြည့်သော်လည်း ဘာမျှမတွေ့သဖြင့် ပြန်ရန်ဆုံးဖြတ်လိုက်လေသည်။ သူလှည့်လိုက်စဉ် ဝါးရုံအနောက်မှ တစ်ခုခုလှုပ်သွားသလို ထင်လိုက်မိသည်။ သူသည် သေနတ်မောင်းကွင်းထဲသို့ လက်ကိုထည့်လိုက်ပေပြီ။

သူ့သေနတ်မပေါက်ကွဲမှီ ရုတ်တရက် တောဝက်တစ်ကောင် သွားအဖွဲသားဖြင့် သူ့ထံသို့ တစ်ဟုန်ထိုးပြေးဝင်လာပြီး သူ၏နလုံးတည့်တည့်သို့ ကိုက်ဖြဲလိုက်လေသည်။ ဖားဂဲမှာ သတိမထားလိုက်မိသဖြင့် လန့်ဖြန့်ပြီး သေနတ်လည်း ပြုတ်ကျသွားကာ လက်တစ်ဖက်ဖြင့် သူ့ရင်ပတ်မှ နာသောနေရာကိုကိုင်ရင်း မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ တစ်အောင့်အကြာတွင် သူအသက်ထွက်သွားလေသည်။ ဖားဘော်တစ်ယောက်မှာ မူအိပ်ယာမှနိုးလာသောအခါ ဖားဂဲကိုလိုက်ရှာရာ မည်သည့်နေရာတွင်မှမတွေ့ရသည့်အတွက် သေနတ်ကိုယူပြီး ဟိုဒီလျှောက်ကြည့်ရာ ဖားဂဲတွေ့ခဲ့သောစွတ်ကြောင်းကို တွေ့ရလေသည်။ သူလည်း ထိုလမ်းကြောင်းအတိုင်းလိုက်ခဲ့ရာ လမ်းအဆုံးတွင် ဖားဂဲအား အစန့်သားလှဲနေပြီး မျက်လုံးအစုံပြူးလျက်သား တွေ့လိုက်ရသည်။ သူလျှင်မြန်စွာ ပြေးသွားပြီး ခေါ်လိုက်သည်။

“ဟေ့… ဖားဂဲ … ဘာလို့ဒီမှာလာအိပ်နေတာလဲ” သို့ပေမဲ့ စကားပြန်မရသဖြင့် သူ့မျက်နှာအား သေချာစွာကြည့်ပြီး ကိုယ်အားကိုင်ကြည့်ရာ အေးစက်နေသည်ကို တွေ့ရသည်။ ဤတွင် သူခေါင်းနပန်းကြီးသွားလေသည်။ သူသည် ဖားဂဲအလောင်းအား မျက်ရည်မျက်ခွက်နှင့် ထမ်းလိုက်လေသည်။ ပြီးလျှင် နားနေရာသို့ပြန် လာလေသည်။ သူစိတ်ထိခိုက်လှသည်။ အတူလာသော သူငယ်ချင်းမှာ မျက်စေ့တစ်မှိတ်အတွင်း သူ့အားထားခဲ့လေပြီ။ သူအမျိုးမျိုးတွေး



သော်လည်း ဘာလုပ်ရမည်ကို မသိတော့ပါ။ သူစဉ်းစားမိသည်မှာ သူဖားဂဲအား ထားခဲ့ပြီး တစ်ယောက်ထဲပြန်သွားပါက ဖားဂဲသားမယားများက သူ့ကိုအပြစ် တင်မည်စိုး၍ ဖားဂဲအလောင်းအား ရွာသို့ပြန်သယ်ရန် ဆုံးဖြတ်လိုက်လေ သည်။ သူသေနတ်အားလွယ်ပြီး သူငယ်ချင်းအလောင်းအား ပုခုံးပေါ်ထမ်းလိုက် သည်။ သူသွားပြီး တစ်အောင့်ကြာကြာလောက်ရှိလျှင် သူ့သူငယ်ချင်းအ လောင်းမှာ ကြာလေလေးလေ ခံစားရသည်။ ပြီးနောက် သူ့နောက်ကျောတစ်ခု လုံး ချမ်းလာလသည်။ ကြောက်စိတ်ကယ်ထိပ်ထိ ရောက်လာလေသည်။ သူသည် သူ့သူ ငယ်ချင်းအလောင်းအား မြေပေါ်သို့ဖုတ်ကနဲပစ်ချလိုက်ပြီး သူ့သူ ငယ်ချင်းအားကြည့်ရာ မျက်လုံးအစုံမှာ ပြူးကြယ်နေသည်ကို တွေ့ရသည်။ သူပိတ်ပေးသော်လည်း ပြန်၍ပွင့်ပွင့်လာရာ သူအရမ်းကြောက်လန့်သွားပြီး ခြေ လက်များတုန်ကာ ကြက်သီးမွေးညင်းများပင် ထလာပါသည်။ တစ်ဆက်တည်း မှာပင် အပုပ်နံ့ကမခံမရပ်နိုင်လောက်အောင် ထလာလေသည်။ ထို့ပြင် အရာ ခပ်သိမ်းမှာ တိတ်ဆိတ်လွန်းလှရာ သူအလွန်အမင်း ကြောက်စိတ်လန့်သွားပြီး ချာကနဲလှည့်ကာ ဘယ်ညာပင်မကြည့်တော့ဘဲ ခြေဦးတည့်ရာသို့ တစ်ဟုန်ထိုး ပြေးလေတော့သည်။

သူပြေးလိုက်သည်မှာ အသက်ရှုသံဟူးဟူးမြည်သည်အထိဖြစ်ပြီး ဘေးဘီသို့ ကြည့်လိုက်ရာ လမ်းမတွေ့တော့သဖြင့် သူလာလမ်းမဟုတ်တော့မှန်း သိလိုက် လေသည်။ သူလမ်းမှားသွားပြီ။ နေလည်းအတော်အတော်စောင်း သွားပြီဖြစ်ရာ စိတ်ကိုတင်းပြီး ခြေလှမ်းမြန်မြန်လှမ်းလေသည်။ အတန်ကြာလျှောက်ပြီးသော အခါ နေဝင်သွားပေပြီ။ သူအလွန်အမင်းကြောက်သော်လည်း သစ်ပင်တစ်ပင် အောက်၌ အိပ်လိုက်လေသည်။

အခြားတစ်နေရာမှ မုဆိုးသားအဖနှစ်ဦး အတူတစ်ကွ အမဲပစ်ထွက်လာကြရာ ခြေရာတစ်ခုကိုတွေ့ပြီး ခြေရာနောက်သို့ လိုက်ခဲ့လေသည်။ လိုက်ရင်းလိုက်ရင်း ဖြင့် နောက်ဆုံးတွင် ပြောင်အကြီးကြီးတစ်ကောင်ကို သစ်ပင်အောက်တွင်တွေ့



လိုက်ရသည်။ ဖခင်က သေနတ်ကိုမောင်းတင်ပြီး ပစ်လိုက်သည်နှင့် ထိုပြောင်ကြီးမှာ အော်ဟစ်လိုက်ရာ လူသံနှင့်တူနေလေသည်။ လူကြီးက သေသေချာချာ စူးစိုက်ကြည့်လိုက်သောအခါ လူတစ်ယောက်ဖြစ်နေလေသည်။ ဖားဘော်မှာထမင်းမစားရ၍ မောပန်းပြီး ဗိုက်နာနေရသည့်အထဲ ခြေထောက်ကိုသေနတ်အပစ်ခံရရာ အလွန်အမင်းခံစားရလေသည်။

"ငါကြည့်တုန်းကပြောင်တစ်ကောင်ပါ... လူမဟုတ်ဘူး... ငါမင်းကို ပြောင်အဖြစ်နဲ့ မြင်ရလို့ပစ်လိုက်တာပါ" ဟုပြောလေသည်။

ဖားဘော်မှာ ဘာမျှပြန်ပြောချင်စိတ်မရှိတော့ပါ။ နာကျဉ်လွန်းသဖြင့် ညည်းနေလေသည်။ သားအဖနှစ်ယောက် ဖားဘော်ကိုထမ်းပြီး ရွာရှိသူ့အိမ်သို့ ပြန်ပို့လေသည်။ လမ်းတွင် ဖားဘော်၏အသက်မှာ အပ်ချည်တစ်မျှင်စာလောက်သာ ကျန်လေတော့သည်။ ဤအဖြစ်အပျက်အားလုံးမှာ တောနက်ကြီး၏မာယာ သို့မဟုတ် တောခြောက်ခြင်းသာ ဖြစ်လေသည်။ မည်သည့် အချိန်မဆိုမုဆိုးများအား လှည့်ဖြားသောတောနက်ကြီး၏ အံ့သြဘွယ်ရာအကြောင်း ဖြစ်ပေသည်။ ရှေးလူကြီးများက "တစ်ခါတစ်လေ သားကောင်ကိုလိုက်တာ ကိုယ်ကိုယ်တိုင်က သားကောင်ဖြစ်သွားတတ်တယ် "ဟူ၍ပြောလေ့ရှိ သည်။



# သက်ဆုံးတိုင်သစ္စာခိုင်

ရှေးဘိုးဘေးတို့၏ယုံကြည်မှုနှင့်မှတ်သားချက်များ

၁။ တောင်ယာထဲမှ သစ်ပင်တစ်ပင်လဲကျလျှင် တောင်ယာပိုင်ရှင် မိသားစုထဲမှ တစ်ယောက်ယောက်အိမ်ထောင်ကျလိမ့်မည်။

၂။ အိမ်မှထွက်သောအခါ တစ်ယောက်ယောက်နှာချေလျှင် ခရီးမထွက်သင့်ပါ။ အနှောင့်အယှက်တွေ့ရတတ်သည်။

၃။ နေဝင်ချိန်အိပ်တန်းတက်သည့်အခါ ကြက်ဖတွန်ပါက မကောင်းပါ။ အိမ်သူအိမ်သားတစ်ဦးဦး ဒုက္ခရောက်မည်ဖြစ်၍ ထိုကြက်ကို မမွေးရတော့ပါ။ ချက်စားပစ်ရမည်။

၄။ ဖားရှာ၊ ငါးရှာထွက်လျှင်ငွေယူမသွားရပါ။ ငွေယူသွားပါကဖား၊ ငါးရှာမရပါ။

ရွာတစ်ရွာ၌ နော်ဖေါအယ်ဟုခေါ်သော မိန်းမပျိုလေးတစ်ဦးရှိသည်။ မိဘများမှာသမန်လက်လုပ်လက်စားသမားများဖြစ်သည်။ နော်ဖေါအယ်မှာ တစ်ဦးတည်းသောသမီးဖြစ်ရာ မိဘများမှာ သမီးလေးမျက်နှာမငယ်ရအောင် ကြိုးစား၍ ကျောင်းထားလေသည်။ ပညာသင်ရန်အတွက် မိဘများနှင့်ဝေးရာသို့ သွားရပေမည်။ မိဘများက သမီးလေးအား ကျောင်းစည်းကမ်း လိုက်နာရန်၊ ဆရာ၊ ဆရာမများ၏ စကားကိုနားထောင်ရန်နှင့် စာကြိုးစားရန် အမြဲသွန်သင်လေသည်။ သမီးလေးမှာလည်း ကျောင်းစည်းကမ်းလိုက်နာပြီး လိမ္မာရေးခြားရှိသဖြင့် အခက်အခဲမရှိဘဲ တစ်နှစ်တစ်တန်း အောင်မြင်လေသည်။

ဤနှစ်မှာ ဖေါအယ်၏ စာသင်နှစ်နောက်ဆုံးနှစ်ဖြစ်သော ဆယ်တန်းတက်ရမည့်နှစ်ဖြစ်သည်။ ဒီနှစ်တွင် ဖေါအယ်မှာ အပေါင်းအသင်းမှားပြီး သွေးဆောင်ဖျားယောင်းခြင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမိလေသည်။



ဖေါ အယ်မှာ ဂေးဂေးဆိုသော သူ့အတန်းဖော်နှင့် ပေါင်းမိလေသည်။ ဂေးဂေးမှာ အပေါင်းအသင်းများ၍ စကားကြွယ်ပြီး မျက်နှာများသူဖြစ်သည်။ ရည်းစားထား ခြင်းမှာ သူ့အတွက်အဆန်းမဟုတ်ပါ။ ဖေါအယ်မှာမူ ချစ်သူမထားဘူးသူဖြစ် သဖြင့် အတွေ့အကြုံမရှိသေးပါ။ အချစ်အကြောင်းလည်း မစဉ်းစားဘူးပါ။ တစ်နေ့ ဂေးဂေးသည် ဖေါအယ်ထံသွားကာ ဤသို့ပြောလေသည်။

"ဖေါအယ် … နင်တစ်ယောက်ကလဲ ဆယ်တန်းတောင်ရောက်ပြီ… အတွဲလဲမ ရှိသေးဘူး… တနင်္ဂနွေနေ့တွေ၊ ကျောင်းပိတ်ရက်တွေမှာ အခန်းဘဲအောင်းနေ တာ ပျော်စရာလဲမကောင်းဘူး… ငါ့ကိုကြည့်စမ်း… အားလပ်ရက်တွေမှာ ချစ်သူနဲ့လျှောက်လည်တာ… အားမကျဘူးလား… အရမ်းပျော်စရာကောင်း တယ်… အပန်းလည်းဖြေ… ဦးနှောက်လည်းရှင်း"

ဖေါအယ်နားထောင်ပြီး "မင်းပြောတာဟုတ်ပါတယ်… ဒါပေမဲ့ ငါတော့ အဲလို မလုပ်ရဲပါဘူး… တော်ကြာလူကြီးတွေပြောသလို… မတူရင်မတုနဲ့ (မျောက်က လိပ်ကိုအတုခိုးတော့ မျောက်ဘဲဒုက္ခရောက်ရတယ် ) တဲ့… ဒါကြောင့် ငါမလုပ် ရဲဘူး… လုပ်လဲမလုပ်တတ်ဘူး" ဟုပြန်ပြောလိုက်သော်လည်း သူမ၏ စိတ် ထဲအတွေး တစ်မျိုးပြီးတစ်မျိုး ဝင်လာလေသည်။ ဂေးဂေးမှာမူ အိမ်ပြန်ရောက် ပြီး သူမ၏သူငယ်ချင်း စောထူးအယ်ထံသွားပြီး ဖေါအယ်အား စာပေးရန် မြှောက် ပေးလေသည်။

ထူးအယ်က "ဖေါအယ်ဟာ တော်ရုံတန်ရုံ မိန်းကလေးမဟုတ်ဘူး… အရမ်း လုပ်လို့ မဖြစ်ဘူး… ငါ့ကိုလည်းကြိုက်မှာမဟုတ်ပါဘူး " ဟုပြန်ပြောလေသည်။ ဒါပေမဲ့ ဂေးဂေးက ထပ်ပြီး "မပူနဲ့ … ရေးသာရေး… ကျန်တာငါ့တာဝန်ထား" ဟုပြောရာ ထူးအယ်မှာ အားတက်လာပြီး စာရွက်နှင့်ဘောပင်ယူပြီး ဖေါအယ် ထံ စာရေးလိုက်လေသည်။ ဂေးဂေးမှာ ဖေါအယ်ထံသွားရောက်စာပေးပြီး အိမ်ပြန်လာလေသည်။ ဖေါအယ်မှာ ရင်တုန်ပန်းတုန်ပြီး အခြားလူ တွေ့သွားမှာ လည်း စိုးလှသည်။ ကတုန်ကရင်ဖြင့် စာကိုဖွင့်ဖတ်လိုက်လေသည်။

"ညီမလေးဖေါ်အယ်သို့… တစ်ခုလောက်ပြောပါရစေ… မိန်းကလေးတွေထဲမှာ ဖေါ်လောက်လှတာ တစ်ယောက်မှမတွေ့ဖူးဘူး… မင်းတစ်ယောက်ထဲ့ရဲ့ အလှတွေဟာ… ဒို့ကိုအရမ်းဆွဲဆောင်လွန်းလို့ မမြိုသိပ်နိုင်ဘဲ စာရေးလိုက်မိတယ်… ဒို့ဘဝတစ် လျှောက်လုံး ဖေါ်နဲ့လက်တွဲသွားချင်တယ်… ဘယ်လိုလဲ… ဖြစ်နိုင်မဖြစ်နိုင် ပြန်ဖြေပေးပါနော်…

မှ, ထူး

စာဖတ်ပြီးသည်နှင့် ဂေးဂေးမှာ သူ့အနားသို့ ပြုန်းကနဲပေါ်လာရာ သူ့မှာအလန့်လန့်အဖြန့်ဖြန့်နှင့် စကားပင်ပြောမထွက်တော့ပါ။
ဂေးဂေးမှာ မူဖေါ်အယ်ကို "ဘယ်လိုလဲ… လက်ခံမယ်မဟုတ်လား" ဟုမေးလိုက်သည်။
ဖေါ်အယ်မှာ မှင်တက်စွာဖြင့် "ဒါတော့မလွယ်ဘူး… ငါ့မိဘတွေက ငါ့ကိုအရမ်းမျှော်လင့်ထားတာ" ဟုပြန်ပြောလိုက်လေသည်။
ဂေးဂေးမှာ မတ်တတ်ရပ်ပြီး ဖေါ်အယ်၏စကားကို ဖြတ်ကာ "မပူနဲ့ဖေါ်အယ်… ထူးအယ်ဟာ ချမ်းသာပေမဲ့ ဘဝင်မမြင့်ဘူး… ရိုးရိုးအေးအေးဘဲနေတယ်… သဘောကောင်းပြီး စကားလဲနည်းတယ်… မင်းသာလက်ခံလိုက်… ငါမင်းတို့နှစ်ယောက်လုံးအတွက် စီစဉ်ပေးမယ်" ဟုပြောလိုက်လေသည်။
ဂေးဂေးအဆွယ်ကောင်းမှုကြောင့် ဖေါ်အယ်နှင့်ထူးအယ်မှာ ချစ်သူဘဝသို့ ရောက်ရှိကာ တစ်ဦးနှင့်တစ်ဦး တစ်နေ့ထက်တစ်နေ့ အချစ်တိုးပြီး အချစ်မြစ်များ တဖြေးဖြေးခိုင်မြဲလာသည်။ အခုတော့ဖြင့် ဂေးဂေး လုပ်သကဲ့သို့ ဖေါ်အယ်လဲ လုပ်တတ်လာပြီး မိဘများ၏ ဆုံးမစကားများကို သတိမရတော့ပါ။ ဂေးဂေးအတွက်မှာ ဤအကြောင်းအရာများမှာ အဆန်းတစ်ကြွယ်မဟုတ်တော့ပါ။
ထူးအယ်နှင့်ဖေါ်အယ်မှာ မူနှစ်ဦးစလုံးအချစ်ဦးများဖြစ်သောကြောင့် အချစ်အမြစ်ကို ဖြတ်၍မရတော့ပါ။ အချစ်ဦးမို့ အချစ်မူးပြီး အချစ်နွံအတွင်းသို့ စုန်းစုန်းမြုပ်သွားကြလေတော့သည်။



ဖေါ်အယ်သည် မိဘထံမပြန်ရဲတော့သဖြင့် ထူးအယ်နှင့်အတူနေခဲ့လေသည်။ ဖေါ်အယ်မိဘနှစ်ပါးမှာမူ ဘာမျှမသိရှာ။ ဒီနှစ်သည် သမီးကလေး၏ ပညာသင်နှစ်နောက်ဆုံးနှစ်ဖြစ်သဖြင့် မည်မျှပင် ပင်ပန်းပါစေမမှုဘဲ မျှော်လင့်ချက်ကြီးစွာဖြင့် အလုပ်လုပ်ရှာသည်။ တစ်နေ့တွင် ဖေါ်အယ်အမေနှင့်အဖေတို့ သူတို့တောင်ယာသို့သွားရာ သူတို့တောင်ယာထဲတွင် သစ်ပင်တစ်ပင်ကျိုးကျနေသည်ကို တွေ့သဖြင့် အချင်းချင်း အိမ်ထောင်ရေးနှင့်ပတ်သက်သည့် ကြောင်းများပြောမိကြသည်။ အိမ်တွင်လည်း အိမ်ထောင်ပြုရန် အလားအလာရှိသူဆို၍ သမီးကလေးတစ်ယောက်မှလွဲ၍ မည်သူမျှမရှိ။ သူတို့အလွန်စိတ်ပူသွားပြီး သမီးကလေးထံသို့ သတိပေး၊ အားပေးစာရေးသားလိုက်လေသည်။ ဖေါ်အယ်မှာ သူ့မိဘထံမှ စာကိုလက်ခံရရှိပြီး ဖွင့်ဖတ်လိုက်လေသည်။

သမီးကြီး

ဒီနှစ်ဟာ သမီးလေးရဲ့ ပညာသင်နှစ် နောက်ဆုံးနှစ်ဖြစ်တယ်… အကောင်းဆုံးဖြစ်အောင် ကြိုးစားနော်… ချစ်သူမရှာနဲ့… နှစ်တိုင်းဂုဏ်ထူးနဲ့အောင်သလို… ဒီနှစ်လဲ ထူးထူးချွန်ချွန်နဲ့ အောင်မယ်လို့ မိုးမိုးပါးပါးတို့ မျှော်လင့်တယ်…

သမီးကြီးကိုချစ်တဲ့, မိုးမိုး … ပါးပါး

ဖေါ်အယ်မှာ စာဖတ်ပြီး မျက်ရည်များ ပါးပေါ်သို့ တစ်သွင်သွင် စီးကျလာလေသည်။ ဖေါ်အယ်အတွက် နောက်ကျသွားလေပြီ။ သည်းအူကြွေမတတ် ငိုကြွေးရုံမှတစ်ပါး ဘာမျှမလုပ်တတ်တော့ပါ။ ထိုအချိန်မှာပင် ထူးအယ်က အနားရောက်လာကာ ဖေါ်အယ်ကိုကြည့်၍ "ဖေါ်… ဒီလိုဖြစ်ရတာ ဒို့အပြစ်ပါ … ခု… ဖေါ်သဘောဘဲ … ဒို့ကတော့ ဖေါ်ကိုချစ်တဲ့အချစ်စိတ်ကို ဖြတ်ပစ်လို့မရတော့ဘူး … ဖေါ်ဘယ်လိုဆုံးဖြတ်မလဲ "

ဖေါ်အယ်မှာ သူ့ခင်ပွန်းစိတ်ထိခိုက်မှန်းသိ၍ "အို… ထူးရယ် … ထူးနဲ့ဖေါ်ဟာ တစ်သားထဲဖြစ်သွားပြီ… ထူးမပြတ်နိုင်သလို ဖေါ်လဲအဖြတ်မခံပါဘူး…

ကောင်းသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဖေါကထူးကို သေတဲ့အထိ မခွဲဘူး... ဖေါကိုယ် ဖေါထူးလက်ထဲအပ်လိုက်ပြီ''ဟုပြန်ပြောလိုက်လေသည်။
ထိုအခါမှ ထူးအယ်သည် သူ့ဇနီးစကားကြောင့် စိတ်သက်သာရာရ လေသည်။ ဖေါအယ်မှာ ငိုရင်းနှင့်ထူးအယ်ကို စကားပြောနေလေသည်။ ပြီးနောက် သူ့မိဘထံသို့ စာပြန်ရေးလေသည်။ သူမမှာ မှားခဲ့ပြီးဖြစ်၍ မိဘများဆူလျှင်လည်း ခံရမည်ဖြစ်သည်။ သို့သော်လည်း အိမ်သို့မူ မပြန်၍ရဲသေးပါ။ ဖေါအယ်စာရောက်သည်နှင့် တစ်ပြိုင်နက်မိဘနှစ်ယောက်မှာ ဝမ်းသာအားရနှင့် အလုအယက် ဖွင့်ဖတ်လိုက်ကြသည်။

အမိုး၊ အပါး

အမိုးအပါးတို့ရဲ့မျှော်လင့်ချက်ကို သမီးဖျက်ဆီးမိပါပြီ... လောကရဲ့စုံစမ်းနှောင့်ယှက်ခြင်းဒဏ်ကို ခံနိုင်ရည်မရှိဘဲ မျောပါသွားမိပါပြီ... အခုသမီးလက်ထပ်ပြီးပါပြီ... သမီးယောက်ျားဟာ **သဘွါ** (သူကြီး သို့မဟုတ် အသက်ကြီးပြီး ဂုဏ်သရေရှိသူကို တင်စားခေါ်ဝေါ်သည့် အသုံးအနှုန်း) ထူးဂေးရဲ့သား ဖြစ်ပါတယ်... သမီးမိုက်ကို ခွင့်လွှတ်ပြီး ဆက်လက်လက်ခံနိုင်ရန် မျှော်လင့်ပါတယ်...

အမိုး၊ အပါးတို့ကိုချစ်သော
သမီး – ဖေါအယ်

ဖေါအယ်မိဘနှစ်ဦးမှာ သမီး၏စာကိုဖတ်ပြီးသည်နှင့် အလွန်စိတ်ထိခိုက်ပြီး... မိခင်မှာမူ အတန်ကြာကြာ သတိလစ်သွားလေသည်။ သူသတိရလာသောအခါ သူ့ခင်ပွန်းမျက်နှာကိုကြည့်ပြီး "အဖေကြီးရယ်... အခုတော့ ကျမမျှော်လင့်ချက်တွေ လွဲချော်ကုန်ပြီ... ဘယ်လိုလုပ်ရမလဲ" ဟုပြောလိုက်လေသည်။ သို့သော် သူတို့၏သမီးကို ချစ်မြဲချစ်နေဆဲပါ။ ဖေါအယ်၏ ယောက္ခမမှာ လူကုံထန်ဖြစ်သော်လည်း သူတို့အတူတကွနေဖူး၍ အကြောင်းသိဖြစ်သည်။ ထို့ကြောင့် လင်မယားနှစ်ယောက် အချင်းချင်း ပြောဆိုဆွေးနွေးကြသည်။



“အင်း… သဘ္ဘါထူးဂေးဟာ ဘဝင်မမြင့်ဘူး… ဆင်းရဲ၊ ချမ်းသာမရွေးပေါင်း သင်းတတ်တယ်။ ဒို့သိပ်စိတ်ပူစရာမလိုပါဘူးလေ၊ ဒို့တွေကတော့ ဘာမှမရှိဘူး၊ ဖေါအယ်တို့နှစ်ယောက် အချင်းချင်းချစ်ရင်တော်ပါပြီကွယ်… သစ်ပင်ကကျိုးကျ နေမှတော့ ဒို့တွေလဲလိုက်နာရုံဘဲပေါ့… တစ်ခြားဘာလုပ်လို့ရမှာလဲ”

ဖေါအယ်မိခင်က သူ့မောင်ကိုခေါ်ပြီး သူ့တူမအခြေအနေအား သွားရောက်ကြည့်ခိုင်းလေသည်။ ဦးလေးဖြစ်သူမှာလည်း အစ်မခိုင်းသကဲ့သို့ တူမအားသွားတွေ့ရန် ပြင်ဆင်ပြီး အိမ်ပေါ်မှအဆင်းတွင် သူ၏တူငယ်ငယ်လေးတစ်ဦးက “ဟတ်ချိုး” ဟုချေလိုက်လေသည်။ သို့သော် သူ့မှာသွားစရာရှိသည်ဖြစ်၍ မရပ်ဘဲ ဆက်သွားလေသည်။ သွားနေကျမဟုတ်သဖြင့် ဖေါအယ်ယောက္ခမအိမ်အားသူမသိပါ။ နော်ဂေးဂေး၏ အိမ်သို့ရောက်သွားပြီး သူ့တူမ၏ သတင်းကို နော်ဂေးဂေးမိဘများထံ စုံစမ်းလေသည်။ ထိုအခါ နော်ဂေးဂေးကကြားပြီး ဖေါအယ်ထံသို့သွား၍ သူမဦးလေးလိုက်လာကြောင်း သွားပြောလေသည်။ သူ့ဦးလေးလိုက်လာကြောင်း ကြားသည်နှင့်တစ်ပြိုင်နက် ဖေါအယ်သည် ထူးအယ်၏ အဖိုးအဘွားအိမ်သို့ သွားပုန်းနေလေသည်။ ထိုအချိန်၌ ထူးအယ်မှာ အိမ်တွင်မရှိ၍ သူ့ဇနီးထွက်သွားသည်ကို မသိလိုက်ပါ။ နော်ဂေးဂေးမှာမူ ဖေါအယ်ကို ပြောပြီးသည်နှင့် ပြန်သွားလေသည်။

ဖေါအယ်ဦးလေးမှာ ထူးအယ်အိမ်သို့ရောက်သွားသည့်အခါ မည်သူ့ကိုမျှမတွေ့ပါ။ တစ်အောင့်အကြာတွင် ထူးအယ်ရေချိုးရာမှ ပြန်တက်လာသည်ကို တွေ့၍ ဖေါအယ်ကိုမေးလေသည်။ ထူးအယ်မှာဖေါအယ်ထွက်သွားသည်ကို မသိလိုက်၍ သူရေချိုးသွားစဉ်က ဖေါအယ်အိမ်မှာပင်ရှိသည် ဟုပြန်ဖြေလေသည်။ ဖေါအယ်တစ်ပိုတစ်ပါးသွားသည် ဟုသူထင်လိုက်သည်။ ညနေစောင်းသည်အထိ ဖေါအယ်ပြန်မလာသဖြင့် ထူးအယ်စိတ်ပူလာသည်။ ဖေါအယ်သူ့ဦးလေးကို ကြောက်၍ပြေးပုန်းမှန်း သူရိပ်မိလိုက်လေသည်။ မိုးလင်းသည်အထိ ဖေါအယ်ပြန်မလာပါ။



ထိုအခါ ထူးအယ်နှင့် ဖေါအယ်ဦးလေးနှစ်ယောက်လုံး စိတ်ပူလာလေသည်။ ဖေါအယ်ပြန်မလာသဖြင့် သူတို့ထွက်ရှာကြသည်။ သုံးရက်မြောက်သည်အထိ ရှာမတွေ့သဖြင့် သူမဦးလေးမှာ ဒီတစ်ညအထိသာ စောင့်တော့မည်။ သူ့တူမ ပြန်မလာပါက သူမ၏မိဘများအား ထိုအတိုင်းဘဲပြန်ပြောမည် ဟုဆုံးဖြတ်လိုက်လေသည်။ ထူးအယ်မှာမူ ဖေါအယ်ဦးလေးအား မပြန်သေးဘဲ သူ့မိန်းမအား ကူရှာရန် ဆွဲထားလေသည်။

သုံးရက်ပြည့်သောအခါ ဖေါအယ်မှာ သူ့ဦးလေးပြန်သွားလောက်ပြီ ဟုတွက်လိုက်လေသည်။ သို့သော် တူဝရီးနှစ်ဦးမှာ သူမအား ရှာဖွေဆဲပင်ဖြစ်သည်။ ထိုသို့ ရှာနေစဉ် ဖေါအယ်အဝေးမှ ပြန်လာသည်ကို တွေ့သည်နှင့် လမ်းကြားထဲသို့ ဝင်ပုန်းနေလိုက်သည်။ ဖေါအယ် တစ်ဖြေးဖြေးနီးလာပြီး သူမဦးလေးပုန်းနေသည့်နေရာအရောက်တွင် သူမဦးလေး ရုတ်တရက်မတ်တပ်ရပ်လိုက်ရာ သူမမှာ လန့်ဖြန့်ပြီးခြေဖျား၊ လက်ဖျားများပင်အေးသွားလေသည်။ ထို့နောက် တူဝရီးသုံးဦးသား ထူးအယ်၏အိမ်သို့ ပြန်လာပြီး စကားအေးအေးဆေးဆေး ပြောကြလေသည်။ အိမ်တွင်ကျန်ခဲ့သော ဖေါအယ်မိဘနှစ်ဦးမှာနေမထိ၊ ထိုင်မထိဖြစ်နေလေပြီ။ သွားရမည်ကတစ်ရက်၊ ယခုသုံးရက်ရှိပြီ။ ဘာများဖြစ်ပြန်ပြီလဲ ဟုစိုးရိမ်မိကြသည်။ လူကြီးသူမများက ပြောလေ့ရှိသည်မှာ… ခတွေ့ခု ကြိုက်တော့ ဒုက္ခရောက်ဆိုတာ ဒါဘဲဖြစ်မှာဘဲ ဟုတွေးမိလေသည်။ “တစ်နေ့က ငါ့မောင်ကိုမသွားခိုင်းမိရင်ပြီးရော” ဟုပြောပြီး ဖေါအယ်အမေမှာ အလွန်စိတ်ပူပင်သောက ရောက်လေတော့သည်။

တစ်နေ့ပြီးတစ်နေ့ သမီးဖြစ်သူကို မျှော်နေလေသည်။ တစ်နေ့မိုးလင်း၍ အိမ်ရှေ့သို့ကြည့်လိုက်ရာသူ့မောင်အား တူ၊ တူမနှင့်တကွ အတူပြန်လာသည်ကို တွေ့၍ လွန်စွာဝမ်းသာသွားကြလေသည်။ သမီးဖြစ်သူပြန်ရောက်သည်နှင့် မိတ်ဆွေများနှင့် လူကြီးသူမများအားဖိတ်၍ စားပွဲ၊ သောက်ပွဲပြုလုပ်ပြီး ပျော်ရွှင်စွာ တွေ့ဆုံစားသောက်ကြလေသည်။ တစ်နေ့တွင် ဖေါအယ်မှာ ကိုယ်ဝန်စရှိရာ



ငါးဟင်းတစ်ခွက် အလွန်စားချင်လေသည်။ ထူးအယ်မှာ ဖေါအယ်စားချင်သမျှ ရအောင်ရှာဖွေပေးသည်။ ထူးအယ်မှာ အမဲလိုက်၊ သား၊ ငါးရှာရာတွင်ကျွမ်း ကျင်သူဖြစ်သည်။ သူဟင်းစားရှာထွက်တိုင်း မည်သည့်အခါမျှ လက်ချည်းဗလာ ပြန်မလာပါ။

ဒီတစ်ခေါက် သူ့ဇနီးက ငါးဟင်းစားချင်သည်ဆို၍ သူသည် ယောက္ခမပေးသော အိတ်ကိုလွယ်လိုက်သည်။ လူကြီးတို့၏ ထုံးစံအတိုင်း သားသမီးတစ်ဦးဦး အိမ် ထောင်ကျလျှင် သားမက်ကို အိတ်တစ်လုံးပေးလေ့ရှိသည်။ အထဲတွင် ကွမ်းအစ် တစ်လုံးရှိပြီး ထိုကွမ်းအစ်ထဲတွင် ကွမ်းသီး၊ ကွမ်းရွက်နှင့် ငွေဒင်္ဂါးကို ထည့်ပေး လေ့ရှိသည်။

ထူးအယ်မှာ သတိမထားမိဘဲ ပိုက်ကွန်ကိုယူကာ မြစ်ထဲသို့ ငါးရှာထွက်လေ သည်။ မသွားခင် သူ့ဇနီးအား ထမင်းချက်ထားခိုင်းပြီး တစ်အောင့်ကြာလျှင် ငါးဟင်းနှင့် ထမင်းပြန်လာစားမည် ဟုမှာခဲ့လေသည်။ ဤနေ့သည် ထူးအယ်အ တွက် အလွန်ထူးဆန်းလေသည်။ ပိုက်ကွန်ပစ်သော်လည်းငါးမရ၊ တစ်နေကုန် သော်လည်း ငါးလေးတစ်ကောင်မျှမရပါ။ ဖေါအယ်မှာ မူထမင်းချက်၊ ငါးပိ ထောင်းထောင်းထားပြီး ယောကျ်ားဖြစ်သူအား စောင့်လေသည်။ မွန်းလွဲသည့် တိုင် သူမယောကျ်ားပြန်မလာသဖြင့် အလွန်ဆာလောင်လေပြီ။ ဆာသည့်အထိ စောင့်ပြီးမှ ထမင်းနှင့်ငါးဟင်းကို မြိန်ယှက်စွာစားကြမည် ဟုအချင်းချင်း ပြော ကြသည်။

မွန်းလွဲအထိ စောင့်သော်လည်း ထူးအယ်ပြန်မလာပါ။ ညစာပင်ပြန်ချက်ရလေ ပြီ။ ထူးအယ်မှာမူ သူ့ဇနီးအား ကျွေးချင်စိတ်ဖြင့် ကြိုးစားပြီးငါးရှာလေသည်။ ဆာလောင်သော်လည်း ငါးမရသဖြင့် မကျေနပ်ပါ။ ဒီတစ်ခေါက် နောက်ဆုံးအ ကြိမ် ပိုက်ပစ်လိုက်ရာ ငါးရှည်ရှည်သေးသေး သုံးကောင်မိလေသည်။ ဘါဘဲဖြစ် ဖြစ် သူပြန်ရတော့မည်။ အိမ်တွင်ကျန်ခဲ့သော ဖေါအယ်မှာ စိတ်ပူလှစွာဖြင့် မိဘ



နှစ်ဦးအား ထမင်းစားပြီးလျှင် သူ့ယောက်ျားအား သွားရှာမည် ဟုပြောလိုက်သည်။ သူ့ယောက်ျားများ ရေထဲမျောကျသေပြီလား ဟုစိုးရိမ်မိလေသည်။ ထမင်းစားတော့မည့်ဆဲဆဲတွင် ထူးအယ်စိတ်မချမ်းသာစွာဖြင့် ပြန်ရောက်လာလေသည်။ ဖေါအယ်မှာ ယောက်ျားအားမြင်သောအခါ ထမင်းပန်းကန်အား ပြန်ချပြီး ဝမ်းသာအားရနှင့် ယောက်ျား၏အိတ်ကို ငါးဟင်းချက်မည့်စိတ်နှင့် ပြေးယူလိုက်သည်။ ထူးအယ်ဘာမျှမပြောပါ။ ဖေါအယ်မှာအိတ်ထဲမှ ငါးလေး (၃) ကောင်ကိုတွေ့သောအခါ သားအမိသားအဖသုံးဦးသား ကျယ်လောင်စွာ ရယ်မောမိကြလေသည်။ ထူးအယ်မှာမူ စိတ်ဆင်းရဲစွာဖြင့် “ကျွန်တော်တကယ့်ကို စေတနာနဲ့ရှာတာဘဲ ဒါပေမဲ့ရှာမရဘူး... ဘာဖြစ်လို့မှန်းမသိဘူး” ဟု ပြောလိုက်လေသည်။

ဖေါအယ်မှာ ဘာမျှပြောမနေဘဲ ငါးလေးသုံးကောင်အားကင်ပြီး ထမင်းအတူစားကြလေသည်။ ထူးအယ်မှာ အဆာလွန်သည့်အပြင် ငါးရှာမရသဖြင့် ရှက်ကာ ထမင်းကြက်ဥတစ်လုံးစာလောက်သာ စားနိုင်လေသည်။ ဖေါအယ်တို့သားအမိ၊ သားအဖသုံးဦးမှာမူ ငါးလေး ၃ ကောင်ပင်ရှိစေကာမူ ထမင်းစားလိုက်၊ စကားပြောလိုက်နှင့် ထမင်းတစ်အိုးလုံး မည်သို့ကုန်သွားသည်ကိုပင် မသိလိုက်ပါ။ ထမင်းစားပြီးသောအခါ ဖေါအယ်မှာ သူ့ယောက်ျားအိတ်အား ကွမ်းစားရန်နှိုက်ယူလိုက်ရာ... ကွမ်းအစ်ထဲတွင် ငွေကိုတွေ့ရာ သူ့ယောက်ျားအား “ထူး... ထူးငါးရှာမရတာ ငွေကိုလွယ်သွားမိလို့... ရှေးဘိုးဘွားတွေက ဒီလိုပြောလေ့ရှိတယ်... မယုံရင်မနက်ဖြန် ငွေကိုယူမသွားဘဲ ငါးသွားရှာကြည့်... ငါးရကိုရစေ့မယ်”

နောက်တစ်နေ့ မိုးလင်းသောအခါ ထူးအယ်မှာ ပလိုင်းလေးလွယ်ပြီး ပိုက်ကွန်ကိုယူကာ ငါးရှာထွက်ပြန်သည်။ ဤတစ်ခေါက်တော့ဖြင့် ပိုက်တစ်ခါပစ်ငါးရ၊ နှစ်ခါပစ်ငါးရနှင့် တစ်နာရီနီးပါးကြာသောအခါ ငါးများပလိုင်းအပြည့်နှင့် ထူးအယ်ပြန်ရောက်လာပြီး ချက်ပြုတ်ကာ မြိန်ရေယှက်ရေစားသောက်ကြလေသည်။

ဖေါ်အယ်မှာတစ်စတစ်စနှင့် ကိုယ်ဝန်ရင့်မာလာလေသည်။ ထူးအယ်မှာဇနီး၏ ဝမ်းဗိုက်အားကိုင်ပြီး “ငါ့ရဲ့သားဦးဟာ ယောကျ်ားလေးဖြစ်မယ်လို့ မျှော်လင့်တယ်”ဟုအမြဲပြောလေ့ရှိသည်။

မကြာခင် သဘ္ဘါထူးဂေ၏ အလုပ်သမားများမှာ သဘ္ဘါထူးဂေးအား သူ၏ဆင်များ အလုပ်လုပ်သည့်နေရာသို့ သွားကြည့်ပြီး အကျိုးအမြတ်ထုတ်ယူရန် မှာကြလေသည်။ နှစ်တိုင်းနှစ်တိုင်း သဘ္ဘါထူးဂေကိုယ်တိုင် သွားလေ့ရှိသည်။ ဒီနှစ်တော့ဖြင့် သားဖြစ်သူမှာ အိမ်ထောင်ကျပြီဖြစ်၍ သူ့လုပ်ငန်းများအား သားလက်ထဲသို့ အပ်ချင်သဖြင့် သားအား ဆင်ရှိရာအလုပ်စခန်းသို့ သွားရောက်စီမံခိုင်းလေသည်။

ထူးအယ်မှာ ဖခင်ခိုင်းသကဲ့သို့ ခရီးထွက်ရန် ပြင်ဆင်လေသည်။ မသွားခင်ည၌ ဇနီးဖြစ်သူနှင့် တစ်ညလုံးစကားပြောလေသည်။ ဝေလီဝေလင်း ပထမအကြိမ်ကြက်တွန်သည်နှင့် ဖေါ်အယ်အိပ်ယာမှထပြီး ထမင်းဟင်းချက်ပြုတ်ကာ သူ့ယောကျ်ားအတွက် ထုပ်ပိုးပြီး ယောကျ်ားဖြစ်သူအား ထမင်းစားရန်နှိုးလေသည်။ စားသောက်ပြီးသောအခါ သူ့ညီလေးအား သူနှင့်လိုက်ရန် ခေါ်လေသည်။ အိမ်မှမထွက်မီ ဇနီးအား ကျန်းမာရေးဂရုစိုက်ရန်နှင့် သူခရီးသွားတာတစ်လလောက်ကြာမည် ဟုပြောလေသည်။ မှာကြားပြီးသည်နှင့် သူခရီးစထွက်လေသည်။ နှစ်ပတ်လောက်အကြာတွင် သူ့အလုပ်စခန်းသို့ ရောက်ရှိပြီး အလုပ်အကိုင်များကို တစ်ခုပြီးတစ်ခု စီမံခန့်ခွဲကာ အကျိုးအမြတ်ကို ထုတ်ယူပြီး အလုပ်သမား တစ်ယောက်စီကို လုပ်ခများရှင်းပေးလေသည်။ ကျန်သည့်ငွေအား သူ့မိဘများထံပြန်ယူလာပေးမည်။ သူ့ဇနီးအတွက်လဲ ကျောက်နာရီလှလှလေးတစ်လုံး ဝယ်လာပေးသည်။

ထူးအယ်ပြင်ဆင်ပြီး ပြန်မလာမီ စပ်ကြားသူ့အိမ်၌ ထူးဆန်းသောအဖြစ်အပျက်များ ဖြစ်ပျက်လေသည်။ ထူးအယ်အိမ်ထောင်ကျစက သူ့ဇနီးအား နှင်းဆီပင်



တစ်ပင် လက်ဆောင်ပေးပြီး သူ့ဇနီးအား စိုက်ခိုင်းလေသည်။ နှင်းဆီပင်ကလေးမှာ ရေလောင်းပြီး ဂရုစိုက်ခြင်းခံရသဖြင့် လျင်မြန်စွာ ကြီးထွားလာလေသည်။ မကြာမီ လှပစွာ ပွင့်လာလေသည်။ ထူးအယ်သည်ဖေါအယ်အား သူမသည် အိမ်တစ်လုံးလုံးအား ကျက်သရေရှိစေသော ဤနှင်းဆီပင်ကလေးနှင့်တူသည် ဟုအမြဲနှိုင်းယှဉ်ပြောလေ့ရှိသည်။

ထူးအယ်သည် အမဲလိုက်ဝါသနာလည်းပါရာ သူသည်ကြက်တိန်ညင်လေးတစ်ကောင်အား မွေးထားလေသည်။ သူအားလပ်သည့်အခါ ဤကြက်တိန်ညင်လေးနှင့် တောကြက်များအား ထောင်ဖမ်းရာ တောကြက်အမြဲရသဖြင့် ဟင်းကောင်းအဆက်မပြတ်သောကြောင့် ဤကြက်ကလေးအား ထူးအယ်အလွန်ချစ်လေသည်။ သူ့သခင်ခရီးထွက်ပြီးနောက်ပိုင်း၌ ဤသို့ဖြစ်ပျက်လေသည်။

တစ်ညနေ... နေဝင်သည့်အချိန် ကြက်တန်းတက်ချိန်၌ ထူးအယ်ချစ်သောဤကြက်ကလေးမှာ သူ့တုတ်တန်းပေါ်တက်ပြီး ၃ ခါတွန်လိုက်လေသည်။ ထိုအခါ ဖေါအယ်မှာ အိမ်သူအိမ်သားများ အန္တရာယ်တစ်ခုခုနှင့် ကြုံရတော့မည်ကို သိနှင့်လေသည်။ ကြက်တိန်ညင်အား သတ်ရမှာလည်း သူ့ခင်ပွန်းအလွန်ချစ်သောကြက် ဖြစ်နေသဖြင့် သူမဇဝေဇဝါဖြစ် နေပေသည်။ သူ့ယောကျ်ား ပြန်လာမှ ချက်ကျွေးမည် ဟုစိတ်ဆုံးဖြတ်လိုက်လေသည်။

ထူးအယ်ခရီးသွားပြီး မကြာမီ ဖေါအယ်သည် သားယောကျ်ားလေးတစ်ဦးကို မွေးဖွားလေသည်။ “စောတာမူလာလဲပဝယ်” (မျှော်လင့်ချက်ပြည့်စုံခြင်း) ဟုအမည်ပေးသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဖခင်၏ မျှော်လင့်ချက်ကို ပြည့်ဝစေသောကြောင့်ဖြစ်သည်။ ခင်ပွန်းသည်ပြန်လာခါနီးအချိန်၌ သူမသည်ခင်ပွန်းအား အိမ်ရှေ့တွင် ထွက်မျှော်လေသည်။ တစ်မနက်၌ ဖေါအယ်သူ့နှင်းဆီပင်ကလေးအား ရေလောင်းရန် အသွားတွင် နှင်းဆီတစ်ပင်လုံးခြောက်သွေ့ နေ



သည်ကို တွေ့လိုက်ရသည်။ ထိုအချိန်တွင် ဖေါအယ်၏ ရင်တစ်ခုလုံး စိုးရိမ်စိတ်နှင့်ပြည့်လျှံ သွားလေသည်။ နေမထိထိုင်မထိတော့ပါ။ မပျော်ရွှင်တော့ပါ။

သူ့ခင်ပွန်းသွားပြီး တစ်လပြည့်သည့်အခါ သူ့ခင်ပွန်းပြန်လာတော့မည် ဟုတွက်ပြီးခေါင်းဖီး၊ လိမ်းခြယ်ပြီး သားကလေးကိုချီကာ ခင်ပွန်းသည်အား ကြိုရန် အိမ်ရှေ့၌ ထွက်ထိုင်လေသည်။ သို့သော်စိတ်ထဲတွင်လည်း သူ့ခင်ပွန်းများ တစ်ခုခုများ ဖြစ်မလား ဟုစိတ်ထင့်နေလေသည်။ စိတ်ထဲ၌ ပူပင်ကြောင့်ကျစွာ တွေးတောချိန်၌ သူ၏မတ်ကလေး (ယောက်ျား၏ညီ) ပြန်ရောက်လာလေသည်။

သူ့မတ်ကလေးမှာ သူ၏မရီးအား ကလေးလေးချီလျက် အိမ်ရှေ့၌ထိုင်နေသည်ကို မြင်ရလျှင် စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ကျလေတော့သည်။ သို့သော် စိတ်တင်းပြီး သူ့မရီးထံသို့လာကာ သူ့အစ်ကိုရေးခဲ့သောစာအား ပေးပြီး အိမ်ထဲသို့အသာလေးဝင်သွားလေသည်။ ဖေါအယ်မှာမူ သူ့ခင်ပွန်းမပြန်လာနိုင်သေး၍ သူ့ညီအား အရင်ပြန်ခိုင်းသည်ဟု ထင်မိလေသည်။ သူသည် သူ့ခင်ပွန်းစာကို မျက်ရည်အရွှဲသားဖြင့် ဖွင့်ဖတ်လိုက်လေသည်။

အသက်ရေ ...

မမျှော်လင့်ဘဲ အသက်နဲ့ကိုယ် ဒီတစ်ခါစကားနောက်ဆုံးပြောခြင်းဘဲ ဖြစ်လိမ့်မယ်... အသက်နဲ့အတူ အမြဲနေသွားချင်ပေမဲ့ အခွင့်အရေးမရတော့ဘူး... ကိုယ်ဆက်အသက်ရှင်ဘို့ မလွယ်တော့ဘူး ... တစ်သက်လုံးခွဲသွားရတော့မယ်၊ ဒါပေမဲ့ သစ္စာရှိစွာနဲ့ ကြိုသွားပြီးစောင့်နေမယ်နော်... အသက် ကိုယ့်အပေါ်မှာ သစ္စာရှိသေးရင် ပြန်တွေ့ကြအုံးမှာပါ ...

အသက်ရဲ့ခင်ပွန်း

ထူး



ဖေါ်အယ်မှာ စာဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် မျက်ရည်ပူများ တစ်သွင်သွင်စီးကျ လာ ရှိုက်ငိုရင်းဖြင့် သတိလစ်လဲကျသွားလေတော့သည်။ သူသတိပြန်လည်ရလာသောအခါ သူ့မတ်ကလေးအား အကျိုးအကြောင်းအစုံကို မေးမြန်းလေသည်။ သူ့မတ်ကလေးကလည်း သူ့အားတစ်ဆင့်ပြီး တစ်ဆင့်ပြန်လည်ပြောပြလေသည်။

“အစ်ကိုဟာ လုပ်ငန်းတွေအားလုံး စီမံပြီးတာနဲ့ ကျွန်တော်နဲ့အစ်ကိုအတူ ပြန်လာကြတယ်... လမ်းမှာ သူဟာ မိသားစုနဲ့ပြန်တွေ့ရတော့မှာမို့ ပျော်ရွှင်စွာနဲ့ စကားတွေပြောလာ ကြတုန်း မမျှော်လင့်ဘဲ ဓါးပြတစ်အုပ်နဲ့တိုးပြီး ဓါးပြအတိုက်ခံရတယ်... ဓါးပြတွေဟာ အစ်ကို့ပစ္စည်းတွေ အားလုံးယူပြီး သေလုမြောပါးရိုက်နှက်ပြီး ပစ္စည်းနဲ့ ငွေတွေကိုယူပြီး ထွက်သွားကြတယ်... အဲဒီနေရာဟာ ရွာနဲ့ဝေးပြီး လူပြတ်တဲ့အတွက် ကျွန်တော်နဲ့အစ်ကိုဟာ တောထဲမှာ နှစ်ယောက်ထဲဘဲရှိတယ်... ကျွန်တော်ဘါမှမလုပ်တတ်တော့ဘူး... တောထဲမှာ မှောင်အတိကျပြီး ကျွန်တော်အရမ်းကြောက်တယ်... ပြန်လာဘို့ကလဲ အစ်ကိုက လမ်းမလျှောက်နိုင်တော့ဘူး... ကျွန်တော်ကလည်း ဓါးပြတွေ ရိုက်ထားလို့ အရမ်းကိုနာကျဉ်နေတယ်... ဒါပေမဲ့ ကျွန်တော်ကယ်လို့ အစ်ကို့ကိုဘဲ ဖိပြီးရိုက်ကြတယ်... တစ်ညလုံးတောနက်ထဲမှာဘဲ အိပ်ရတယ်... အစ်ကိုဟာ အသက်မထွက်ခင် ဒီစာကိုရေးပြီး ဓါးပြတွေတွေ့မသွားတဲ့ နာရီလေးတစ်လုံးကိုပေးပြီး အစ်မကိုပြန်ပေးခိုင်းတယ်... ညနက်လေ အအေးဓါတ်က သည်းလာတော့ အစ်ကို့ဒါဏ်ရာဟာ မခံမရပ်နိုင်လောက်အောင် နာကျဉ်လာလို့ အရမ်းကိုညည်းတွားတယ်... ဒါပေမဲ့ ကူညီမဲ့သူက တစ်ယောက်မှမရှိဘူး... ကြာလေ မခံရပ်နိုင်လေနဲ့ သန်းခေါင်ယံအချိန်မှာဘဲ ဆုံးသွားတယ်... ကျွန်တော်က ကြောက်ကြောက်နဲ့ အစ်ကို့အလောင်းနဲ့ မနက်မိုးလင်းတဲ့အထိ နေရတယ်... မနက်ကျတော့ သူ့ကိုမြေမြှုပ်ပြီး ပြန်လာတာဘဲ”



သူ့မတ်ကလေးမှာ အဖြစ်အပျက်များကို မျက်ရည်လည်ရွဲနှင့် ပြောပြလေသည်။ ဖေါအယ်မှာ ခင်ပွန်း၏အဖြစ်အပျက်အား ကြားရသည့်အခါ ပြောမပြတတ်အောင် စိတ်ထိခိုက်လေသည်။ သူပြန်လည်တွေးမိသည်မှာ သူ့ခင်ပွန်းအသက်ဆုံးသည့်နေ့နှင့် သူ့နှင်းဆီပင်ခြောက်သွေ့သွားသည့်နေ့မှာ တစ်ရက်ထဲဖြစ်နေပေသည်။ သူစိတ်ထိခိုက်စွာဖြင့် အတွေးများချာချာလည်ပြီး တစ်အောင့်ကြာအိပ်ပျော်သွားလေသည်။ အိပ်ပျော်နေစဉ် သူ့ခင်ပွန်းသူ့နောက်လိုက်ရန် ပြန်လာခေါ်သည်ဟု အိမ်မက်မက်လေသည်။ သူသားကလေးကိုယူပြီး လိုက်ဘို့ပြင်စဉ်လန့်နိုးလာသည်။ ဒီတခါ ပို၍စိတ်ထိခိုက်ကာ မစားနိုင်မသောက်နိုင်တော့သဖြင့် ကြာလာသောအခါ နှလုံးရောဂါစွဲကပ်လာတော့သည်။

နောက်ဆုံးတွင် နှလုံးရောဂါဖိစီးမှုကတစ်ကြောင်း၊ သွေးနုသားနုဖြစ်သည်ကတစ်ကြောင်းကြောင့် ပူပင်သောကရောက်လွန်းသဖြင့် သွေးတက်ကာ ဆုံးသွားလေသည်။ သူသည်သားကလေးကို မျှမသနားတော့ဘဲ တိတ်တိတ်ကလေးထားခဲ့ကာ ချစ်လှစွာသော ခင်ပွန်းသည်နောက်ကောက်ကောက်ပါအောင်လိုက်သွားလေတော့သည်။ ဖေါအယ်သည် သေသည့်အထိ ခင်ပွန်းအပေါ်သစ္စာစောင့်သိသွားလေသည်။ မိဘမဲ့သားကလေးကိုမူ အဘိုးအဘွားတို့ လက်ဝယ်စိတ်ချလက်ချထားခဲ့လေတော့သည်။



# အဆောင်အရှောင်

အချိန်ကာလတို့သည် တစ်ရွေ့ရွေ့နှင့် တစ်ချိန်ပြီးတစ်ချိန် အလီလီပြောင်းလဲသွားသည်။ မိုးရာသီ၊ ဆောင်းရာသီကုန်ဆုံးပြီး နွေရာသီရောက်ခဲ့ပြန်ပြီ။ နွေရောက် ကြောင်းကို သဘာဝပတ်ဝန်းကျင်တစ်ခုလုံး တစ်မဟုတ်ချင်း ပြောင်းလဲသွားခြင်းဖြင့် သိနိုင်လေသည်။ တောင်တန်းပေါ် မျှော်ကြည့်ပါက သစ်ရွက်တို့ကို စိမ်းစိမ်းစိုစို မမြင်ရတော့ပါ။ အဝါ ရောင်အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့ရလေသည်။ အရှေ့မြောက်လေ စတင်တိုက်ခိုက်လာပါပြီ။ ဥဩငှက်ကလေးတို့၏ ဥဩ… ဥဩ ဟုတွန်ကျူးသံမှာ လွမ်းမောစဖွယ်ကောင်းလှသည်။ လူတို့၏ရင်ထဲ၌ အတွေးများ ဟိုရောက်ဒီရောက်နှင့် ကစဉ့်ကလျား ပြေးလွှားနေကြသည်။ မိုးကောင်းကင်ကြီးသည် ကြည်လင်လှပြီး ညအချိန်ကောင်းကင်သို့ မော်ကြည့်ပါက ကြယ်တာရာတို့ မှိတ်တုတ်၊ မှိတ်တုတ်နှင့် လင်းလက်နေသည်ကို ကြည့်ရသည်မှာ အလွန်လှပါပသည်။

ပြက္ခဒိန်ကိုကြည့်လိုက်ပါက ပြာသိုလကုန်ဆုံး၍ တပို့တွဲလသို့ စတင်ဝင်ခါစဖြစ်သည်။ ဘိုးဘေးတို့သည် သဘာဝပတ်ဝန်းကျင် ပြောင်းလဲသည်ကိုကြည့်ပြီး တပို့တွဲလဆန်းတွင် ကရင်နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာကျင်းပကြပြီး တစ်ဦးနှင့်တစ်ဦး "မၤန့ၢ်အီဉ်ကဲ, ပူၤဒုဉ်ပူၤဒါ" (မားနေအော်ကဲ၊ ဘူဒူဘူဒါး) ဟူ၍ အလုပ်အကိုင်ဖြစ်မြောက်ပြီးရန် အဝေးမှကင်းမြောက်စေရန် ဆုမွန်ကောင်းတောင်းပေးကြသည်။ နောက်ထပ်တစ်ရက်နှစ်ရက်အကြာတွင် မိဘဘိုးဘေးတို့သည် မိုးကောင်းကင်ပေါ်သို့ မော်ကြည့်ရာ ကြယ်အမျိုးမျိုးအဖုံဖုံ လင်းလက်နေသည်ကို လှပစွာတွေ့ရသည်။ မှောင်စပျိုးချိန်၌ ကြယ်အမျိုးမျိုးကြားမှ (ဒဲမူထူ) ဟုခေါ်သော ကြေးမုံတာရာဖြစ်သော ကြယ်ခုနစ်လုံးက အပေါ်တည့်တည့်ထောင်သောအချိန်ကို တွေ့ရမည်။ ထိုအချိန်တွင် ဘိုးဘေးတို့သည် တောင်ယာလုပ်ချိန်ရောက်မှန်း ချက်ချင်းသိလိုက်လေသည်။



ထိုအခါသူတို့က “သားတို့၊ မြေးတို့... ကြေးမုံတာရာတည့်ချိန်ရောက်ပြီ။ တောင်ယာခုတ်ချိန်ရောက်ပြီ။ ဓါးတွေ၊ ပစ္စည်းပစ္စယတွေ ပြင်ဆင်ကြ ” ဟုပြောကြသည်။ သားမြေးတို့ကလည်း မိဘတို့ပြောသည့်အတိုင်း တောင်ယာလုပ်ငန်းခွင်ဝင်ရန် ပစ္စည်းပစ္စယများကို ပြင်ဆင်ကြလေသည်။ ဘိုးဘေးတို့က ယခုနှစ်တောင်ယာခုတ်ရန် နေရာကိုတိုင်ပင်ပြီး ရွေးချယ်ကြလေသည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ဘိုးဘေးနှင့်သားမြေးအချို့တို့သည် တောင်ယာခုတ်ရန်နေရာကို အရှာထွက်ကြသည်။ သူတို့လမ်းသွားနေစဉ် သမင်၊ စိုင်၊ မြွေစသည်တို့ လမ်းဖြတ်ကူးသွားသည်ကိုမြင်လျှင် ရှေ့ဆက်မသွားဘဲ အိမ်ကိုပြန်ကြလေသည်။ နောက်တစ်နေ့၌ ထပ်မံ၍ တောင်ယာရှာထွက်ကြပြန်သည်။ လမ်းခရီး၌ မည်သည့်အရာမျှမတွေ့လျှင် ကောင်းသည် ဟုယူဆပြီး တောင်ယာခုတ်မည့် နေရာရောက်အောင် သွားကြလေသည်။ တောင်ယာခုတ်မည့်နေရာသို့ ရောက်သောအခါ လမ်းရှင်းပြီး တောင်ယာခုတ်စဉ် ချက်ပြုတ်စားသောက်ကြလေသည်။ တောင်ယာခုတ်ရန် ပတ်ပတ်လည်ကိုရှောက်ကြည့်စဉ် “ခြုံပုတ်ငှက်” အသံကိုကြားရပြီး မြောက်လေပွေကိုတွေ့လျှင် ထိုနေရာတွင် တောင်ယာမခုတ်တော့ပါ။ “ခြုံပုတ်ငှက်” နှင့်မြောက်လေပွေတို့သည် လုပ်ငန်းကိုကြန့်ကြာစေသည့်သည် ဟုယူဆသည်။ လုပ်ငန်းတစ်ခါမျှ ပြီးပြတ်သည်မရှိပါ။ တစ်ဝက်တစ်ပျက်နှင့် ထားခဲ့ရပြီး အသီးအပွင့်ကို မစားသောက်ရပါ။ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်သည်။ ထို့ကြောင့် နေရာအသစ်ကို ထပ်မံရှာပြန်သည်။ သူတို့ ယူဆသော မကောင်းသည့်အချက်များနှင့် ကင်းသည့်နေရာကိုတွေ့မှ ထိုနေရာတွင် တောင်ယာခုတ်လေသည်။

တောင်ယာခုတ်သည့်အချိန်တွင် ဘုတ်ငှက်များအမြင့်တွင် ပျံသန်းပြီး “ပေးဝေကရော့၊ ပေးဝေ ... ကရော့” ဟုအသံပေးနေသည်။ ထိုအချိန်တွင် တောင်ယာခုတ်ချိန်ရောက်ပြီ ဟုအဓိပ္ပါယ်ရသည် သာမက “သူးသူးသွယ်” ဟုခေါ်သော ပိုးကောင်တစ်မျိုး အနီးအနားတွင် သူးသူးသွယ် ဟုအော်မြည်နေကြသည်။



ဤပိုးကောင်များသည် ကျွန်ုပ်တို့ကို တောင်ယာခုတ် ချိန်ရောက်ပြီ ဟုအသိပေး နေလေသည်။ တောင်ယာခုတ်ချိန်ပြီးနောက် ကိုင်းလှမ်းချိန်ပြီးလျှင် ကိုင်းကိုမီးရှို့သူများသည် "ထိုးလီး ထိုးလီး" ဟုညာသံပေးပြီး အော်ဟစ်ကြသည်။ အဓိပ္ပါယ်မှာ မီးကောင်းကောင်းတောက်ပြီး ကိုင်းများကိုနှံ့စပ်အောင် လောင်နိုင်ရန်ဖြစ်သည်။

နောက်တစ်ခုမှာ ဘိုးဘေးတို့သည် ကိုင်းရှို့မည့်နံနက်စောစောတွင် အိမ်တွင်ကျန်ခဲ့သော သားမယားတို့သည် ရေချိုး၊ မျက်နှာသစ်၊ ခေါင်းဖီးပြီး အိမ်ပေါ်၊ အိမ်အောက်သန့်ရှင်းရေး လုပ်ရသည်။ ဤသို့ပြုလုပ်ရခြင်း၏ အဓိပ္ပါယ်မှာ တောင်ယာတစ်ခုလုံး မီးကောင်းကောင်းလောင်စေရန် ဖြစ်သည်။ တောင်ယာမီးရှို့ပြီး နောက်တစ်နေ့မိုးလင်းလျှင် တောင်ယာသို့ပြန်သွား၍ တောင်ယာ တစ်ခုလုံး၏ မီးလောင်မှုအခြေအနေကို နှံ့နှံ့စပ်စပ် လျှောက်ကြည့်လေသည်။ မီးလောင်ပြင်ထဲတွင် မြွေသေကျန်ခဲ့သည်ကို တွေ့ပါက အိမ်သို့အသာကလေး ပြန်သွားလေသည်။ နောက်တစ်နေ့တွင် ကြက်ကလေးတစ်ကောင်ကို ယူ၍ ကြက်ရိုးနိမိတ်ဖတ်ကြည့်သည်။ နိမိတ်ကောင်းလျှင် အလုပ်ဆက်လုပ်ပြီး နိမိတ်မကောင်းလျှင် ထိုတောင်ယာကို ဆက်မလုပ်ဘဲ ပစ်ထားခဲ့လေသည်။

မြွေဆိုသည့်သတ္တဝါသည် အလွန်လျင်မြန်သည့် သတ္တဝါဖြစ်သော်လည်း မီးလောင်ကျန်ခဲ့သည့်အတွက် ဤတောင်ယာတွင် အလုပ်လုပ်ပါက ဖျားနာပြီး အိမ်သူအိမ်သားများ ဆုံးပါးသည့်တိုင်အောင် အခက်အခဲများ တွေ့ရတတ်သည် ဟုယူဆပြီး ဤတောင်ယာကို ရှောင်ကြလေသည်။ ဘိုးဘေးတို့တွင် ဆောင်သင့်ရှောင်သင့်သော ရိုးရာဓလေ့များရှိရာ ရှောင်ရန်အချက်များကို မရှောင်ပါက ဘေးတွေ့တတ်သဖြင့် ၎င်းတို့အဓိကရှောင်ရမည့် အချက်များဖြစ်သော စပါးစိုက်ချိန်နှင့် စပါးသယ်ချိန်၏ ရှောင်ရမည့်အချက်များကို အဓိကထား ရှောင်ကြသည်။ မရှောင်ပါကသူတို့ယုံကြည်သည့်အတိုင်း ဖြစ်တတ်သည်။

ကောက်သိမ်းချိန်တွင် မည်သူမျှသူတို့ တောင်ယာထဲသို့ မဝင်လာရပါ။ အကယ်၍ လူတစ်ယောက်ယောက်ဝင်လာမိပါက ထိုသူပြန်သွားချိန်၌ စပါးလိပ်ပြာများ သူနှင့်ပါသွားပြီး စပါးမရတော့ ဟုယုံကြည်ကြသည်။ စပါးနယ်ချိန်၌ သူတို့ဆီ တည့်တည့်မသွားရပါ။ သူတို့ကို ကျော်ဖြတ်သွားချင်ပါက၊ သူတို့အပေါ် (သို့) ဘေးဘက်မှသွားရမည်ဖြစ်သည်။

အကယ်၍ သူတို့ထံတည့်တည့်သွားမိပါက ကြက်ဖို၊ ကြက်မနှစ်ကောင် အလျော်တောင်းပေမည်။ သူတို့ အဓိကရှောင်သောအချက်မှာ စပါးကျီသိမ်းချိန်ဖြစ်သည်။ ထိုအချိန်၌ သူတို့တောင်ယာထဲသို့ မဝင်နိုင်ရန် သူတို့တောင်ယာသို့ ဝင်သောလမ်းကို ကြိမ်ခါးဖူးအရွက်နှင့် တံမျက်စည်းအပင်၏ အရွက်တို့နှင့် ပိတ်ထားလေသည်။ စပါးကျီသိမ်းချိန်၌ သင်သွားမိပါက သင့်ကို စပါးကျီသိမ်းပြီးသည်အထိ ဆွဲထားပြီး သူတို့နှင့်အတူ စားသောက်ပြီးမှ ပြန်လွှတ်ပေမည်။

သို့သော် သင်စားသောက်နေစဉ် အရက်နှင့်ကြက်ကင် ဧည့်ခံရာ သင်ထမင်းစားမြိန်မည်ဖြစ်သည်။ ဘိုးဘေးတို့သည် သူတို့စပါးကျီသိမ်းသည့်အချိန်၌ (ထိုဘီးဂါ) ဟူသောငှက်များကို ပြန်မလွှတ်ပါ။ ထိုငှက်တစ်မျိုးကို သူတို့ထံ စပါးယူဆောင်လာပေးသည့်ငှက်များ ဟုယုံကြည်ကြသဖြင့် ထိုငှက်များအရှေ့တွင် သင့်ကိုအရင်ပေးမပြန်ပါ။ မဟုတ်လျှင် စပါးလိပ်ပြာများသည် သင့်နောက်လိုက်သွားပြီး ထိုနှစ်တွင် ဝမ်းစာမလောက်မငှ ဖြစ်မှာစိုးရိမ်သောကြောင့် ဖြစ်သည်။



# အချစ်ရဲ့ပုံရိပ်

စောမူးနေလယ့်သည် လူကုံထန်သားပျိုတစ်ဦးဖြစ်ပြီး ချင်းမိုင်တောင်ကြားထဲမှ ဒဝိုင်းစကက် ဟုခေါ်သောရွာတွင် နေထိုင်သည်။ လွန်ခဲ့သည့်ငါးလ၌ မယ်တရိတွင် ကျင်းပပြုလုပ်သော ကရင်နှစ်သစ်ကူးပွဲတော်သို့ သွားရောက်ခဲ့စဉ်က နော်လော်အယ်အမည်ရှိ ကရင်မိန်းမချောတစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး မေတ္တာသက်ဝင်ကာ ဖွင့်မပြောဘဲ မနေနိုင်အောင်ပင် ဖြစ်မိသောကြောင့် မျှော်လင့်ခြင်းများစွာနှင့် ချစ်ခွင့်တောင်းမိခဲ့လေသည်။

မူး, "မိန်းမချောလေးရယ်... ဒို့မင်းကိုသိပ်ချစ်မိနေပြီ ... ဒို့ကိုချစ်ခွင့်ပေးနိုင်မလား။"
လော်အယ်, "ကိုလူပျိုရေ... ဒို့လဲမင်းကိုအခုမှတွေ့... မင်းလဲဒို့ကိုအခုမှတွေ့တာ တစ်ယောက်အကြောင်းတစ်ယောက် မသိဘဲနဲ့ ဘယ်လိုအဖြေပေးရမှာလဲ။"

နော်လော်အယ်၏အဖြေမှာ စောမူးနေလယ်၏ စကားကို တစ်ခါထဲဖြတ်ပြီးသား ဖြစ်သွားလေသည်။ ဘာမျှစောဒကမတက်နိုင်တော့ပါ။ အချစ်၏လှုံ့ဆော်မှုကြောင့် သေသေချာချာ မစဉ်းစားမိပေ။ သူရှက်ရွံ့စွာဖြင့် အသာလေးနေလိုက်လေသည်။ ထိုအချိန်မှစ၍ စောမူးနေလယ့်မှာ နော်လော်အယ်၏ မျက်နှာလှလှလေးအား အမြဲမြင်ယောင်မိပြီး နော်လော်အယ်မှာလည်း စောမူးနေလယ် စကားကို အမြဲကြားယောင်မိလေသည်။

တခါတွင် စောမူးနေလယ့်သည် မိဘများကိုခွင့်တောင်းပြီး မူယာမြို့သို့ ကားမောင်း၍ အလည်ထွက်သည်။ မူယာရှိ ဦးလေးအိမ်သို့ရောက်ပြီး တစ်အောင့်ကျော်ကျော် နားအပြီး ဦးလေးက အုန်းသီးခူးခိုင်းလေသည်။ မူးနေလယ့်မှာလည်း အုန်းပင်ပေါ် လျင်မြန်စွာတက်ပြီး အုန်းရွက်ကိုမီလုမီခင်တွင် အုန်းသီးများကြားမှ မြွေတစ်ကောင် လျှိုထွက်လာရာ သူလန့်ဖြန့်ပြီး လက်လွှတ်လိုက်မိ၍ အုန်းပင်အောက်



သို့ ပြုတ်ကျပြီး မေ့ မျောသွားလေသည်။ သူ့ဦးလေးမှာလည်း ခြေမကိုင်မိ၊ လက်မကိုင်မိတော့ဘဲ ထိပ်ထိပ်ပြာပြာဖြင့် ပျာပျာသလဲ သူ့ကိုကားပေါ်သို့တင်ကာ ဆေးရုံသို့ တစ်ခါတည်းပို့လေသည်။ ဆရာဝန်၊ ဆရာဝန်မများမှာ ဤလူနာတစ်ယောက်ကြောင့် အလုပ်ရှုပ်ပြာယာခတ်ကုန်သည်။ သတိလည်ပြီး ပြန်ပြန်အိပ်မောကျတိုင်း ကယောင်ကတန်း အမျိုးမျိုးပြောနေလေသည်။ ဆရာမနော်လော်အယ် ဂျူတီကျသည့်ညတွင် လူနာစောင့်စဉ် မူးနေလယ့်ယောင်ခေါ်သော နံမည်များမှာ များသောအားဖြင့် ဘောဘော၊ တူးလူး၊ အယ်ဒါဂေးတို့ဖြစ်သည်။ မူးနေလယ့်ဆေးရုံဆင်းပြီး သူ့ဦးလေးစောတောအိမ်တွင် ပြန်နားနေလေသည်။ နော်လော်အယ်နှင့် ဦးလေးစောတောမှာ အသိများဖြစ်ရာ ဒဝိုင်းစကက်မပြန်မီ မူးနေလယ့်အကြောင်းကို ပိုသိရန် နော်လော်အယ်က လာလည်လေသည်။

လော်အယ်, "ဘယ်လိုလဲ... တစ်ခုခုကူညီပေးလို့ရမလား"
မူးနေလယ်, "ကျွန်တော်အိမ်ပြန်ချင်တယ်... အဖေ၊ အမေ၊ မောင်နှမတွေနဲ့ပြန်တွေ့ချင်တယ်... ခင်ဗျားကူညီနိုင်မလား"
လော်အယ်, "မင်းမိဘ... မင်းမိဘ ကဘယ်မှာလဲ"
မူး, "ကျွန်တော်နေတာ... စစ်တောင်းမြစ်ဘေးက နိုထာရွာမှာ ကော့တြခို၊ ကော့လူခိုနဲ့နီးတယ်... ကျွန်တော် အခုတစ်ခါထဲ ပြန်ချင်တယ်... ဘောဘောဘယ်မှာလဲ"
မူးနေလယ့်မှာ နော်လော်အယ်ရော၊ အမေ အဖေရော၊ ဦးလေးစောတောတို့ကို မမှတ်မိတော့ပါ။ နော်လော်အယ်မှာ ပြုံးတစ်ဝက်၊ မျက်နှာပျက်တစ်ဝက် ဖြစ်နေသည်။ ဖားဒီစောတောက မူးနေလယ့်အား အိပ်ဆေးတစ်လုံးတိုက်ပြီး ကားပေါ်တင်ကာ နော်လော်အယ်ကိုပါခေါ်၍ အိမ်ပြန်ပို့ပြီး တဖန်ချင်းမိုင်စိုဖူးဆေးရုံသို့ ထပ်မံတင်ပြန်သည်။

နောက်တစ်ဖန် ဆေးရုံဆင်းသည့်အခါ အင်အားပြည့်ပြီး မှတ်ဉာဏ်ပြန်ကောင်းလာသည့်အထိ အနားယူ၊ ဆေးသောက်စေသည်။

မူး, “ မိန်းမချောလေးရယ်… ဒို့ကိုအဖြေဘယ်တော့ပေးမှာလဲ”
လော်အယ်, “ မင်း… ဒို့ကိုသိတဲ့နေ့ကျရင် အဖြေပေးမယ်”
မူး, “ဒို့သတိရပြီလေ… မင်းကိုဒို့မဲတရစ်ကရင်နှစ်သစ်ကူးနေ့မှာ တွေ့ခဲ့တာ”
လော်အယ်, “မင်းသိတဲ့အချက်တွေဟာ တိတိကျကျမဟုတ်ဘူး… အရိပ်အယောင်တွေဘဲ”
မူး, “ဘါဘဲဖြစ်ဖြစ် မင်းဒို့ကိုမချစ်ရင် ဒို့ဒီတိုက်ပေါ်ကနေ ခုန်ချသေလိုက်မယ် ဒို့ရဲ့ဘဝဟာ မထူးတော့ဘူး… သူငယ်ချင်း၊ မိဘတွေကိုမမြင်ရတဲ့အပြင် … မင်းအချစ်ကို မျှော်လင့်လို့မရမှတော့ … သေတာထက် ပိုကောင်းတာမရှိတော့ဘူး”
လော်အယ်, “မူးရေ… မင်းဟာ အသိဉာဏ်ရှိတဲ့သူတစ်ယောက်ဘဲ… ဒီလိုတိုတို မတွေးသင့်ဘူး… မင်းကို ဒို့မေတ္တာရှိပါတယ်… ဒါပေမဲ့စဉ်းစားရအုန်းမယ်”
ဆောင်းဝင်ခါစတွင် ပတ်ဝန်းကျင်တစ်ခုလုံး လှပနေပေသည်။

မြို့နေလူတို့သည် မိုးရာသီတွင် အမျိုးမျိုးညည်းညူကြသည်။ “ဒီမိုးကလဲနော်… မတိတ်နိုင်တော့ဘူး… တစ်ချိန်လုံးရွာနေတာဘဲ… ဒီလိုအုံ့တုံ့တုံ့ကြီးကို စိတ်ကုန်လိုက်တာ… မိုးဘယ်တော့မှကုန်မှာလဲ… စိတ်ညစ်လှပြီ”
၎င်းမှာ လူအများ၏ မိုးရာသီ၌ ညည်းညူသံဖြစ်သည်။ ထိုလူများမှာ မိုးရွာခြင်း၏ အကျိုးကျေးဇူးကို မသိပါ။ ဆိုးကျိုးများကိုသာမြင်ပြီး မိုးအပေါ် အပြစ်မြင်နေသည်။ သူတို့သာ မိုးမင်း၏ ကျိန်ဆဲခြင်းကိုခံရပြီး နှစ်ရှည်လများ မိုးမရွာတော့ပါက မတွေးရဲတော့ပါ။ မြို့သူမြို့သားတို့ ထမင်းဖြူဖြူကို အဆင်သင့်စားရပြီး စပါးလုံးတို့၊ မဖွတ်ရသေးသည့် ဆန်ဆိုသည်မှာ ဘာမှန်းမသိ၊ ဆန်ကော၊ ဆန်ခါ၊ ဆုံ၊ မောင်းတံ၊ တောင်း၊ ဖျာတို့ကိုမမြင်ဘူး။ လယ်လုပ်၊ လယ်ထွန်၊ မြေညှိခြင်း မလုပ်ဘူး၊ ရေလိုချင်အိမ်အထိရောက်၊ မီးလိုချင်လျှင် ခလုတ်နှိပ်သည်နှင့် မီးလင်းထိန်သွားရာ သူတို့၏ဘဝမှာ အဆင်ပြေချောမွေ့လှပါဘိ။ ထာဝရအသက်ရှင်ပြီး မသေတတ်သလိုထင်ရသည်။ သို့သော် အချိန်တန်လျှင် လူတိုင်းသေခြင်းတရားကို ရင်ဆိုင်ရမည်ပင်။



စောမူးနေလယ်မှာ တိုက်အပေါ်ထပ်မှ အောက်ကိုကြည့်၍ အတွေးနက်နေသည်။ လမ်းမပေါ်သို့ မျှော်ကြည့်ရာ လမ်းသွားလမ်းလာများ အဆက်မပြတ်သွားလာနေကြသည်။ လူချမ်းသာများ၊ ဆင်းရဲသားများ၊ ကားဖြင့်သွားလာသူများ၊ စက်ဘီးဖြင့်သွားလာသူများ၊ ခြေလျင်လျှောက်သူများ စုံလင်လှသည်။ တစ်ချို့မှာ ကိုယ်ပေါ်မှာ အဝတ်ပင်ဝတ်မထားပါ။ တစ်ချိန်ထဲတွင် ကရင်အဝတ်အစား အမျိုးမျိုးဖြစ်သော သင်တိုင်းရှည်၊ ထမီ၊ သင်တိုင်းကြီးများကို တွေ့လိုက်ရာ သူ့ကို မှင်တက်မိစေသည်။ သူသည်လှပသော ရာသီရောက်လာခြင်းအတွက် အလွန်အမင်းမပျော်ရွှင်ပါ။ ဘါကြောင့်လဲ... သူငယ်စဉ်က အကြောင်းအရာများ အထူးသဖြင့် မိုးရာသီအချိန်ကို ပြန်လည်သတိရလာပါသည်။ ကျောင်းဆင်းသည်နှင့်တစ်ပြိုင်နက် အိမ်ရောက်ကျောင်းလွယ်အိတ်ပစ်ချကာ လေးစို့နှင့် သူ့သူငယ်ချင်း အယ်ဒါဂေးတို့သည် လယ်ထဲသို့ တစ်ရှိန်ထိုးပြေးကာ စပါးပင်ထဲတွင် ထိုးစိုက်ခဲ့သော ငါးမျှားတံကိုသွားကြည့်လေသည်။ စာသင်နေစဉ် စိတ်ကတစ်ခါတစ်ခါ လယ်ထဲသို့ ရောက်သွားကာ ငါးမျှားတံနှင့်စပါးပင်ကို ငါးကတရွတ်ဆွဲပြီး လိမ်ပတ်နေမှာကို စိုးရိမ်နေပေသည်။ တစ်ယောက်ကို ငါးမျှားတံဆယ်ချောင်းကျော်ကျော် ထိုးစိုက်ထားသည်။ များသောအားဖြင့် ငါးမျှားတံမအားပါ။ ငါးခူ၊ ငါးကျည်းများရသဖြင့် သူတို့အလွန်ပျော်ရွှင်ကြသည်။ အိမ်ပြန်ထမင်းစားပြီး တီကိုကြိုတင်တူးထားပါသည်။ မိုးလင်းလျှင် ငါးမျှားတံကို သွား၍ ထိုးစိုက်ထားပြီး ထမင်းစားကာ ကျောင်းသို့သွားသည်။ စာလည်းရ၊ ငါးလည်းရသဖြင့် အဆူမခံရပါ။

မိုးကျကာ စမြက်များ သိပ်မများခင်တွင် ရွာသားများသည် လယ်ထဲတွင်ဖားရိုက်ထွက်ကြရာ မီးခွက်များ နေရာအနှံ့လင်းလက်နေသည်။ ညမိုးရွာလျှင် လေးစို့ညီမနော်တူးလူးက “ညတုန်းကမိုးဝုန်းဝုန်းနဲ့ရွာတာ... အိပ်လို့ကောင်းလိုက်တာ ” ဟု ပြောရာ သူ့အစ်ကိုက “အိမ်မှာအိပ်တာကောင်းတာပေါ့ ... ဖါးတွေ ပလိုင်းထဲမှာ ညကအော်တာမကြားဘူးလား... မနက်ကျတော့ ရေနွေးဖျောပြီး ချေးတွေဥတွေထုတ်ပြီး... အမွှေးအကြိုင်တွေနဲ့... သရက်သီးတစ်ပြား

တစ်ပြားထည့်ချက်တာ... ကောင်းလိုက်တဲ့ဖြစ်ချင်း... ဘယ်တော့မှမမေ့လို့မရဘူး” ဟုပြန်ပြောလေသည်။

စပါးများ သီးသည့်အချိန်တွင် မုန့်ဆန်းထောင်းစား၊ လသာသာချိန်တွင် တလင်းနယ်သည့်ဘေးရှိ ကောက်ရိုးပုံပေါ်ကစားရသည်မှာ ပျော်စရာကောင်းလှသည်။ ညမအိပ်ခင် လူကြီးသူမများက ပုံပြင်များ၊ စကားထာများ ဖွဲ့လေ့ရှိသည်။ မိုးကုန်လုသည့် တန်ဆောင်းမုန်းလတွင် ပုရစ်သွားတူးပြီး တုတ်ဖြင့်သီ၍ တစ်ယောက်တစ်ချောင်းစီ ပြန်ယူလာရလျှင် လွန်စွာဝမ်းသာကြသည်။ စောဖားဘလယ်တစ် ယောက်ကိုမူ သူများငါးရှာထွက်လျှင်သော်လည်းကောင်း၊ တောလိုက်လျှင်သော်လည်းကောင်း သိပ်မခေါ်ချင်ကြပါ။ သူနှင့်သွားလျှင် လာဘ်တိတ်သည် ဟုယူဆသောကြောင့်ဖြစ်သည်။ စပါးသိမ်းချိန်ပြီးလျှင် မိဘ၊ ဆရာ၊ သက်ကြီးရွယ်အိုများထံသို့ သီးနှံပေါ်ဦးပေါ်ဖျားများကို ပို့ဆောင်ကြသည်။ ပြီးမှမောင်းထောင်း၊ ဆန်ဖွတ်၊ ပြာချပြီးစားကြသည်။

လေးစို့၏အဖိုးမှာ သူကြီးဖြစ်သည်သာမက အဖေမှာလည်း ကျောင်းဆရာတစ်ယောက်ဖြစ်ရာ ရွာသူရွာသားများက သူတို့အိမ်သားအတွက် စပါးကျီတစ်လုံး ထားထားပြီး စပါးရသည်နှင့် တစ်အိမ်ထောင်တစ်တင်း လာပေးရာ တစ်နှစ်လုံးအတွက် လုံလောက်လေသည်။ အကြောင်းမှာ အိမ်ခြေပေါင်း သုံးရာနီးပါးရှိသောကြောင့်ဖြစ်သည်။ ဆန်အိုးထဲတွင် ဆန်လုံလုံလောက်လောက် စားနိုင်ရန်အတွက် ကြက်ဥသေးသေးလေးကို ထည့်ထားလေသည်။ လေးစို့မောင်နှမ ခုနစ်ယောက်နှင့်မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အားလုံးပေါင်း ၁၂ ဦးရှိရာ၊ လေးစို့မိခင်မှာ ရပ်ဝေးရပ်နီး ဧည့်သည်များအား နေ့စဉ်ဧည့်ဝတ်ပြုပြီး မောင်းထောင်း၊ ဆန်ဖွတ်၊ ပြာချ၊ ချက်ပြုတ်၊ ကြက်ဝက်များကို အစာကျွေးဖြင့် တစ်နေ့ကုန်မနားရပါ။ လယ်မထွန်၊ ယာမလုပ်သော်လည်း လယ်ပိုင်ယာပိုင်များကဲ့သို့ပင် စားသောက်ရသည်။ ဦးလေးဖြစ်သူမှာလည်း ခွေးကိုခေါ်ကာ လေးနှင့်မြားကိုထမ်းပြီး တောလိုက်ထွက်ရာစိုင်၊ သမင်၊ ဒရယ်၊ ရစ်၊ တောကြက်၊ တောဝက်၊ ရှဥ့်၊ တောကြောင်



တစ်မျိုးမဟုတ်တစ်မျိုး ရှိလေသည်။ ထိုအချိန်အခါက တောထူလှရာညတွင် တောကြောင်၊ ကျားများ အိမ်အောက်တိုင်ရောက်လာတတ်သည်။ နေ့တိုင်း အသားဟင်းစားရပြီး အသားကင်ခြောက်များမှာ ကြပ်ခိုးစင်တွင် ပြည့်လျက်ရှိသည်။ အမဲများပြတ်လတ်မည်ကိုလည်း စိုးရိမ်စရာမလိုပါ။ တစ်ခါက လေးစို့ သူ့ဦးလေး တောလိုက်သည့်နောက်လိုက်သွားရာ ညနက်သည့်အခါ ကင်းကိုက်ခံရပြီး လမ်းမလျှောက်နိုင်တော့သဖြင့် သူ့ဦးလေးသူငယ်ချင်း မောင်ကွေးမှာ စိုင်ကိုထမ်းပြီး၊ သူ့ဦးလေးက သူ့ကိုပြန်ထမ်းလာရသည်။ သူတို့ ခွေးသုံးလေးကောင်မှာ သူတို့နောက်မှလိုက်လာရာ သူ့ခြေထောက်အား သားကောင်အမှတ်နှင့် ကိုက်ဆွဲမိမည်ကို စိုးရိမ်ပြီးသူ့မှာငိုရင်းပြောရင်းနှင့် ပါလာသည်။ ငါးများကျသည့်အခါ အမေ့သူငယ်ချင်းများ မိုးမလင်းမီအချိန် လမ်းပေါ်မှ လှမ်းအော်ပြီး သုတ်သုတ်... သုတ်သုတ်နှင့်သွားပြီး ပြန်လာသည့်အခါ လယ်ပုစွန်လုံးများ၊ ဂဏန်းများ၊ ငါးဖျင်းစလက်၊ ငါးပြေမများ ပလိုင်းအပြည့်နီးပါး ပါလာသည်။ နော်တူးလူး၊ ဖားဒါးဒါးနှင့်နော်ဝါးဖိုးတို့မှာ အမှိုက်သရိုက်များ၊ သစ်ရွက်ဝါးရွက်များကိုဖယ်ရှားပြီး ပုစွန်သတ်သတ်၊ ငါးသတ်သတ်ခွဲရရာ၊ ပြီးသည့်အခါ ခါးများပင်နာလေသည်။

အယ်ဒါဂေး၊ နော်တူးလူး၊ လေးစို့နှင့်နော်ဘောဘော ကလေးလေးယောက်သည် မိုးသဲသည့်တစ်နေ့တွင် စစ်တောင်းမြစ်ရေ တက်လာသည်ကို သွားကြည့်ရန် အတူတစ်ကွ သွားကြလေသည်။ လမ်းတွင်ရှဉ့်တစ်ကောင် သူတို့ရှေ့မှ ဖြတ်ပြေးသွားရာ ဘောဘောက “ရှဉ့်ငါတို့ရှေ့က ဖြတ်ပြေးသွားတာ ဆက်မသွားနဲ့တော့... တော်ကြာ တစ်ခုခုဖြစ်နေအုန်းမယ်” ဟု အော်ပြောလိုက်သည်။ သို့သော် ကျန်သည့်သုံးကောင်မှာ သွားကိုသွားရမှဖြစ်ရာ ဤကဲ့သို့ အတိတ်နိမိတ်များကိုလည်း မယုံကြည်သဖြင့် ရှေ့သို့ဆက်သွားလေသည်။ မြစ်ကမ်းပါးသို့ရောက်သောအခါ အားလုံးက ပျော်ရွှင်ကြလေသည်။ လှေများ၊ သစ်ဖောင်များ၊ ဝါးဖောင်များကိုကြည့်ရှုကြသည်။ ရုတ်တစ်ရက်မြစ်ရေမှာ ပိုတက်လာရာ လေးစို့ထိုင်သည့်နေရာ၌ မြေကျွံသွားပြီး လေးစို့မှာရေထဲသို့ ကျသွားပြီး စစ်တောင်း

မြစ်ထဲသို့ မျောပါသွားလေသည်။ သူ့ညီ၊ ညီမနှင့်သူငယ်ချင်းများမှာ ဘာမှ မလုပ်တတ်ဘဲ ကြောက်ရွံ့ပြီး အိမ်သို့ငိုယိုပြန်သွားလေသည်။ လူကြီးများရောက်လာသောအခါ နောက်ကျသွားပေပြီ။ ဘာမျှမတွေ့တော့ပါ။ ရေနဲ့နဲ့ ကျသွားသောအခါ ဗမာလူကြီးတစ်ဦးမှာ သူ့ပိုက်ကွန်ကို သွားကြည့်ရာ ကလေးတစ်ဦး သူ့ပိုက်ကွန်ဘေး၌ ပေါ်နေသည်ကိုတွေ့သဖြင့် လန့်ဖြန့်သွားလေသည်။ သူက မန်းကတန်း ကလေးကိုဆယ်ယူပြီး ဇောက်ထိုးချကာ ရေများကိုအန်ထုတ်စေပြီးမှ ပါးစပ်ထဲသို့လေကိုရှူသွင်းရာ ကလေးမှာ အသက်ပြန်ရှူပြီး တစ်ဖြေးဖြေး သတိရလာသည်။ သူသတိရလာသောအခါ သူ့နံဘေးမှ လူများကို ကြည့်ရာ တစ်ဦးကိုမျှမသိပါ။ သူများ ဗမာစကားပြောသည်ကိုလည်း သူနားမလည်ပါ။ ဝမ်းနည်းပမ်းနည်းဖြင့် အသားကုန်ငိုကြွေးရာ၊ ဗမာလူကြီးက သူ့ကိုကရင်ရွာတစ်ရွာဖြစ်သော “ဂေါ်ကလား” ရွာသို့ပို့ဆောင်လေသည်။ ဧည့်သည်တစ်ဦး ထိုရွာသို့လာလည်သောအခါ ထိုကလေးကိုတောင်းရာ အားလုံးက လွယ်လွယ်ကူကူ ပေးလိုက်သည်။ ထိုဧည့်သည်မှာ ချမ်းသာသော်လည်းသား၊ သမီးမရှိပါ။ ထိုဧည့်သည်အမည်မှာ သဘွါလယ်ဝါးဖြစ်ပြီး လေးစိုးကို မွေးစားခဲ့သည့်လူကြီးလူကောင်းဖြစ်ပေသည်။ သူသည် ထိုင်းနိုင်ငံမှ ကရင်အမျိုးသားကြီးဖြစ်သည်။ သူသည်အလွန်ပျော်သွားပြီး လေးစိုးကို ချစ်မြတ်နိုးစွာနှင့် “မူးနေလယ့်” ဟုအမည်ပေးလေသည်။

မူးနေလယ့်မှာ သူ၏အတိတ်ကို တစ်ဖြေးဖြေးပြန်လည်သတိရလာပြီး မေးကနဲဖြစ်သွားလေသည်။ သူ့အမေက သူ့ကို “ဖိုးခွားရေ ထမင်းစားကြမယ်... စားသောက်ပြီးရင် သေသါကလော့ကို သွားကြရအောင် ... မရောက်တာကြာပြီ” သူ့အမေမှာ သူအိပ်ပျော်သွားသည်ကို မသိပါ။ သူကမန်းကတန်းသူ့လက်မှ နာရီကို ကြည့်သောအခါ နံနက် ၉ နာရီရှိပြီဖြစ်သည်။ ဝမ်းကလည်းတကြုတ်ကြုတ် မြည်နေရာအောက်ထပ်သို့ဆင်း၍ သူ့မိခင်နှင့်အတူ ထမင်းဝင်စားလေသည်။ ထမင်းစားနေစဉ်သူ့မိခင်အား ...



“မိုးမိုရေ … ဒီနေ့သားအိမ်မှာဘဲ နားချင်တယ်… ဒီနေ့မနက်အိပ်ယာထတုန်းက ဘယ်ဘက်မျက်ခွံလှုပ်တယ်… နောက်ပြီးလိပ်ပြာတစ်ကောင် သားခေါင်းရင်းမှာ လာနားတဲ့အတွက် ဧည့်သည်တစ်ယောက်ယောက်များ လာမလားလို့” ဟုပြောလိုက်လေသည်။ သူ့မိခင်ကလည်း ပြုံးပြီး “အင်းလေ … ဒါဆိုရင်လဲ နေခဲ့ပေါ့ ” ဟုပြန်ပြောလေသည်။

ဖခင်မှာမူ ထောင့်တစ်နေရာ၌ သတင်းစာဖတ်နေပြီး ဘာမျှမပြောပါ။ မိဘနှစ်ဦးလုံးသားကို အလွန်ချစ်ကြသည်။ လေးစိုးမှာ သားလိမ္မာဖြစ်ပြီး … မိဘနှစ်ဦးကိုလည်း အမြဲစိတ်ချမ်းသာမှုပေးသည်။ မိဘများ၏ ခြံလုပ်ငန်း၌ ကူညီစောင့်ရှောက်ပြီး စိတ်ပါလက်ပါ လုပ်ကျွေးပြုစုလေသည်။ သူသည် တစ်ဦးတည်းသောသားဖြစ်သဖြင့် (၁၀) တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်ပါ။ ခြံလုပ်ငန်းမှဝင်ငွေဖြင့် အလျှံပယ်စားသောက်နိုင်သည့်အပြင် အသုံးအဖြုန်းလည်းမရှိသဖြင့် ငွေအမြောက်အများ စုနိုင်လေသည်။ အိမ်တွင်လည်း စံနစ်တကျစီမံခန့်ခွဲသဖြင့် မိဘနှစ်ဦးမှာ ဤသားတစ်ယောက်အတွက် ကျေနပ်နှစ်သိမ့်မှုအပြည့် ရရှိလေသည်။ နော်လော်အယ်၏ သတင်းပို့မှုကြောင့် မူးနေလယ့်မိဘနှင့် မောင်နှမသူငယ်ချင်းများ ဒွိုင်းစကက်သို့ ရောက်လာကြသည်။ သဘ္ဘောတောလာရောက်ပို့ဆောင်ပေးခြင်းဖြစ်သည်။ မိဘများမှာ ဆံဖြူသွားကျိုး၊ အသားအရေတွန့်နေပြီး နော်တူးလူး၊ နော်ဝါးဖိုးတို့မှာ ဖြူဖြူလှလှဖြစ်ကြပြီး အယ်ဒါဂေးမှာ လူပျိုဖားဖားကြီးဖြစ်ပြီး အားလုံးဝမ်းသာမျက်ရည်များနှင့် ပြည့်နေကြသည်။ မူးနေလယ့်မှာ မိဘနှစ်ပါး၏ အလှအပနှင့် အားအင်များအားအချိန်ကာလက ပြောင်းလဲပစ်လိုက်ခြင်းအတွက် လွန်စွာစိတ်မကောင်းဖြစ်မိသည်။ မိဘနှစ်ပါးမှာ သားလေးစောလေးစို့ရေ နစ်သေသွားခဲ့ပြီး ဟုထင်ထားရာမှ အသက်ရှိသေးကြောင်း ကြားသိရသောအခါ သံသယစိတ်ဖြင့်လာခဲ့သော်လည်း သားကိုအမှန်တစ်ကယ် တွေ့ရသောအခါ ဝမ်းလဲဝမ်းသာ၊ စိတ်လဲထိခိုက်ရသော နေ့တစ်နေ့ဖြစ်နေလေသည်။

မူးနေလယ့် “ဒါနဲ့ဘောဘောတစ်ယောက်ကော… ဘယ်ရောက်သွားလဲ”



နော်ဝါးဖိုး "ဘောဘောနေကောင်းပါတယ်... သူလည်းမကြာခင် အိမ်ထောင်ပြုတော့မှာမို့ တူးလူးကို သတို့သမီးအရံလုပ်ခိုင်းတယ်... သတို့သားအရံက တော့ အယ်ဒါဂေးကိုခိုင်းမယ်"

မူးနေလယ့် "ငါလဲလက်ထပ်ချင်ပြီ... ဒါပေမဲ့ ငါ့ကိုချစ်တဲ့သူတစ်ယောက်မှ မရှိသေးဘူး... ညီလေး၊ ညီမလေးတို့ရေ... မင်းတို့ဘောဘောကို ငါသူ့ကိုသတိရကြောင်း ပြောပေးပါ... သူလက်မထပ်ခင် ငါ့ကိုလာတွေ့ပါလို့... ငါ့ကိုတစ်ယောက်ယောက်က ချစ်ပြီး... လူကြီးတွေသွားတောင်းပေးပြီးလို့ လက်ထပ်မယ်ဆိုရင် ... တူးလူးနဲ့အယ်ဒါဂေးအပျိုရံနဲ့ လူပျိုရံ လာလုပ်ပေးအုန်းနော်"

လော်အယ် "ဘာဖြစ်လို့ ဘောဘောနဲ့ အတူတူဖြစ်ချင်ရတာလဲ"

မူးနေလယ့် "ဘောဘောဟာ ငါဘယ်တော့မှမေ့မရတဲ့သူ... နောက်ဆိုသူနဲ့ ဘယ်တော့မှ တွေ့ရမှာမဟုတ်လို့ သတို့သားအရံနဲ့ သတို့သမီးအရံကို အတူတူဖြစ်အောင် ရွေးခြယ်ရတာလေ"

မိဘနှစ်ဘက်စလုံး တွေ့ဆုံမိသည့်အချိန်နှင့်ကြုံကြိုက်သဖြင့် မူးနေလယ့်မှာ နော်လော်အယ်အား မေတ္တာရှိကြောင်းဖွင့်ပြောရာ မိဘမောင်နှမများမှာ အလွန်သဘောတူသဖြင့် မင်္ဂလာနေ့ရက်ကို ဝါခေါင်လဆန်းပထမပတ် သောကြာနေ့အဖြစ် သတ်မှတ်ကြလေသည်။

နော်ဝါးဖိုး "စောရေ... စောဖြစ်စေချင်တဲ့အတိုင်း သတို့သမီးအရံနဲ့ သတို့သားအရံဟာ တူးလူးနဲ့အယ်ဒါဂေးဖြစ်တယ်... သတို့သားက မူးနေလယ့်... သတို့သမီးက နော်လော်အယ်တဖြစ်လဲ ဘောဘောဖြစ်တယ်"

မူးနေလယ့် "ဟုတ်လား ဘောဘောနဲ့လော်အယ်ဟာ တစ်ယောက်ထဲလား"

လော်အယ် "မပြောချင်ပါဘူး ... လော်အယ်တစ်ယောက်လုံး ဘေးမှာရှိတာတောင် ဘောဘောကိုဘဲယောင်ခေါ်နေပြီးတော့"

မူးနေလယ့် "အိုး... အတူတူဘဲချစ်ပြီး... အတူတူဘဲသတိရတယ်... ပျော်လိုက်တာ ... ပျော်လိုက်တာ" အခြားသူများ အချင်းချင်းလက်တို့ကာ သူတို့နှစ်ဦး အနီးမှ အလျိုအလျိုထွက်သွားကြလေသည်။ ယင်းတို့နှစ်ဦးသာ ပျော်မဆုံးတော့ဘဲ ထာဝရလက်တွဲသွားကြရန် ကတိစကားများ ပြောဆိုနေကြတော့သည်။



# ဖားမော်လော

ရောင်နီပေါ်ထွန်း၍ နေခြည်နီနီရဲရဲများ ကမ္ဘာမြေပေါ်သို့ ကျရောက်လာသည့်အချိန် သမယ၌ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး လှပတင့်တယ်ပြီး သေးဘာခိုရွာအနီးပတ်ပတ်လည်ရှိ တလင်းပြင်များမှာ လူသားအားလုံးအား သာယာကြည်နူးစေလေသည်။ သေးဘာခိုရွာသည် ရွာအကြီးအကဲနှင့် ဘိုးဘေးအဆက်ဆက်တို့ အုပ်ချုပ်စီမံမှုအောက်တွင် သီးသီးသန့်သန့်တည်ရှိနေလေသည်။ သေးဘာခိုရွာကလေးသည် တောင်ခြေတစ်ခု၌ တည်ရှိပြီး ဘေးပတ်ပတ်လည်တွင် တောင်တန်းကြီးများ ကာရံထားလျက်ရှိသည်။ ရွာ၏မြောက်ဘက်တွင် ယောလူးချောင်းဟူသော မြစ်တစ်စင်းရှိပြီး အရှေ့အရပ်မှအနောက်အရပ်သို့ စီးဆင်းနေရာ ရွာသူရွာသားများအတွက် သောက်သုံးရန်နှင့် သန့်စင်ရန်အတွက် အမွေအနှစ်ဖြစ်ပေသည်။ ရွာနံဘေးမှရွာထဲသို့ လှမ်းကြည့်လိုက်လျှင် အိမ်ခေါင်မိုးအားလုံးလိုလိုညီနေသည်ကို တွေ့ရမည်ဖြစ်ပြီး ရွာ၏ထိပ်အကျဆုံးရှိ သစ်ပင်တစ်ပင်နံဘေး၌ ထူးထူးခြားခြား အိမ်တစ်လုံးကို တွေ့ရမည်ဖြစ်သည်။ ကြမ်းပေါက်ကြားမှ သေသေချာချာစူးစိုက်ကြည့်ပါက မီးဖိုအောက်၌ လူတစ်ယောက်စန့်စန့်ကြီးလှဲနေသည်ကို တွေ့ရမည်ဖြစ်သည်။ မီးဖိုတစ်ဖက်၌ အရောင်အမျိုးမျိုးနှင့် ခွေးလေးကောင်တို့သည် ကြမ်းပေါ်၌ ဝပ်စင်းနေကြပြီး မျက်လုံးများ မှေးစင်းနေကြလေသည်။ မီးဖိုဘေး၌ မီးများရဲရဲတောက်နေသဖြင့် ကျောဆန့်လှဲလျောင်းနေသူမှာ အသက်မှန်မှန်ရှူနေပြီး သူ့အပေါင်းအဖေါ်လေးကောင်မှာ သူတို့သခင်နိုးအလာကို ပျင်းရိစွာစောင့်နေလေသည်။ ဤလူတစ်ယောက်ကို သက်ကြီးရွယ်အိုများကဖား (ဖိုး) မော်လော၊ လူငယ်ပိုင်းကစော (အစ်ကို) မော်လော ဟုခေါ်ကြပြီး ကလေးများက တီး (ဦးလေး) မော်လော ဟုခေါ်ကြသည်။

လူပျိုကြီးဖါးမော်လောမှ ရုပ်ရည်အသင့်အတင့်ရှိပြီး လူတိုင်းနှင့်ပေါင်း၍ရသည်။ မယ်ကြီး၊ ဖိုးကြီး၊ လူငယ်လူရွယ်၊ ကလေးအားလုံးက ချစ်ခင်ကြသည်။ တစ်

ယောက်ထဲနေပြီး အေးအေးဆေးဆေးနှင့် အပူအပင်မရှိသည်ကို အခြားသူများ မသိရင်သာနေမည်၊ သေးဘာခိုတစ်ရွာလုံးကတော့ သိရှိလေသည်။ သူသည် သဘောကောင်း၊ အပေါင်းအသင်းခင်ပြီး ဧည့်ဝတ်ကျေသည်။ ပြောစရာဆို၍ သူ့အားနည်းချက်တစ်ခုမှာပေ့ါ တီးပေ့ါဆစိတ် အနည်းငယ်ရှိခြင်းပင်။

"ဝေး... ဖားမော်လော မထသေးဘူးလား... နေဖင်ထိုးတော့မယ် ... တစ်ခါမှ မထတော့ဘူး"

ဖား (ဖိုး) မော်လော "အာ... အွန်... သူများအိပ်လို့ ကောင်းနေတုန်း လာနိုးပြန်ပြီ... ဘာများလဲ တီးသကော... စောစောစီးစီး ပျော်မြူးနေတာ... ဘယ်သွားမလို့လဲ"

တီး (ဦးလေး) သကော "အေ... ဖားမော်လော မင်းထကြည့်စမ်းပါအုန်း... နေအတော်မြင့်နေပြီ... သူများတွေ တောင်ယာခုတ်တာ တစ်မျှော်တစ်ခေကြီး ရနေလောက်ပြီ ... မင်းကတော့ အိပ်တုန်းဘယ်လိုလုပ်မလဲ"

ဖားမော်လော "မလိုပါဘူးတီးသကောရယ်... ဖြေးဖြေးလုပ်လဲရပါတယ်... သားမရှိ... မယားမရှိ... ဘာလို့လောနေရမလဲ။ တီးလဲ ကလေးမရှိ... လင်မယားနှစ်ယောက်ဘဲရှိတာ... ဒါလောက်ပူစရာလိုလို့လား"

တီးသကော "ပူရတယ်ဟေ့... ပူရတယ်... မဟုတ်ရင် မင်းအဒေါ်ရဲ့ အဆူအပူနဲ့ တစ်ခါမှမလွတ်ဘူး"

ဖားမော်လော "ဒီမှာ... တီးသကော... ညတုန်းက ကျွန်တော်အိမ်မက်အရမ်းကောင်းတယ်... တောထဲသွားရင်တော့ အလုပ်ဖြစ်မယ်... ဘယ်လိုလဲ... လိုက်မလား"

တီးသကော "မင်းဟာက... သူများတွေက တောင်ယာခုတ်သွားတယ်... ငါတို့က တောထဲသွားတယ်... စဉ်းဘဲစဉ်းစားကြည့်ပါအုံး ... ဟုတ်သေးရဲ့လား"

ဖားမော်လော "အို... တီးသကောကလဲ တောင်ယာက နောက်မှခုတ်လဲရတာဘဲဟာ... အချိန်တွေအများကြီးရှိသေးတယ်... ဒီတစ်ရက်ကလေးဘဲ တောထဲသွားတာ... ဘာမှမဖြစ်လောက်ပါဘူး"

တီးသကော "ကောင်းပြီလေ... ဒါဆို ငါတို့တောင်ယာခုတ်မသွားတော့ဘူး... ငါမင်းနောက်လိုက်မယ်... မင်းပြောသလိုအလုပ်မဖြစ်ရင်တော့ နောက်ဆိုမင်းကို ငါလုံးဝအဖက်မလုပ်တော့ဘူး"

"ဝေး... တီးမော်လော ဒီမနက် တောင်ယာခုတ်မသွားဘူးလား... ဘာလဲ... အိမ်မက်ကောင်းတယ်ထင်တယ်... မျက်နှာကပြုံးစေ့စေ့နဲ့"

ဖားမော်လော "ဟေ့... ဟေ့... နေဖေါ မင်းတောင်ယာခုတ်သွားမလို့လား... မသွားနဲ့... ငါ့နောက်လိုက်... မင်းငါ့နောက်အမြဲလိုက်တာ ငါ့အကြောင်းသိတယ် မဟုတ်လား"

တီးသကော "ဟေ့ ... ဟေ့... နေဖေါ မင်းသွားစရာရှိတာ သွားသာသွား... မော်လောနဲ့ လိုက်မရောနဲ့"

နေဖေါ "သြော်... ဖူး (အဖိုး) သကော... ဖူးလဲလိုက်မလို့လား... အတော်ဘဲ သုံးယောက်သွားတော့ လူပိုများပြီး ပိုကောင်းတာပေါ့"

တီးသကော "ဟားဟား... ကောင်းပြီ... ကောင်းပြီ မော်လော... မင်းဘဲသွားမယ်ပြောပြီး ထပြီးပြင်ဆင်လေ... အဲဒီမှာဘဲကျောခင်းနေ... မြန်မြန်လုပ်... ချက်ပြုတ်ပြီးပြီလား"

မော်လော " အိုး... ကြက်ဖမတွန်ခင်ကထဲက ချက်ပြုတ်ပြီးကုန်ပြီ... ပျင်းပျင်းနဲ့ ပြန်နှပ်နေတာ... ခဏစောင့်နော်... ခွေးတွေ အစာကျွေးလိုက်အုံးမယ်..."

"ကူးရှူး... ကူးရှူး... ကူးရှူး... ဖားကဝေါ ... ဖားဂ... ကဝေါခို... မိုဂဲ... လာလာစားကြ... စားပြီးရန်မဖြစ်ကြနဲ့... တုတ်စာမိမယ်"

တောင်စွယ်တောင်တန်း၊ တောကြီးမျက်မည်းမှာ သားရဲတိရစ္ဆာန်၊ တောကြောင်တို့၏ နေရာထိုင်ခင်းဖြစ်ပေသည်။ သေးဘာခိုရွာမှ တောကြီးထဲသို့ မျှော်ကြည့်ပါက စိမ်းစိုစွာမြင်ရပြီး တောကောင်အမျိုးမျိုးဖြစ်သော မျောက်၊ မျောက်ညို၊ တောကြောင်၊ ဘုတ်ငှက်၊ တောကြက်စသည်တို့ အမျိုးမျိုးရှိသည်။ ဖားမော်လောသည် တောလိုက်အလုပ်နှင့် အသက်မွေးသူ မဟုတ်သော်လည်း တောကျွမ်းကာ အမဲကောင်တို့၏ အထာကိုသိသဖြင့် သူ့မြားတစ်ချက်မြည်တိုင်း တစ်ခုခု

တော့ ရတာသေချာလေသည်။ သူတို့သုံးဦးသား တောလိုက်ထွက်သည်မှာ မွန်းတည့်လေပြီ။ တောကောင်အမျိုးမျိုးကို နှစ်ယောက်ထမ်းစာရပြီးဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ အလွဲအချော်ရှိတတ်သဖြင့် ဖားမော်လော ဘယ်လောက်ပင် လက်ဖြောင့်စေကာမူ တစ်ခါတစ်ရံ ချော်တတ်ပါသည်။

တီးသကော "မော်လော... ဟိုအကိုင်းပေါ်ကိုကြည့်စမ်း... ဘာကောင်ကြီးလဲ... ဩော်... ဩော်... မျောက်ညို... မျောက်ညို"
မော်လော "နေဖော... ငါ့ မြားယူခဲ့... ငါဆော်ထည့်လိုက်မယ်"
"ဒွိး"
"အါ... ငါ့မြားယူပြေးပြီ... နေဖော... ကြည့်ထား ကြည့်ထား... ဟော့... လဲကျတော့မယ်... ကျွတ်... ကျွတ်... အား... ချွေးတွေကလည်း နွေးလိုက်တာ ... ကြည့်... လွတ်သွားပြီ... ဒီချွေးတွေ... သေဘို့ကောင်းပြီ... သွား... မျောက်ညိုနောက်လိုက်သွား... ငါခါးနဲ့ပိုင်းလိုက်လို့ လည်ချောင်းပြုတ်ကျသွားမယ်"
တီးသကော "မော်လော ... အဲလိုမဆဲနဲ့လေ... လူကြီးသူမတွေက ပြောကြတယ်... ဒီတောကြီးက သူများဆဲဆိုတာကို မကြိုက်ဘူး... မင်းလုပ်တာနဲ့ ... တောစောင့်နတ်၊ တောင်စောင့်နတ်တွေ ငါတို့ကိုစိတ်ဆိုးတော့မှာဘဲ"
မော်လော "ဆိုးချင်ဆိုးပေ့စေ... တီးသကော စိတ်မဆိုးရင်တော်ပြီ... ဟီးဟီး"
နေဖော "တီးမော်လော... တီးလုပ်တာ ကျွန်တော်ကြက်သီးမွေး ညင်းတောင်ထလာပြီ"
မော်လော "နေဖော... စကားမများနဲ့ ... ငါမင်းကို ချွေးနဲ့အတူဆဲမိနေအုန်းမယ်"
တီးသကော "ကဲကဲမော်လော... ငါဗိုက်ဆာပြီ... ထမင်းစားကြစို့လား"
မော်လော "စားဆိုလဲစားကြတာပေ့ါ... ဟိုမှာ... ဟိုကျောက်ပေါ်မှာ သွားစားရအောင်... နေဖော... ရေသွားခပ်ချေ၊ တီးသကော ... ကျွန်တော်တို့ ရှဉ့်တစ်ယောက်တစ်ကောင်စီ ကင်စားရအောင်... စားလို့ဝပါတယ်နော"
တီးသကော "တော်ပြီ ... ကျန်တာအိမ်ကိုယူသွားကြမယ်... မင်းမီးမွှေး... ငါကဆုတောင်းမယ်"

မော်လော "အား… ရှဉ့်ကင်နဲ့ကမွှေးလိုက်တာ… ဗိုက်တောင်ဆာလာပြီ… ခြေ တောင်မသယ်နိုင်တော့ဘူး … ကဲ… ကဲ… နေဖော … ဆာရင်ထမင်းထုပ်ယူခဲ့… ဒီကျောက်ပေါ်မှာခင်း… တီးသကော… တီးကအသက်အကြီးဆုံးဆိုတော့ ထမင်းဦးချရမယ်"

တီးသကော "အေး အေး … မင်းတို့ထမင်းဦးနဲ့နဲ့စီယူခဲ့ကြ… ရေရှင်… ပြည့်ရှင် တောရှင် အခု ထမင်းဦးချပါတယ်… ကျွန်ုပ်တို့ကိုကူညီမစ"

"ကိန်ကိန်… ကိန်ကိန်… ကိန်… ကိန်ကိန်"

"ဟေ့… ခွေးတွေ… ဘာဖြစ်တာလဲ… ဟောင်နေလိုက်တာ… မော်လော … ဘာဖြစ်တာလဲ… ငါ… အသက်တောင် ထွက်ခါနီးပြီ"

နေဖော "ဟေ့… ဟေ့… တီးမော်လော… အနောက်က ကျောက်တုံးထိပ်မှာ ဘာကောင်ကြီးလဲ… ကျွန်တော်တို့ကိုငုံ့ကြည့်နေတယ်… မျက်နှာကကြောင် နဲ့တူတယ်… ကြောင်အကြီးစားများလား"

မော်လော "အာ… နေဖေါ… မင်းအဖေကမင်းကို အဲဒါကြောင်လို့ သင်ထား သလား"

တီးသကော "မော်လောရေ… ဟိုမှာငုံ့ကြည့်နေတဲ့အကောင်ကို ငါမကြည့်ရဲ ဘူး"

နေဖော "မြန်မြန်လုပ်… ပြန်ကြမယ်"

မော်လော "အား… ထမင်းတောင်မစားရသေးဘူး"

တီးသကော "စားမနေနဲ့တော့… မင်းကိုကျားအစိမ်းလိုက် ဝါးစားသွားမှာ မသိ ဘူးလား… ဘာမှယူမနေနဲ့တော့… ပြန်ကြမယ်"

တီးသကော "ဟူး… အွန်… မော်လော… မော်လော… ငါမင်းကိုပြောသားဘဲ… အရမ်းအရမ်းမဆဲနဲ့လို့… မျောက်တွေ… နှမျောလိုက်တာ"

မော်လော "မနှမျောနဲ့"

တီးသကော "မြန်မြန်လုပ်… အဲဒီမှာဘဲအချိန်ဆွဲမနေနဲ့… နေဖေါရေ… ပြေး… ပြေး" ထိုအဖြစ်အပျက်ကြောင့် သေးဘာခိုရွာလေးတွင် ယခုထိတိုင် ကဗျာ တစ်ပုဒ် စွဲကျန်ရှိလေသည်။



“မော်လော၊ သကော၊  ဖားနေဖော ဟာဘွာတကလေနောတာဘလော တက လေတကလော ခိုတိုလို ဘာခေဘော်သိုအမယ့်ကလို” (မိၣ်လီ, သးကီ, ဖါန့ၢ်ဖိ ဟားပှၢ်တကျူ့ၣ်နီတဘျီ တကျုၣ်တကျီခိၣ်တိၤလိၤ ဘၣ်ဃူ့ၣ်ဘီၣ်သိၣ်အမဲာ်ကျိၣ်) အဓိပ္ပါယ်မှာ မော်လော၊ သကောနှင့်နေဖေါတို့ တောလိုက်လျှင် တစ်ခါမျှ မလွဲ ချော်ပါ။ လွဲချော်မဲ့ လွဲချော်တော့လည်း ကျားနဲ့မှထိပ်တိုက်တိုးလို့ မျက်လုံးပြူး အောင်ပြေးရတယ် ဟူ၍ဖြစ်သည်။

“နေထွက်လာပြီ... ကြက်ကလေးတွေ အိပ်နေကြတယ်... အိုး... လွမ်းစရာ ကောင်းလိုက်တာ... ဟွန်း... ဒီတောင်ယာခုတ်ရတာပျင်းစရာကောင်းလိုက် တာ”

“ဟေ့... မော်လော... မင်းကဗျာဆိုတာကြီးကလဲ... မိုးကြိုးပစ်နေအုံးမယ်”

မော်လော“ဟား... တီးသကော... ကျွန်တော့ကို လာကူမလို့လား”

တီးသကော “မလုပ်နဲ့ ... မလုပ်နဲ့... မနေ့က မင်းနောက်အလိုက်ကောင်းလို့ အဆူအပွက်ခံရတာ... ခုထိမပြီးသေးဘူး... အသစ်ထပ်မလုပ်နဲ့တော့... အာ... မင်းဘယ်လိုခုတ်တာလဲ... သစ်ငုတ်တွေအရှည်ကြီးကျန်ခဲ့တာ... နဲနဲတိုအောင် ခုတ်လေ... မင်းတစ်ယောက်ကတော့လေ”

မော်လော “အာလား ဘယ်လိုခုတ်ခုတ်... ကျိုးရင်ပြီးရောပေ့ါ... ဟိုးအမြစ် အထိမခုတ်နိုင်ပါဘူး”

တီးသကော “မော်လောရေ... မင်းတစ်ယောက်ဟာလေ ပြောရင်အဲလိုဘဲ ပြန် ပြောတယ်... ဒါကြောင့်ခုထိမစွံတာ... မင်းကိုင်းငုတ်တွေ ဒါလောက်ရှည်တာ ကိုင်းတွေမြေပေါ်ထိကျိုးမကျတာ မီးရှို့တဲ့အခါ ဘယ်လိုမီးတောက်မလဲ”

မော်လော “မသိဘူး... သူများရှို့တာတောင်တောက်တာ... ကျွန်တော်တို့ရှို့လဲ တောက်ရမှာပေ့ါ... ကျောက်တောင်မှ မီးမြှိုက်ရင် တောက်သေးတာဘဲ”

တန်ခူးလေပူများ သဘာဝလောကထဲမှ ပြန်လည်ထွက်ခွါဘို့ နှုတ်ဆက်နေကြ သည်။ နေဝန်းကြီး တောင်ကြားထဲသို့ ပျောက်ကွယ်မသွားမီ သေးဘားခိုရွာထဲ မှ အနီးအနားတစ်ဝိုက်သို့ လှမ်းကြည့်လျှင် မီးတောက်နီနီနှင့် မီးခိုးလုံးမဲမဲများ၊

သစ်၊ ဝါးတို့ ပေါက်ကွဲသံများ တစ်ဖောင်းဖောင်းကြားရပြီး ကောင်းကင်တစ်ခုလုံး မှောင်အတိ ဖြစ်နေသည်ကို တွေ့ရမည်။ မီးတောက်များတစ်ဖြေးဖြေး အညွန့်ကျိုးသွားချိန် တောင်ယာတစ်ခုသို့ လှမ်းကြည့်ပါက မီးခိုးများအကြားတွင် ပုံသဏ္ဍာန်မဲမဲတစ်ခု ပါးစပ်လှုပ်စိလှုပ်စိနှင့် တစ်ယောက်ထဲ အသံထွက် ရေရွတ်နေလေသည်။

မော်လော "ဒီ ... ဒီ ... မီးတွေကလဲတောက်ခဲလိုက်တာ ... လောင်တာကောင်းကောင်းမလောင်ဘူး ဟိုတစ်ကွက်ဒီတစ်ကွက် ထားခဲ့တယ်... အငုတ်တွေက ဟိုတစ်ကွက်ဒီတစ်ကွက်နဲ့ ပြန်ခုတ်လို့တောင် လွယ်ပဲ့မလားမသိဘူး... ခက်လိုက်တာနော်"

နေဖေါ် "တီးမော်လော... မီးတောက်ရဲ့လား... တစ်ယောက်ထဲ တောင်ယာထဲမှာ ပွစိပွစိနဲ့ ... ဘာပြောနေတာလဲ"

မော်လော "နေဖေါ်... လာစကားများမနေနဲ့... မီးတောက်လား... မတောက်လားကြည့်ပါလား... ကြက်မကွက်ကြားမရဲ့ အမွေးကျနေတာဘဲ ... ဟိုတစ်ကွက် ဒီတစ်ကွက်ဝါနေတာ... ငါစိတ်သိပ်မကောင်းနိုင်တော့ဘူး... တီးသကောသာ လာတွေ့ရင် ဘာပြောမလဲတောင်မသိတော့ဘူး... အွန်... ပြောလို့မှမဆုံးသေးဘူး... ဟိုမှာရောက်လာပြီ မျက်နှာရှုံ့... နှာခေါင်းရှုံ့နဲ့"

တီးသကော "ဝေး... မော်လော... မင်းတောင်ယာမီးတောက်ရဲ့လား... မင်းတောင့်တောင့်ကြီးရပ်နေတာ... ဟိုနတ်ကနား ကတော့မဲ့အတိုင်းဘဲ... မျက်နှာမကောင်းဘာမကောင်းနဲ့... ဘာဖြစ်နေတာလဲ"

မော်လော "မီးတောက်လား မတောက်လား... ဟိုမှာကြည့်ပါလား"

တီးသကော "အို... ငါ့လူ... မင်းဟာက ပြန်ခုတ်လို့မှရပဲ့မလား... မင်းတောင်ယာက ဒီလောက်တောင်ကျယ်ပြီး မီးကောင်းကောင်းမတောက်လို့ကတော့ ခေါင်းဖြူတဲ့အထိ ခုတ်ရတော့မယ်... ဘါဖြစ်တာလဲ... မင်းတစ်ခုခုများ အစားမှားပြီလား"

မော်လော "မသိတော့ပါဘူး... အား... အခုမှသတိရတယ်... ကျွန်တော်တောင်

ယာခုတ်တဲ့တစ်မနက်တုန်းက… အိမ်အပြန်လမ်းမှာ ချေတစ်ကောင်ရတယ်… ကျွန်တော်ပြန်ချက်စားတာ… နေဖေါတောင် ကျွန်တော်နဲ့လာစားသေးတယ်… ကျွန်တော်အိမ်တွေကို တောင်လျှောက်ပို့လိုက်သေးတယ်… သတိရသေးရဲ့လား”

နေဖေါ “ဟုတ်တယ်… ဟုတ်တယ် … ကျွန်တော်တို့ ထမင်းစားပြီးတော့ အသားတွေကို ကျွန်တော့်ကိုထမ်းပြီး လိုက်ပို့ခိုင်းတယ်လေ… “ဖူးပိုဝီး” အိမ်အထိတောင် ရောက်တယ်… အဲဒီနေ့ဘဲမဟုတ်လား”

တီးသကော “မော်လော… မင်းဟာလေ ကလေးလဲမဟုတ်တော့ဘူး … ပြောရင် ဘယ်တော့မှ နားမထောင်ဘူး… လူကြီးတွေကပြောတယ်… တောင်ယာခုတ်ပြီး မီးမရှို့ခင်မှာ အစာလျှောက်မစားရဘူး… မင်းကချေသားသွားစားတော့ မင်းတောင်ယာကဝါနေတာပေ့ါ… နောက်ကိုမြဲမြဲမှတ်ထား”

မော်လော “တီးသကော… အရင်တုန်းကတော့ဘာမှမပြောဘူး… ခုမှလာဆူတယ်… တီးအလုပ်ပြီးရင် ကျွန်တော့တောင်ယာကို လာကူခုတ်ရမယ်… နေဖေါရောဘဲ… မကူလို့ကတော့ နောက်ကိုလုံးဝ မပတ်သက်တော့ဘူး”

ရာသီစက်ဝန်းတို့သည် တစ်ရွေ့ရွေ့လည်နေသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး အမျိုးမျိုးပြောင်းလဲနေပေသည်။ နွေမှမိုး၊ မိုးမှမိုးကုန်လုပြီ။ စပါးနှံများ ရွှေရောင်သန်းလာရာမှ ရင့်မှည့်လာပြီးရိတ်သိမ်းကြ၊ ကောက်လှိုင်းစည်းများ စည်းကာနေလှမ်းကြ၊ စပါးနယ်ကြ၊ စပါးလှေ့ကြ၊ နောက်ဆုံးစပါးကျီများ အတွင်းသို့ပင် ထည့်သွင်းပြီးလေပြီ။ သေးဘာခိုရွာရှိ အိမ်တိုင်းလိုလိုမိမိတို့ တောင်ယာထဲသို့ သွားပြီးအသီးအနှံများကို ပြန်ကောက်ကြသကဲ့သို့ ဖားမော်လောလည်း ပလိုင်းကိုလွယ်ပြီး ကောက်ရိုးပြတ်များအကြား တေးသံညည်းကာ လက်နှစ်ဖက်ကလည်း ဟိုဘက်ဒီဘက်လွဲပြီး လျှောက်နေသည်။ ပါးစပ်တွင်ဆေးတံကို ခဲထားကာ အနီးကပ်ကြည့်ပါက သူ့မျက်နှာမှာ ကျေနပ်မှုအပြည့်နှင့်ပြုံးရွှင်နေသည်ကို တွေ့ရမည်။



တီးသကော "မော်လော... ဒီမနက်မင်းမျက်နှာကိုကြည့်ရတာ... မျောက်အုန်သီးရသလိုဘဲ ... တစ်ခုခုတော့တစ်ခုခုဘဲ"
မော်လော "ဟါး... တီးသကော... အတော်ဘဲ ... ဒီမနက် ကျွန်တော်သုံးပုလင်းတည်လို့ရတယ်... ကျွန်တော့်မှာအဖေါ်မရှိဘူး... အိမ်ကိုလိုက်ခဲ့... မြန်မြန်... မြန်မြန်... ကျွန်တော်အတီးကိုမျှော်နေတာ... ယာထဲသွားတယ်မှတ်နေတာ"
တီးသကော "လုပ်ပြီ... လုပ်ပြီ... မင်းအဒေါ် ငါ့ကိုဆူရင် မင်းကူပြောပေးရမယ်နော်"
မော်လော "မလိုပါဘူး... ကျွန်တော့်အဒေါ်ကို ကျွန်တော်မီးသေပါတယ်... ကျွန်တော်ပြောရင် အားလုံးလက်ခံပြီးသားဘဲ... ကဲ... တီးသကော... အိမ်ပေါ်တက်နှင့်... ကျွန်တော်ဒီပစ္စည်းတွေကို အိမ်နောက်မှာသွားထားလိုက်အုန်းမယ်"
တီးသကော "မော်လော... မင်းစပါးဘယ်နှစ်တောင်ရလဲ... ငါတော့နှစ်တောင်တောင်မပြည့်ချင်ဘူး"
မော်လော "ကျွန်တော့်စပါးကသုံးတောင်... လေးတောင်ရှိမှာပေ့ါ... ဒီမှာအတီး... အတီးက အသက်ပိုကြီးလို့အရင်ဦးချ"
တီးသကော "ရေရှင်... ပြည့်ရှင်... အရက်နဲ့ထမင်း ဦးဦးဖျားဖျားကို ဦးချပါတယ်... စောင့်ရှောက်တော်မူပါ... ကျွန်တော့်တူ ဖားမော်လောကို ကြီးပွါးချမ်းသာအောင် စောင့်ရှောက်ပါ... အခုသူအချိန်တန်ပြီးမို့ ဇနီးမယားတစ်ဦးကိုလဲရှာပေးပါ"
မော်လော "အာ... တီးဆုတောင်းတာ ကျွန်တော်ကြက်သီးတွေထလိုက်တာ"
တီးသကော "မော်လော... ငါမင်းကိုပြောပြမယ်... မနေ့က 'ပိုဝီး' ဆီသွားလည်တော့... သီးချိန်ပွင့်ချိန်တန်ပြီမို့... မင်းအတွက်သူတစ်ခုခုစီစဉ်နေတယ်"
"ဝေး... တီးမော်လော... ဖူးပိုဝီးက သူ့ဆီအခုအမြန်လာပါတဲ့" ဟုနေဖေါ် အော်ခေါ်သံကိုကြားရ၏။
တီးသကော "ကြည့်... ငါပြောတာတောင်မဆုံးသေးဘူး... မင်းကိုလာခေါ်နေပြီ"
မော် လော "နေဖေါ် ... ပြန်ထားနှင့် ... ငါမင်းနောက်လိုက်ခဲ့မယ်"



တီးသကော "မော်လော ... ကုန်အောင်မြန်မြန်သောက်လိုက်... မင်းဦးလေး မင်းကိုမှာနေပြီ... မြန်မြန်သွား... တော်ကြာစိတ်တိုနေအုန်းမယ်"
ပိုဝီး "မော်လော... လာ... ဒီမှာထိုင်... ငါမင်းကို အခုပြောမဲ့စကားကို သေသေချာချာနားထောင်ပြီး ဆုံးဖြတ်... သကော... မင်းကဟိုဘက်မှာထိုင်... ဒီနှစ် မင်းခုတ်တဲ့ တောင်ယာဟာ ဘယ်နှစ်နှစ်ရှိပြီလို့မင်းထင်သလဲ"
မော်လော "မသိဘူး ဖားဒီ (ဦးကြီး)"
ပိုဝီး "မင်းမသိဘူးဆို ငါပြောပြမယ်... ဒီယာဟာ မင်းတစ်သက်ရှိပြီ... မင်းအဖေ ဒီယာကိုခုတ်တာ မင်းမွေးစနှစ်မှာ... အခုအထိတွက်ရင် အနှစ်လေးဆယ်ရှိပြီ... မင်းအခု အချိန်တန်လို့မက လွန်တောင်လွန်နေပြီ... မင်းမိဘတွေက မင်းငါးနှစ်သားကထဲက ဆုံးသွားကြတာ... မင်းကိုလူလားမြောက်တဲ့အထိ ငါတို့ကကြည့်ရှုခဲ့တယ်... မင်းဖာသာ မင်းလုပ်ကိုင်နိုင်မှ သီးသန့်နေခဲ့ပေမဲ့ ငါတို့တွေ မင်းကို ဟိုးရွာထိပ်မှာ အိမ်ဆောက်ပေးခဲ့ရတာကို မင်းသိရဲ့လား"
မော်လော "မသိဘူးဖားဒီ"
ပိုဝီး "ငါတို့မှာညီအစ်ကို (၃) ယောက်ရှိတယ်... မင်းအဖေဖားသာလောက အကြီးဆုံးဖြစ်တယ်... ငါကနို့ညာ... သကောကအငယ်ဆုံး... မင်းကို သေးဘာခိုရွာအကြောင်း နည်းနည်းပြောပြရမယ်... ဒီသေးဘာခိုရွာဟာ ဟိုးအရင်ထဲက သူကြီးက ငါတို့အဖိုးဖြစ်တယ်... ဒို့ခေတ်ကျတော့ မင်းအဖေကသူကြီးဖြစ်တယ်... မင်းအဖေဆုံးရင် သူ့သားဦးက သူကြီးဖြစ်ရမှာ ဒါပေမဲ့ မင်းအဖေက စောစောစီးစီးဆုံးသွားပြီး မင်းကငယ်သေးတဲ့အတွက် ရွာသူရွာသားတွေက ငါ့ကို တာဝန်ပေးခဲ့တယ်... ခုတော့မင်းဟာ လူလားမြောက်ပြီ... ဒါကြောင့် ဒီတာဝန်ကို မင်းကိုပြန်လွှဲပေးရမယ်... မင်းတစ်ယောက်ထဲ ယောင်တောင်ပေါင်တောင် နေလို့ မရတော့ဘူး... မင်းရဲ့ကြင်ဖက်ကိုရှာပေးပြီးမှ မင်းကိုသူကြီးရာထူး ပြန်လွှဲပေးလို့ရမယ်... တောင်းဆိုတာအကွပ်ရှိမှမြဲမှာ... ဒါကြောင့်အခု မင်းကို တည့်တည့်ဘဲ ပြောမယ်... မင်းကိုပိုစေးဝါးရဲ့ နို့ညာသမီးနမူဂဲနဲ့ လက်ထပ်ပေးမယ်... မင်းဘယ်လိုထင်လဲ... သဘောတူရဲ့လား"
တီးသကော "အိုး သူကြိုက်နေတာကြာလှပြီ... မပြောရဲတာ ခုတော့စူဠာလိပ်...

ရေထဲကျသလိုဖြစ်ပြီး ပျော်လွန်းလို့မြောက်တက်သွားပြီ…"
ပိုဝီး "သကော… စကားကောင်းပြောနေတာ… မဖောက်နဲ့၊ ဘယ်လိုလဲ မော်လော… စဉ်းစားကြည့်"
မော်လော "ဖားဒီတို့ကြိုက်သလိုစီစဉ်ပါ… ကျွန်တော်လက်ခံပါတယ်"
"ဒါဆို… ကောင်းပြီ"
"ဒူဝေဝေ – ဒူ– ဝေ – ဝေ – ဒူ – ဒူ – ဒူ"
"ဟိတ်… ပိုဝီး မောင်းတီးတဲ့သံကြားလား … သွား… သွား … ဘာပြောမလဲ… အစားအသောက်အကြောင်းတော့ မဟုတ်တန်ဘူး… ခုမှကောက်သိမ်းပြီးခါ စရှိသေးတယ်… သားတို့အမေရေ… သွားလိုက်ပါအုံး… ငါ့တောင်းနဲ့နဲ့အစ သတ်လိုက်အုံးမယ်"
ပိုဝီး "ရွာသူရွာသားတွေ… အပေါင်းတို့ နားထောင်ကြ… ခုငါတို့လယ်လုပ်ငန်းတွေ သိမ်းပြီးမို့… အလုပ်တစ်ခုလုပ်ဘို့ အကြောင်းပေါ်လာပြီ… ခု ငါတို့ သူကြီးအသစ်တင်ပွဲလုပ်ရမယ်… သူကြီးမတင်ခင် သူ့ကို လက်ထပ်ထိမ်းမြား ပေးရမယ်… မိန်းကလေးရှင့်ရဲ မိဘနဲ့တိုင်ပင်ပြီး ရက်ကောင်းရက်မြတ်ရွေးပြီး ပြီ… တပို့တွဲလ (၃) ရက်နေ့မှာ မင်္ဂလာပွဲရှိတဲ့အတွက် အိမ်တိုင်း၊ အိမ်တိုင်း ဒီတစ်လအတွင်း စပါးတွေထောင်း… ထမင်းချက်၊ အရက်ချက်ထားကြ… အပျို လူပျိုတွေကတော့ ဧည့်သည်တွေအတွက် မကျွပ်တွေထိုးကြ"

ဒိုကြီးအဂေးနဝါးဟား လာအားအား၊ တခွားနဂေနဝါးဝိုး လာအားအား
ခူလော်ပဒဲလေးဒါဘူး လာအားအား၊ ဒါပလီ ဒါဂို ပဒဲအသအူး လာအားအား

"ဟော့… ဟိုမှာ … အရက်တောင်းနေပြီ… သွားချေ"
ပိုဝီး "သားတို့ … မြေးတို့ရေ … နှစ်ခါကျက် … နှစ်ခါဆူ… မြင်းသောက်မြင်းရှူး… ဆင်သောက်… ဆင်နားကောက်… အရှူးသောက်… အရှူးကောင်းလာ… လူကောင်းသောက်… လူကောင်းရှူး…သောက်ပြီးသတိထားကြ … သူများသား မယားနဲ့ပြစ်မှားမိမယ်… သူများအိုး … ပုလင်းခွဲမိမယ်"

“ကဲ… ညရောက်ပြီ… သတို့သားကိုအခန်းအပ်ကြစို့… ထမင်းကူစားသူ… မင်းက အခန်းအဆုံးထိလိုက်လို့မရဘူးနော်… သတို့သားနဲ့သတို့သမီးကို ဘယ်သူ ဆုတောင်းပေးမလဲ”
ရွာသားများ “ဖားဒီပိုဝီး… ဒီမှာသားတို့သမီး တို့ကိုဆုတောင်းပေးရမယ်”
ပိုဝီး “ကဲ… သတို့သားနဲ့သတို့သမီး… ယှဉ်အိပ်ပြီးစောင်ခြုံကြ… အရှင်သခင်… ရွာရှင်… တောတောင်ပိုင်ရှင်များ… ကျွန်တော်တို့သားသမီးနှစ်ယောက် ဒီနေ့မှစ၍ တစ်ယောက်တည်းဖြစ်ပြီး… စောင့်ရှောက်တော်မူပါ… သားသမီးများနဲ့ ပြည့်စုံကြွယ်ဝပြီးသား တစ်ကျိပ်… မြေးတစ်ရာရတဲ့အထိ… ထာဝရသာ ယာချမ်းမြေ့ပါစေ”
ရွာသားများ “တောင်းတဲ့ဆုနဲ့ပြည့်ပါစေ”

နာရီလက်တံကလေးတစ်ဖြေးဖြေး ချင်းသွားနေသော်လည်း ညအမှောင်ကို ကျော်လွန်ပြီး နေ့အသစ်တစ်ဖန်ရောက်လာပြန်ပြီ။ နေခြည်များ ဝင်းဝင်းဝါဝါ ကျရောက်လာချိန်… ပန်းများအကြား လိပ်ပြာကလေးများ ပျံဝဲနေသကဲ့သို့… တောင်ယာ သစ်စပါးငုတ်တိုများ အကြားသင်တိုင်းကြီးနှင့် သင်တိုင်းနက်ကလေးတို့ တစ်ယောက်နှင့်တစ်ယောက် ကြည်စယ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ချစ်ခြင်း၊ ကျေနပ်ခြင်းတို့ဖြင့် ကြည့်နေကြသည်မှာ ကမ္ဘာလောက ကြီးထဲ၌ သူတို့နှစ်ဦး ထဲသာရှိသကဲ့သို့ ထင်ရသည်။ ရုတ်တရက် သူတို့ကြည်နူးမှုကို ဖျက်ဆီးသော ခြေသံဖျတ်ဖျတ်မှာ ကန်သင်းထက်၌ ပေါ်လာသဖြင့် ဖားမော်လောက မော့ကြည့်ရာ နေဖေါကိုတွေ့ရလေသည်။
“ဟော့… နေဖေါ… ဘယ်သွားမလို့လဲ… ဩ… တီးသကောလဲပါလာတာကိုး… ဘယ်သွားကြမလို့လဲ”
နေဖေါ “ဟီးဟီး… ဟားဟား… တီးတို့ကိုလာကြည့်တာ… တီးမော်လော… ဘယ်လိုလဲ… ညကအိမ်မက်ကောင်းရဲ့လား”
“ ဟား ဟား ဟား”
လေပြေလေညှင်းက ဤရယ်သံကို အဝေးသို့သယ်ဆောင်သွားလေသည်။



# ညောင်သီးစားမြားသံစွင့်

ကျွန်ုပ်တို့ ကရင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများမှာ တင့်တယ်လှပပြီး မည်သည့်လူမျိုးတစ်မျိုးမျိုးမဆို ကရင့်ရပ်ဌာနေသို့ ရောက်ရှိပါက တွေ့မြင်ရသမျှသည် သူတို့အားစိတ်ကြည်နူးစေမည်ဖြစ်ပြီး ရိုးသားဖြောင့်မတ်မှု အပေါင်းနှင့်ယဉ်ကျေးမှု ဘုန်းအသရေနှင့် ပြည့်ဝသည်ကိုတွေ့ရပေမည်။ ဘိုးဘေးတို့သည် ပညာမကြွယ်ဝသော်လည်း မွေးရာပါအသိဉာဏ်ကြွယ်ဝပြီး မိမိရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းကြသဖြင့် သူတို့နှင့်သွား၍ မိတ်ဖွဲ့ပါက ဝမ်းမြောက်ဝမ်းသာညီညွတ်မှုဖြင့် ပြန်လည်တုန့်ပြန်မည်ဖြစ်ပြီး ဘဝင်မြင့်ခြင်းရှိပါ။ အချင်းချင်း ညီရင်းအစ်ကိုကဲ့သို့ အမြဲချစ်ကြည်ရင်းနှီးပြီး အေးချမ်းနေလေသည်။

တစ်ခါက သက်ကြီးရွယ်အိုတစ်ဦးထံ သွားလည်ရာ... ကရင်လူမျိုးတို့၏ယဉ်ကျေးမှုအကြောင်းကို ပြောပြလေသည်။ ထို့နောက်သူက “ငါတို့ကရင်လေးတွေဟာ ကရင်နဲ့တူအောင် အသက်ရှင်ရမယ်။ တစ်ခြားလူမျိုးတွေရဲ့ ယဉ်ကျေးမှုကို အထင်ကြီးပြီး ကိုယ့်လူမျိုးရဲ့ယဉ်ကျေးမှုကို တန်ဖိုးမထားတာမျိုး မဖြစ်ရဘူး” ဟူ၍ပြောရာ ကျွန်တော့်စိတ်ထဲမှ ဤဦးလေးကြီးမှာ သနားကြင်နာစိတ်ရှိပြီး မျိုးချစ်စိတ်ရှိသည့် သူတစ်ယောက်ဟူ၍ တွေးမိလေသည်။ တစ်ခါက ဤဦးလေးတွင် သားသမီးများစွာရှိပါသည်။ သားသမီးများ အိမ်ထောင်ပြုပါက အကြီးဆုံးမှစ၍ ကြီးစဉ်ငယ်လိုက်အိမ်ထောင်ပြုရမည်။ ကျော်ပြီးမပြုရပါ။ ကရင့်ရိုးရာယဉ်ကျေးမှု” လေ့ထုံးစံအရ ရှောင်ရမည့်အချက်ဖြစ်သည်။ တစ်ခါတစ်ရံ ချွတ်ချော်မှုရှိပြီး အငယ်ကအရင်အိမ်ထောင်ပြုပါက အကြီးများကို တစ်ခုခု ကန်တော့ရမည်။ မကန်တော့ပါက မကောင်းပါ။ မကြီးပွါးသည့်အပြင် အသက်မရှည်ပါ။ လင် သို့မဟုတ် မယားသေဆုံးတတ်သည်။ ဤသည်မှာ ရိုးသားဖြောင့်မတ်သော ကရင့်ဓလေ့ထုံးစံတစ်ခုဖြစ်သည်။ သားသမီးများကို အိမ်ထောင်ပြုပေးလျှင်လည်း သတို့သမီး၊ သတို့သားတို့နှစ်ဦးသည်သန့်ရှင်းရမည်။ တစ်ဦးနှင့်တစ်ဦး

မပစ်မှားရပါ။ သို့မှသာ ကောင်းကောင်းမွန်မွန် လက်ထပ်ပေးလေသည်။ မှား မိသောသူများကို လက်မထပ်ပေးပါ။ ရိုးသားမဖြောင့်မတ်ဟု ယူဆကာ လူကြီးများက အဖြစ်သာ လက်ထပ်ပေးလိုက်လေသည်။ အဖြစ်လက်ထပ်ခြင်းဆိုသည့်ထုံးတမ်းမှာ ယောကျ်ားလေးများက တဲသေးသေးလေးတစ်လုံးကဲ့သို့သော နေရာတစ်ခုကို ဆောက်ရမည်။

လက်ထပ်ထိမ်းမြားပေးခံရသည့် သူများမှာမူ ဂုဏ်သရေနှင့် ပြည့်စုံသော သူဖြစ်သောကြောင့် မိန်းကလေးထံသွားသည့်အခါ အုပ်စုလိုက်သွားကြလေသည်။ ဤသတို့သားအဖွဲ့ကို 'ဖေါဝါးဖိုး' (ပန်းဖြူ) ဟုခေါ်ပြီး လက်ခံကြိုဆိုသူ များကို 'ဖေါသူးဖိုး'(ပန်းမဲ) ဟုခေါ်ဆိုကြသည်။ သူတို့နှစ်ဖွဲ့တွေ့ဆုံသည့်အခါ အလွန်ပျော်ရွှင်ကြပါသည်။ အစားအသောက်မစားမီ လူကြီးများက ထမင်းခူးခိုင်းပြီး တစ်ဦးနှင့်တစ်ဦး အတတ်ပညာချင်း စမ်းကြလေသည်။ ဖေါသူးအဖွဲ့မှ ထမင်းကို ကျောက်ဖြစ်အောင်လုပ်ပြီး ထမင်းခပ်သည့်ဇွန်းကို မြွေဖြစ်အောင်ပြု လုပ်လေသည်။ ဟင်းကိုမူပိုးဟပ်ဖြစ်အောင် လုပ်လိုက်လေသည်။ ပြီးဖေါဝါးအဖွဲ့ကို ထမင်းခေါ်ကျွေးသည်။ သူတို့က ထမင်း၊ ဟင်း၊ ဇွန်းများကို နဂိုအတိုင်းပြန် ဖြစ်အောင်ပြုလုပ်ပြီးမှ စားသောက်နိုင်ပေသည်။ မပြုလုပ်နိုင်ပါက ထမင်းမစားရဘဲ အောင့်ထားရပေမည်။ ထမင်းပြင်ဆင်သည့်နေရာနှင့် အိုးထားသည့်နေရာကို ဖြတ်မသွားရပါ။ နှစ်ဖက်စလုံးက စောင့်နေလေသည်။ တစ်ယောက်ယောက်က မနာခံဘဲ ဖြတ်သွားပါက ရိုက်သတ်ခြင်းခံရပေမည်။

အကယ်၍ ဖေါဝါးဖိုးအဖွဲ့က ထမင်းဟင်းများကို နဂိုအတိုင်း ပြန်မပြောင်းနိုင်ပါက ပြုလုပ်သူများကို သွားတောင်းပန်ရလေသည်။ သို့မှသာ ဖေါသူးဖိုးအဖွဲ့မှ ပညာရှင်များက အစားအစာများကို နဂိုအတိုင်းပြန်လည်ပြောင်းလဲပေးပြီး ဖေါဝါးဖိုးအဖွဲ့မှ စားသောက်နိုင်ပေသည်။ ဖေါဝါးဖိုးအဖွဲ့မှလည်း သတို့သမီးမွေးထားသော ဝက်ခြံထဲမှ ဝက်တစ်ကောင်ကို သွားဖမ်းပြီး ပေါ်စားရသည့်ထုံးစံတစ်ခုရှိလေသည်။ သူတို့ဖာသာသူတို့ ပေါ်စားရမည်။ ဤဝက်တစ်ကောင်မှာ သတို့



သားနှင့် အပေါင်းအပါများနှင့်သာ သက်ဆိုင်လေသည်။ သူတို့သာ ပညာပြည့်ဝ ပါက ဝက်ကိုမီးရှို့ ပြီးခြေ၊ လက်တို့ကို အောက်သို့ချ ၍ တင်ပါးကိုသုံးချက်ရိုက်ပါ က ဤဝက်မှာ မြစ်ထဲအထိပြေးလေသည်။ ထိုအခါ သူတို့ခုတ်ထစ်ပြီး ထိုအ တိုင်းသော်လည်းကောင်း ချက်ပြုတ်၍သော်လည်းကောင်း စားကြလေသည်။ မိန်းကလေးဘက်မှ ထိုအချင်းအရာကိုမြင်ပါက ဤသတို့သားမှာ အတတ်ပညာ နှင့် ပြည့်စုံသည့် ယောကျ်ားကောင်းတစ်ယောက်ဖြစ်မှန်း သိရှိသဖြင့် ဘဝတစ် လျှောက်လုံးအတွက် လွန်စွာ ဝမ်းမြောက်ပျော်ရွှင်လေသည်။ လက်ထပ်သည့် အခမ်းအနားပြီးပါက ဖေါဝါးဖိုးတို့ပြန်ရမည်ဖြစ်သည်။ သူတို့ခရာများ မှုတ်၊ လင်း ကွင်းများတီး၊ ဖားစည်ကိုတီး၍ ကဗျာဖွဲ့ကာ လိုချင်သည့်အရာများကို ကဗျာ၊ လင်္ကာများဖြင့် တောင်းလေသည်။ သူတို့တောင်းသည့်အရာများ ရရှိသောအခါ ပြန်ကြလေသည်။ သတို့သမီးတောင်းရမ်းသည့်လူကြီးများက ဝက်ခေါင်းကို သတို့သားအိမ်သို့ ထမ်းသွားရသည်။ ဤသည်မှာ ဘိုးဘေးတို့ အမွေပေးခဲ့ သည့် ရိုးရာအမွေအနှစ်ဖြစ်လေသည်။ သတို့သားနှင့် သူငယ်ချင်းတစ်ယောက် နှစ်ယောက်မှာ သတို့သားနှင့်အတူ နေခဲ့ရလေသည်။ ညရောက်သည့်အခါ သတို့သားကို သတို့သမီးအိပ်ခန်းသို့ ပို့ဆောင်ရလေသည်။ နံနက်ရောက်လျှင် သတို့သား၊ သတို့သမီးနှင့် ရွာသူရွာသားများမြစ်၊ ချောင်းသို့သွား၍ ငါးရှာထွက် ရသည်။ သို့သွားရာတွင် စားရန်ကွမ်းတစ်ယာလည်း ထည့်သွားရလေသည်။ အတူလိုက်သွားသူများက သတို့သား၊ သတို့သမီးတို့၏ ဘဝရှေ့ရေးအတွက် ဆုမွန်ကောင်းများ တောင်းပေးကြသည်။ သတို့သား၊ သတို့သမီးနှစ်ယောက် မှာ ဇနီးက ယောကျ်ားရက်ပေးသော ပလိုင်းကိုလွယ်ရပြီး၊ ယောကျ်ားက ဇနီး ရက်ပေးသော အိတ်ကိုလွယ်ရမည်။ ကရင်အဝတ်အစားကို ဝတ်ဆင်ရမည်။ ယောကျ်ားက သင်တိုင်းအနီကို ဝတ်ရပြီး၊ ဇနီးက သင်တိုင်းတိုနှင့် ထမီကို ဝတ် ဆင်ရမည်။ ခေါင်းတွင် ပိုးခေါင်းစည်းကို စည်းရပြီး အများအကြားတွင် ပေါ်လွင်နေ ရမည်။ ရွာသူ၊ ရွာသားများက ရေကိုတမံပြုလုပ်ပြီး ရေကိုခပ်ထုတ်၍ ရေကုန် သွားပါက မည်သူမျှ အရင်ငါးဆင်းမဖမ်းရပါ။ ဇနီးမောင်နှံနှစ်ဦးကို အရင်ဖမ်း စေ သည်။ သူတို့နှစ်ဦး ငါးတစ်ယောက်တစ်မျိုးစီရပါက ဆက်မဖမ်းရတော့ဘဲ ကုန်း



ပေါ်သို့ ပြန်တက်လာစေသည်။ ပြီးနောက်ရွာသူရွာသားများကို ကွမ်းများယာပေး ရမည်ဖြစ်ပြီး ရွာသူရွာသားများကမူ တမံထဲသို့ ငါးများဆင်းဖမ်းရသည်မှာ လွန် စွာ ပျော်စရာကောင်းလှသည်။ ပြန်ချိန်တန်သောအခါ တစ်ယောက်ကဖား၊ တစ် ယောက်ကငါး အသီးသီးလာပေးရာ နောက်ဆုံးပလိုင်းပြည့်လေသည်။ ရွာပေး သူများမှာ တောင်းပင်မပြည့်တတ်ပါ။ ပြီးလျှင်ပြန်လာကြရာ လမ်းတစ်လျှောက် ကွမ်းများစားပြီး၊ ကွမ်းတံထွေးများ ထွေးကြရာ တစ်လမ်းလုံး ရဲရဲနီနေလေသည်။

သတို့သမီးအိမ်တွင် သုံးရက်နေပြီးနောက် သတို့သားမှာ မိမိအိမ်သို့ပြန်ရမည် ဖြစ်သည်။ ဦးစွာတစ်ဦးတည်း အရင်ပြန်ကြည့်ရသည်။ လမ်းပေါက်ပြီဆိုမှ သူ ၏ဇနီးကို ပြန်ခေါ်လာရမည်။ သတို့သမီးမှာ ယောက္ခမအိမ်တွင် ဆန်ပြန်ထောင်း ရမည်။ သူတို့နှင့်အတူ သူငယ်ချင်းများ လိုက်ပါလာပါသည်။ ယောက္ခမက ဝမ်း မြောက်စွာကြိုဆိုလေသည်။ နံနက်လင်းလျှင် ချွေးမကဆန်ထောင်းရမည်ဖြစ် သည်။ ယောက္ခမက ချွေးမမှာမိန်းမပီသမှုရှိ၊ မရှိစမ်းသပ်လို၍ ညသန်းခေါင်အ ချိန်တွင် ကြက်ဥကိုဆုံထဲ၌ သွားဖွက်ထားလေသည်။ ချွေးမမှာ ဗိုင်းကောင်း ကျောက်ဖိဖြစ်ပါကသတိရှိပြီး ဆန်ကိုကြက်ဥနှင့် ရောမထောင်းမိပါ။ နမော်နမဲ့ ချွေးမဖြစ်ပါက ဆန်နှင့်ကြက်ဥကို ရောထောင်းမိပေမည်။ ထို့ကြောင့်လူကြီးမိဘ များ၏ စကားပုံတစ်ခုရှိသည်။ ကြက်ဖမှန်လျှင် အမောက်ကြည့်ခြင်းဖြင့် သိနိုင် သည် ဟူ၍ဖြစ်သည်။

ကရင်လူမျိုးမိန်းမ၊ ယောကျ်ားအချင်းချင်း ပြောမှားဆိုမှားမဖြစ်ရအောင် အပျို များမှာ သင်တိုင်းအနက်မဝတ်ရပါ။ ယောကျ်ားရသည့်အထိ သင်တိုင်းအဖြူကို သာဝတ်ဆင်ရမည်။ သင်တိုင်းအဖြူဝတ်သောအပျိုမှာ သန့်ရှင်းပြီး မိမိဂုဏ်ရေ ကို ထိမ်းသိမ်းသည့်သူဖြစ်သည်။ သူ့သင်တိုင်းအဖြူကိုဖြစ်စေ၊ လက်ကိုဖြစ်စေ ကိုင်မိသောသူမှာ သူ့ကိုချစ်ရပေမည်။ မချစ်ပါက သူနှင့်သွားမပတ်သက်ရပါ။ အအိုများမှာမူ သင်တိုင်းအနက်ကို ဝတ်ရမည်။ သူသည်မလွတ်လပ်တော့ပါ။ ထို့ကြောင့် သင်တိုင်းအဖြူမဝတ်ရတော့ပါ။ သင်တိုင်းတိုကို ကြိမ်စေ့နှင့်ချုပ်ပြီး



ထမီဝတ်ရမည်။ ကြိမ်စေ့ကို သင်တိုင်းပေါ်ချုပ်ခြင်းမှာ ဤသူမှာ ပိုင်ဆိုင်သူရှိပြီ၊ မလွတ်လပ်တော့ပါ ဟူသည့်အဓိပ္ပါယ်ရှိသည်။ ထို့ကြောင့် အပျိုနှင့်အအိုအား ခွဲခြားနိုင်ပြီး မပစ်မှားမိတော့ပါ။

ရှေးကရင်လူမျိုးများတွင် လုပသောရိုးရာရှိသည်။ တစ်ခုခုလုပ်မည်ဆိုလျှင် ရှောင်ရမည့်အချက်များရှိသည်။ တောင်ယာခုတ်ရန် တောင်ယာရှာထွက်သည့်အခါ လမ်းတွင် မည်သည့်အနှောင့်အယှက်မျှမရှိရပါ။ မြွေဖြစ်စေ၊ စိုင်/ချေဖြစ်စေလမ်းဖြတ်ကူးလျှင်သော်လည်းကောင်း၊ ခြုံပုတ်ငှက်အသံကြားလျှင်သော်လည်းကောင်း နိမိတ်မကောင်း ဟုယူဆသည်။ လစ်လျူရှုပြီး ဆက်လုပ်ပါက မကောင်းသည့် တန်ပြန်မှုကိုခံရပေမည်။ ထို့ကြောင့် ရှောင်ကျဉ်လေသည်။ နေရာအသစ်ကိုစိတ်တိုင်း ကျရှာဖွေကြသည်။ တောင်ယာမီးရှို့ရာတွင်လည်း မြွေသေကျန်ပါက ထိုနေရာတွင် တောင်ယာမစိုက်တော့ပါ။ ထားခဲ့ရမည်ဖြစ်သည်။ မဟုတ်ပါကသား၊ မယား (သို့) လင်ယောကျ်ား သေဆုံးတတ်သည် ဟူ၍ယုံကြည်သောကြောင့် ဖြစ်သည်။

စူးထိုးသည့်အခါတွင် ပထမဦးဆုံး စူးထိုးရမည့်သူမှာ လူပျိုဖြစ်ရမည်။ ပျိုးကြဲသည့်သူမှာလည်း အပျိုဖြစ်ရမည်။ ဤလူနှစ်ဦးမှာ တစ်နေ့လုံး တစ်ယောက်နှင့် တစ်ယောက် မကြည့်စားရပါ။ စူးထိုး၊ ပျိုးကြဲရာတွင်လည်း ဓလေ့ထုံးစံတစ်ခုရှိသည်။ လူပျိုတစ်ဦးဦးသည် သူမျက်စေ့ကျနေသော အပျိုက ပျိုးမကြဲပေးပါက သူစိုးထိုးရာတွင် မည်သူ့ကိုမျှ မစောင့်တော့ပါ။ စူးကြီးသာ လိုမ့်ထိုးရာ သူစိုးထိုးပေါက်ကို လိုက်မမီတော့ပါ။ ထိုအခါအားလုံးက သူမျက်စေ့ကျနေသော အပျိုကိုရှာ ခေါ်ပေးရလေသည်။

မြက်ခုတ်သည့်အခါတွင်မူအဖိုးကြီး၊ အဖွားကြီးတို့သည် အတူအကွ ကဗျာလင်္ကာများဖွဲ့၍ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုရင်းမြက်ခုတ်ကြသည်မှာ ညနေအချိန်တိုင်အောင်ပင်ဖြစ်သည်။ ညနေရောက်လျှင် ပျော်ရွှင်စွာပြန်လာကြ



သည်။ စပါးရိတ်သိမ်းသည့်အချိန်မှာ ကရင်လူပျို အပျိုများအပျော်ရွှင်ဆုံး အချိန်ဖြစ်သည်။ လူပျို အပျိုများနံနက်စောစောအိပ်ရာထပြီး လယ်ထဲဆင်းရန် ပြင်ဆင်ကြသည်။ လူပျိုပေါက်စများက နံနက်စောစောတွင် ခရာမှုတ်ရာ ထိုခရာသံကိုကြားပါက အပျိုကလေးများကထ၍ လိုက်သွားကြသည်။ လယ်ထဲသို့ ရောက်သောအခါ အတူတကွစပါးရိတ်ကြလေသည်။ စုပေါင်းရိတ်သိမ်းသည့်အတွက် လွန်စွာအလုပ်တွင်လေသည်။ နားချိန်တွင် လယ်ယာပိုင်ရှင်က အပျိုလူပျိုတို့၏ ဓါးများ၊ တံစဉ်များအားလုံးကို သိမ်းပြီးအပျိုများကို အကုန်ပေးလိုက်လေသည်။ နောက်တစ်ခါ စပါးထပ်ရိတ်လျှင် လူပျိုများက အပျိုများထံသွား၍ စပါးစည်းများကို တောင်းရသည်။ မိန်းကလေးက လာတောင်းသောသူကို မနှစ်သက်ပါက စပါးစည်းကိုမပေးပါ။ သူနှစ်သက်သော တစ်ယောက်လာတောင်းမှ ပေးလိုက်လေသည်။ သို့နှင့် အပျိုရိတ်က လူပျိုတောင်း၊ လူပျိုရိတ်က အပျိုတောင်း ဖြစ်သွားလေသည်။ ဤသည်မှာ လူပျိုနှင့်အပျိုတို့ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ မိတ်ဖွဲ့၊ ရင်းနှီးစေပြီး အလုပ်လုပ်ရာတွင် မပင်ပန်းရန် လူကြီးသူမတို့က ပေးသောအခွင့်အရေး ဖြစ်ပေသည်။ သူတို့ ညနေစောင်းသည်အထိ စပါးရိတ်သိမ်းကြပြီး ခွဲခွာခါနီးတွင် ရိုးရာအတိုင်း ကဗျာ၊ လင်္ကာများဖြင့် အမှာစကား ပြောကြလေသည်။ သက်ကြီးရွယ်အိုများက ဤဓလေ့မှာ စပါးများ လုံလုံလောက်လောက်ရရှိပြီး ဝတ်မွတ်ခြင်း မဖြစ်ပေါ်ရန်ဖြစ်သည် ဟုပြောကြ ပါသည်။

ယနေ့ခေတ် ကရင်လူငယ်များမှာ အခြေအနေအရ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ပြီး ရိုးရာဓလေ့များအား မသိရှိကြတော့ပါ။ အပျို အအို အတူတူပင် ဝတ်စားဆင်ယင်ကြရာ ခွဲခြား၍မရတော့ပါ။ ထို့ကြောင့် ကရင်ရိုးရာယဉ်ကျေးမှုများ တစ်ဖြေးဖြေး ဆုတ်ယုတ်သွားပါသည်။ လက်ရှိကာလသည် တိုးတက်သော ခေတ်ဖြစ်သည်။ လူမျိုးခြားယဉ်ကျေးမှုများ ကျွန်ုပ်တို့ထံ များစွာဝင်ရောက်လာပါသည်။ မသုံးနှင့် ဟုမပြောလိုပါ။ သုံးသော်လည်း မိဘများထားရှိသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် သတိထားရမည်။ သို့မဟုတ် ဤစကားတစ်ခွန်းအတိုင်းကျင့်သုံးသင့်ပေသည်။ ညောင်သီးစား၊ မြားသံနားစွင့် ဟူ၍ဖြစ်သည်။



# ဖားဆုလယ်

ဟိုးလွန်လေပြီးသော ကမ္ဘာဦးအချိန်က မြန်မာနိုင်ငံတစ်နိုင်ငံလုံးသည် တောကြီးမျက်မည်းဖြစ်ပြီး သားရဲတိရစ္ဆာန်များ၊ ငှက်များနှင့် သဘာဝပေါက်ပင်အမျိုးမျိုးနှင့်ပြည့်နေလေသည်။ လူဦးရေများများမရှိသေးပါ။ အိမ်ခြေအနည်းငယ်သာ ရှိသည်။ ရှိနှင့်ပြီးသော သူများမှာ မွန်ဂိုးလီးယားမှ ရွှေ့လာသောသူများ မဟုတ်ပါ။ အစကနဦးပဝေသဏီထဲကရှိနှင့်သော မြင့်မြတ်သောသူများ၊ သူတော်စဉ်များနှင့် သူရဲကောင်းများဖြစ်ကြပေသည်။ ယွန်းစလင်းချောင်းနှင့် စစ်တောင်း မြစ်အကြားဖြစ်ပြီး ရှေးလူကြီးများက ပြောပြခဲ့သည်မှာ အိမ်ထောင်စုတစ်စုရှိသည်။ ဤအိမ်ထောင်စုတွင် သမီးကလေးနှစ်ယောက် ထွန်းကားလေသည်။ သမီးဦးကိုနော်ဝါး၊ အငယ်ကိုနော်သူး ဟုအမည်ပေးလေသည်။ ဤမိသားစုလေးမှာ ရှေးဘိုးဘေးတို့၏ အသက်မွေးသကဲ့သို့ တောင်ယာအလုပ်ဖြင့် အသက်မွေးလေသည်။ သူတို့တောင်ယာခုတ်ခြင်းဖြင့် ဆန်စပါးလုံလုံလောက်လောက် ရရှိပြီးကြွယ်ဝစွာ စားသုံးရရာ လွန်စွာသာယာချမ်းမြေ့လေသည်။ အပေါင်းအဖေါ် မရှိပါ။ မည်သူ့ကိုမျှလည်း မမြင်ဘူးပါ။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ မိဘနှစ်ပါးမှာ အိုမင်းလာပေသည်။ တစ်နေ့တွင် ဖခင်ဖြစ်သူမှာ ပြင်းပြင်းထန်ထန်နာမကျန်းဖြစ်ရာ သားမယားတို့ကလည်း တတ်စွမ်းသမျှ ဆေးများတိုက်ကျွေးပါသည်။ သို့သော်ဖခင်မှာ မသက်သာဘဲ ဆုံးသွားလေသည်။ အိမ်သူအိမ်သားများမှာ စိတ်ထိခိုက်လှစွာဖြင့် မျက်ရည်မျက်ခွက်နှင့် ဖခင်ကြီးအားကောင်းမွန်စွာ သင်္ဂြိုလ်လိုက်လေသည်။ ဖခင်ဆုံးပြီး မကြာခင်တွင် မိခင်ဖြစ်သူမှာလည်း ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်ကာ ဆုံးသွားပြန်လေသည်။ ဤတစ်ခါတွင်ဖြင့် သမီးနှစ်ယောက်အတွက် လွန်စွာဒုက္ခရောက်ပေပြီ။ ခေါ်စရာအဖေ၊ အမေ မရှိတော့ပါ။ နှစ်ဦးထဲတောကြီးမျက်မည်းထဲမှ အိမ်တစ်လုံးထဲတွင် ကြောက်ရွံ့စိတ်၊ ပူပင်သောကစိတ်၊ ဝမ်းနည်းစိတ်နှင့် မျက်ရည်အပြည့်နှင့် ကျန်ရစ်နေလေသည်။ သူတို့နှစ်ဦးမှာ မိတ်ဆွေများလည်း မတွေ့ဘူးပါ။ ကြာတော့ ဘာလုပ်ရ



မုန်း မတွေးတတ်တော့ပါ။ တစ်နေ့တွင် နော်ဝါးက သူညီမလေးနော်သူးအား "ဒေးသူးရေ… ဒို့နှစ်ယောက် ဒီအတိုင်းကြာကြာဆက်နေလို့တော့ မဖြစ်တော့ဘူးထင်တယ်… ငါတို့မျိုးရိုးတုံးကုန်မယ်… ဒို့တွေမျိုးရိုးမတိမ်ကောရအောင် လမ်းရှာရမယ်" ပြီးနောက်ထပ်မံ၍ ညီမလေးအား "ဒေသူးရေ… ကောက်ညှင်းပေါင်းပေါင်းပြီး ခေါပြင်ထောင်းထား" ဟုပြောပြန်လေသည်။ ညီအစ်မနှစ်ဦး ကောက်ညှင်းပေါင်းပြီး ခေါပြင်ထောင်းကြလေသည်။ တစ်ယောက်တစ်ထမ်းစာ ရသောအခါ ခရီးထွက်ရန် ပြင်ဆင်ပြီးခရီးထွက်ကြလေသည်။ လမ်းတွင် ဆာလျှင်ခေါပြင်ကို စားကြလေသည်။ ရက်များကြာလာသောအခါ သူတို့ထမ်းလာသော ခေါပြင်များ ကုန်သွားလေသည်။ သို့သော် တစ်စုံတစ်ဦးကိုမျှ မတွေ့ရပါ။ မြစ်တစ်စင်းကိုသာ တွေ့ရလေသည်။ နော်ဝါးသည် သူညီမလေးအား "ညီမလေးရေ… ဒို့နှစ်ယောက်ဟာ ဘာဖြစ်လို့လဲ… လာဘ်ပိတ်နေလို့များလား… လူတစ်ယောက်ကိုမှ မတွေ့ရဘူး… ခု… ဒို့တွေလမ်းခွဲကြစို့… ညီမလေးက မြစ်ကိုစုန်ဆင်းသွား… အနော (အစ်မ) က မြစ်ကိုဆန်ထက်သွားမယ်" ဟုပြောရာ … ညီမလေးနော်သူးက "နောဝါးရေ… ညီမလေးတို့နှစ်ယောက် အတူတူဘဲ သွားကြမယ်" ဟုပြန်ပြောလိုက်လေသည်။ မည်မျှပင် တောင်းပန်သော်လည်း အစ်မဖြစ်သူမှာ ခွင့်မပြုဘဲ သူ့နောက်ပေးမလိုက်ပါ။ ညီမလေးမှာ မျက်ရည်မျက်ခွက်နှင့် အစ်မအားတောင်းပန်ပြန်သည်။ "နောဝါးရယ်… ညီမလေးကိုနဲနဲလေးမှ မသနားဘူးလား… တစ်ယောက် ထဲဘဲပေးသွားမှာလား" ဟုပြောရာ
"ဒေး(ညီမ)သူးရေ… အနောနောက်လိုက်လို့မရဘူး… ဒို့တွေလမ်းခွဲပြီး တစ်ယောက်တစ်လမ်းသွားရမယ်" ဟုပြန်ပြောပြီး မြစ်ကြောင်းအတိုင်းဆန်တက်သွားလေရာ၊ ညီမလေးမှာ ရင်ကွဲစွာဖြင့် မျက်ရည်လည်ရွဲနှင့် မြစ်ကြောင်းအတိုင်းစုန်ဆင်းသွားရလေသည်။

နော်ဝါးမှာ မြစ်ကိုဆန်တက်သွားရာမှ အဆုံးတွင်မြစ်နှင့်လာရောက်ဆက်နေသော လူသွားလမ်းတစ်ခုကို တွေ့ရလေသည်။ နော်ဝါးလည်း ထိုလမ်းအတိုင်းလိုက်သွားရာ အိမ်တစ်လုံးကို တွေ့ရပြီး ထိုပထမဆုံးတွေ့သောအိမ်တွင် တက်



နေလေသည်။ နော်ဝါးမှာ မိန်းကလေးများအားလုံးထဲတွင် ရုပ်ရည်လှပသော ကြောင့် လူပျိုအများက နှစ်သက်ကြလေသည်။ မကြာမီတွင် နော်ဝါးသည် ထိုရွာ မှာပင် အိမ်ထောင်ကျလေတော့သည်။ နှစ်အနည်းငယ်အတွင်း ချစ်စရာကောင်း လှသည့် သမီးကလေးတစ်ဦးကိုရရှိပြီး နော်ဘူးလာ ဟုအမည်ပေးလေသည်။ သိပ်မကြာခင်တွင် ခင်ပွန်းသည်မှာ ဆုံးသွားလေရာ နော်ဝါးမှာ သားအမိနှစ် ယောက်ထဲ လွှမ်းဆွေးစွာ ကျန်ရစ်လေသည်။ ခင်ပွန်းရှိစဉ်က ကောင်းကောင်းမွန် မွန် စားသောက်ဝတ်ဆင်ရသည်။ ခင်ပွန်းမရှိသည့်နောက်ပိုင်း မည်သို့လုပ်ကိုင် စားသောက်ရမည်ကို မသိတော့ပါ။ သို့နှင့် သူ့မှာမြက်ခုတ်၊ ကောက်စိုက် စသဖြင့် ကျပမ်းအလုပ်ကိုလိုက်၍ လုပ်ကိုင်ရလေသည်။ နေ့လုပ်နေ့စား၊ ညလုပ်ည စားဖြင့် လုပ်ကိုင်ရပြီး အိမ်စုတ်ကလေး သေးသေးလေးတစ်လုံးထဲတွင် နေထိုင် ရလေသည်။

ညီမငယ်နော်သူးမှာမူ မြစ်ကြောင်းအတိုင်းစုန်ဆင်းသွားရာ မည်သူတစ်ဦးတစ် ယောက်ကိုမျှ မတွေ့ရှိရပေ။ သူဟိုဟိုဒီဒီ လျှောက်ကြည့်ရာမှ ကျောက်တုံးကြီး တစ်တုံးကို တွေ့ရလေသည်။ ထိုကျောက်တုံးကြီးမှာ လှိုဏ်ခေါင်းရှိပြီး ထိုလှိုဏ် ခေါင်းသည် အလွန်နေချင့်စဖွယ်ဖြစ်၏။ နော်သူးသည် ထိုလှိုဏ်ခေါင်းထဲတွင် ဝင်နေလိုက်သည်။ ကျောက်တုံးကြီး၏ဘေးမှ အမြှုပ်နီနီဝါဝါတစ်လုံးပြီးတစ်လုံး ထွက်လာနေပြီး ၎င်းမှာ ကျောက်သွေးဖြစ်သည်။ နော်သူးမှာ ဆာလောင်လှ သည်မှာ သည်းအူပြတ်မတတ်ဖြစ်သည်။ ဘေးပတ်ပတ်လည်သို့ လျှောက်ကြည့် ရာ မည်သည့်စားစရာ မျှမတွေ့ရှိပါ။ နောက်ဆုံးမှာ ကြံရာမရဖြစ်ပြီး ထိုကျောက်အမြှုပ်နီနီဝါဝါကို စားကြည့်ရာ အရသာကောင်းသည်ကို တွေ့ရှိရပြီး အင်အားလည်း ပြည့်လာလေသည်။ နော်သူးမှာ အသားနီပြီး လွန်စွာလှပသော အပျိုမလေးဖြစ်သည်။ သူမသည် သူငယ်ချင်းတစ်ဦးတစ်ယောက်မျှ မရှိပါ။ သူလျှောက်သွားချင်လျှင် ကျောက်ဆောင်ကြီးဘေးပတ်ပတ်လည်၌ ငှက်ကလေး များနှင့် လျှောက်လည်လေသည်။ မကြာခင်သူသည် သူ့ကိုယ်သူကိုယ်ဝန်ရှိမှန်း သိလာလေသည်။ ၎င်းကိုယ်ဝန်ကို သုံးနှစ်နှင့်ခုနစ်လ လွယ်ထားရပြီး သားတစ်ဦး

ကို ဖွားမြင်လေသည်။ ကလေးမှာ ယောကျ်ားလေးဖြစ်သဖြင့် မိခင်က ‘ဖားဆု လယ်’ (ဖိုးကျောက်စုပ်) ဟုအမည်မှည့်ပေးလေသည်။ အဘယ်ကြောင့်ဆိုသော် မိခင်က ကျောက်သွေးကိုစားပြီး ကိုယ်ဝန်ရှိလာသောကြောင့် ဖြစ်သည်။ ကလေးမှာ အသက်ခုနစ်နှစ်ပြည့်မှ စကားကောင်းကောင်း ပြောတတ်လေသည်။ သားကလေးက တစ်နေ့တွင်မိခင်အား “မိုးမိုး (မေမေ) ရေ… သားတို့က နှစ်ယောက်ထဲရှိတာလား … သားအပါး (အဖေ) ဘယ်သွားနေလဲ… သားပါးပါး (ဖေဖေ) ရဲ့ မျက်နှာကို တစ်ခါမှမတွေ့ဖူးဘူး… သားရဲ့အပါးကိုတွေ့ချင်တယ်… ပြီးတော့ သားပါးပါးကို အရမ်းသတိရတယ်… ပါးပါးဘယ်သွားနေတာလဲ” ဟုမေးရာ မိခင်မှာ သားစကားကို ကြားသည့်အခါ တောင့်သွားပြီး မေ့မျောသွား လေသည်။ သားကလေးမှာ ဝမ်းနည်းလှစွာဖြင့် ငိုယိုပြီး မိခင်အား နှိုပ်ပေးလေ သည်။ ကြာကြာနှိပ်ပြီးသည့်အခါမှ မိခင်မှာ သတိပြန်လည်ရလာလေသည်။

နောက်တစ်ဖန် နော်သူးမှာညနေခင်းတွင် သားကလေးအား ကျောက်ဆောင် နံဘေးတစ်ဝိုက်၌ ဆော့ကစားစေပြီး ငှက်ကလေးများသားအမိ၊ သားအဖများ ပျံဝဲနေသည်ကို ကြည့်ရှုစေရာ အလွန်ပျော်စရာကောင်းလှသည့်အချိန် ဖြစ် သည်။ မကြာမီ သားကလေးက မိခင်အား “မိုးမိုးရေ… သားတို့နှစ်ယောက် ထဲရှိတာလား … သားအပါးဘယ်မှာလဲ” ဟုထပ်မေးပြန်သည်။ မိခင်မှာလည်း သားစကားကြားပြီးသည်နှင့် ထပ်မံ၍ သတိလစ်သွားပြန်လေသည်။ သားလေး ဖြစ်သူမှာလည်း စိတ်ထိခိုက်လှစွာနှင့် စိုးရိမ်ပူပန်စွာဖြင့် မိခင်အား ထပ်နှိပ်ပြန်လေ သည်။ မကြာခင်မိခင်မှာ သတိပြန်လည်လာပြီး သားကလေးအား “ဖိုးခွား (သား) ရေ… သားအပါးအကြောင်းမမေးပါနဲ့” ဟုပြန်ပြောပြီး မိခင်က သူမအ ကြောင်းများကို သားအားတစ်ဆင့်ပြီးတစ်ဆင့် ပြောပြလေသည်။ သားကလေး မှာ အချိန်ကြာမြင့်လာသောအခါ မိခင်မှာခဲ့သည်ကို မေ့သွားပြီးမိခင်အား “မိုး မိုးရေ… သားတို့နှစ်ယောက်ထဲရှိတာလား… ပါးပါးဘယ်သွားနေလဲ” မိခင်မှာ သားစကားအား ကြားသည်နှင့်တစ်ပြိုင်နက် မေ့မျောသွားလေသည်။ သား ကလေးမှာ မိခင်အား သတိပြန်လည်ရရန် နှိပ်သော်လည်း မိခင်မှာသတိပြန်



မလည်တော့ဘဲ ဆုံးသွားလေသည်။ သားကလေးမှာ ဝမ်းနည်းထိခိုက်စွာနှင့် ငိုကြွေးသည်မှာ မျက်လုံးတစ်ဖက် ကြက်ဥလောက်ဖောင်းလာသည့်အထိပင်ဖြစ်သည်။ မျက်ရည်လည်ရွဲဝမ်းနည်းလှစွာဖြင့် မိခင်အား မြှုပ်နှံသင်္ဂြိုဟ်လိုက်လေသည်။

ဤတစ်ခါတော့ဖြင့် သားကလေးမှာ ကျောက်ဆောင်ထဲတွင် တစ်ဦးထဲလွှမ်းဆွတ်စွာဖြင့် အထီးကျန်ကျန်နေလေတော့သည်။ ညနေစောင်းလျှင် မိခင်အား တမ်းတစိတ်ဖြင့် ကျောက်တုံးဘေးတစ်ဝိုက်ကိုသာ လှည့်လည်ပြီး ငှက်ကလေးများပျံဝဲနေသည်ကို ကြည့်လေသည်။ ညမိုးချုပ်လျှင် ကျောက်တုံးအတွင်း ပြန်ဝင်အိပ်ပြီး မိခင်အမွေကျွေးလေ့ရှိသော ကျောက်သွေးကို ယူစားလေသည်။ သူသည် ကျောက်တုံးထိပ်သို့ တစ်ခါမျှ မတက်ဖူးပါ။ ယခုဖားဆုလယ်မှာ အရွယ်ရောက်ပြီး ကြံ့အင်လက္ခဏာနှင့် ပြည့်စုံသော လူပျိုဖားဖားကြီး ဖြစ်နေပေပြီ။

တစ်နေ့တွင် စိတ်ထဲမှ ကျောက်တုံးထိပ်သို့ တက်ကြည့်ချင်စိတ် ဖြစ်ပေါ်လာလေသည်။ သူကျောက်တုံးထိပ်သို့ တက်သွားပြီး ကျောက်တုံးကို နှံ့နှံ့စပ်စပ် ကြည့်ရှုရာ ဤကျောက်တုံးမှာ လွန်စွာထူးဆန်းနေသည်ကို တွေ့ရသည်။ နားရွက်ကြီးနှစ်ခု၊ သွားရှည်ကြီးနှစ်ချောင်း၊ တစ်ချောင်းမှာ ရွှေဖြစ်ပြီး တစ်ချောင်းမှာ ငွေဖြစ်သည်။ အမြီးတစ်ချောင်းလည်းရှိသည်။ ကုန်းနှီးအကြီးကြီးတစ်ခုရှိပြီး ကုန်းနှီးထဲတွင် ရွှေမောင်းအကြီးကြီးတစ်လုံးရှိပြီး ၎င်းမှာ ငါးတောင်ပတ်လည်ရှိသည်။ လေးတစ်စင်းနှင့် မြားခုနစ်ချောင်းရှိသည်။ ဤကျောက်ကြီးမှာ ဆင်တစ်ကောင်နှင့် တူလှရာ ဖားဆုလယ်က သူ့လည်ကုပ်တည့်တည့်တွင် သွားထိုင်ပြီး ခြေနှစ်ချောင်းကို တွဲလောင်းချကာ အသာတို့လိုက်သည်။ ထိုအခါ ကျောက်တုံးကြီးမှာ လှုပ်ရှားလာပြီး နားရွက်နှစ်ဘက်ကို ခတ်ကာစတင်၍ သွားလေသည်။ ဖားဆုလယ်၏ ဆင်ကြီးမှာ ရေဆန်အတိုင်းတက်သွားပြီး အဆုံးတွင် မြစ်ဘေးသို့လာဆက်သော လမ်းတစ်ခုကို တွေ့ရ လေသည်။



ထိုလမ်းအတိုင်း ဆက်သွားရာ မနီးမဝေးတွင် ရွာတစ်ရွာအားတွေ့ရာ သူသည် ရွာထဲသို့ဝင်သွားပြီး သူပထမဦးဆုံး တွေ့သည့်အိမ်ပေါ်တက်၍ အိပ်လေသည်။ ဤအိမ်သေးသေးစုတ်စုတ်ကလေးသည် သူ့အဒေါ်နော်ဝါး၏ အိမ်ဖြစ်သည်။ သို့သော် သူ့အဒေါ်က သူ့ကိုမသိပါ။ သူကလဲ သူ့အဒေါ်ကို မသိပါ။ သူ့အဒေါ်က သူ့ကို "ငါ့အိမ်မှာမအိပ်နဲ့ ငါ့မှာဘာမှမရှိဘူး... အစားအသောက်လဲမရှိ... အိမ်လည်းမကောင်းဘူး... တစ်ခြားအိမ်တစ်လုံးလုံးမှာ သွားအိပ်ချေ" ဟုပြောရာ သူက "ကိစ္စမရှိဘူး ... ကျွန်တော်ဒီမှာဘဲအိပ်မယ်" ဟုပြန်ဖြေလေသည်။

ဖားဆုလယ်သည် ဆင်ပေါ်မှဆင်း၍ ဆင်ကုန်းနှီး၊ မောင်းနှင့်လေးကိုချလေသည်။ ဤမောင်းတစ်လုံးကို ထိပ်ဖက်မှ လူခြောက်ယောက်နှင့် နောက်ဖက်မှ လူခြောက်ယောက်မရမည်ဖြစ်သော်လည်း ဖားဆုလယ်မှာမူ အသာကလေးချလိုက်နိုင်လေသည်။ ပြီးနောက် ဆင်ကြီးကိုလွှတ်လိုက်ပြီး အဒေါ်နော်ဝါးအိမ်ပေါ်သို့ တက်အိပ်လေသည်။ ဆင်ဘယ်သို့သွားသည်ကို သူမသိတော့ပါ။ ဖားဆုလယ်မှာ အဒေါ်နှင့်နေထိုင်ပြီး အဒေါ်အားလုပ်ကိုင်ကျွေးမွေးရာ ကုံလုံကြွယ်ဝစွာ စားသောက်ရလေသည်။ တစ်နေ့တွင် ဖားဆုလယ်သည် သူ့အဒေါ်အား ဤသို့ပြောသည်။ "အဒေါ်... အဒေါ့်အိမ်ဟာ သေးသေးလေးဘဲ အိမ်နဲ့မတူဘူး... ကျွန်တော်အဒေါ့်ကို အိမ်အသစ်တစ်လုံးဆောက်ပေးမယ်... ဒါကြောင့် ညအိပ်တုန်းအသံဗလံတွေကြားရင် မကြောက်နဲ့နော်" သူ့ဝမ်းကွဲနှမနှင့် အဒေါ်မှာ ညအိပ်စဉ်စက်သံများ၊ စကားပြောသံများ၊ ရယ်သံများ၊ 'တိန်းတိန်း၊ တောင်းတောင်း၊ ကလိန်း၊ ကလောင်း' မျိုးစုံကြားရလေသည်။ သားအမိနှစ်ယောက် ကြောက်လန့်ပြီး အိပ်၍မရပါ။ သို့သော် သူ့တူကမကြောက်နဲ့ ဟုပြောထားသဖြင့် မတတ်နိုင်ဘဲ ခေါင်းမြီးခြုံပြီး တစ်ညလုံးစောင်အောက်၌ နေနေရလေသည်။ မနက်မိုးလင်းသည့်အခါ အဒေါ်နှင့်နှမဝမ်းကွဲ အိပ်ယာမှစောစောထပြီးကြည့်ရာ သူတို့အိမ်ဘေးတွင် တိုက်အိမ်ဖြူဖြူကြီးတစ်လုံးကို တွေ့ရလေသည်။ သူ့တူက အဒေါ်ဖြစ်သူကို "အဒေါ် ... ဒီအိမ်ဟာ ကျွန်တော်အဒေါ့်အတွက် ဆောက်ပေးထားတာ... အိမ်ပေါ်တက်နေပါ" ဟုပြောပြီးလျှင် သူ့အဒေါ်ပစ္စည်းများကို တိုက်အိမ်ပေါ်သို့ ယူ



ဆောင်သွားပြီး အဒေါ်အိမ်စုတ်ကလေးကို မီးရှို့လိုက်လေသည်။ အဒေါ်ဖြစ်သူမှာ ဘာမျှမပြောနိုင်တော့ဘဲ တိုက်အိမ်ပေါ်သို့ တက်နေရလေသည်။

ဖားဆုလယ်မလာခင်က နော်ဝါးတို့သားအမိမှာ တစ်နေ့လုပ်၊ တစ်နေ့စား ပင်ပန်းကြီးစွာ ရှာစားရသည်။ ယခုမူ တူဖြစ်သူလာရောက်နေထိုင်ပြီး တောင်ယာခုတ်ချိန်တွင် တောင်ခုနှစ်လုံးပြည့်အောင် ခုတ်ထွင်စိုက်ပျိုးရာ အဒေါ်ဖြစ်သူမှာ ဘာမျှမပူပင်ရတော့ပါ။ သူ့တူတော်မောင်ကြောင့် အလျှံပယ်စားသောက်ရလေသည်။ ဖားဆုလယ်၏ စပါးကျီမှာ ခုနစ်တောင်နှင့် နှစ်ကျီ၊ သုံးကျီ နှစ်စဉ်ရရှိလေသည်။ စား၍မကုန်ပါ။ အပိုကိုရောင်းပြီး နွား၊ ကျွဲ၊ ဆင်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား နှစ်သက်ရာအားလုံးကို ဝယ်ယူနိုင်လေသည်။

ရှေးအခါက ရွာတစ်ရွာတွင် အပျိုသုံးဆယ်ခေါင်းနှင့် လူပျိုသုံးဆယ်ခေါင်းတို့ ရှိကြသည်။ စပါးရိတ်သိမ်းချိန်၌ လူပျိုခေါင်းမှာ မိုးမလင်းခင် ခရာမှုတ်ရာအပျို ၃၀ နှင့် လူပျို ၃၀ တို့ခရာသံကို ကြားပါက ချက်ချင်းထ၍ အိတ်များ၊ ဆေးလိပ်များ၊ ပလိုင်းများကို လွယ်ကာယာ တောထဲသို့ဆင်းကြလေသည်။ ဤအပျို ၃၀ နှင့် လူပျို ၃၀ တို့သည် ဖားဆုလယ်နှင့် နော်ဘူးလာတို့ စားသောက်ရသည်ကို မနာလိုသဖြင့် သူတို့နှစ်ဦးကြားဝင်၍ ကတုံးကတိုက်လုပ်ကြလေသည်။ သူတို့နှစ်ဦးစိတ်ဝမ်းကွဲပြီး အတူတစ်ကွအလုပ်မလုပ်ရန် ရန်တိုက်လေသည်။ သူတို့က “နင့်အစ်ကိုဖားဆုလယ်ဟာ လူမဟုတ်ဘူး... သူ့ကိုသူများက ပြုစားထားတာ... ညတိုင်း သူများလည်ကိုလိုက်ချိုးပြီး လူတွေကို ညတိုင်းလိုက်စားတယ်” ဟုကုန်းတိုက်လေသည်။

ယခုတော့နော်ဘူးလာမှာ တစ်မျိုးဖြစ်သွားလေသည်။ အရင်နှင့်မတူတော့ပါ။ သူ့အစ်ကိုနှင့်လည်း စကားမပြော၊ အဖက်မလုပ်တော့ပါ။ မနက်၊ ညထမင်းစားလျှင်လဲမခေါ်ပါ။ ဖားဆုလယ်မှာမူ မည်သူဘာပြောပြော နားမထောင်ပါ။ ဖားဆုလယ်မှာ စိတ်ထဲမှ သူ့ညီမဝမ်းကွဲ သူ့ကိုမချစ်တော့မှန်း သူသိလေသည်။ သူ့

ဖာသာ သူစပါးများကိုပြီးအောင် ရိတ်လေသည်။ စပါးများ ခုနစ်တောင်ရှိသော စပါးကျီခုနစ်လုံးနှင့် အပြည့်ထည့်ပြီးသော်လည်း စပါးမကုန်သေးသဖြင့် စပါးကျီ ဆောက်သည့်ပုတ်ပြားပြုလုပ်၍ ရန်ဝါးထပ်ခုတ်ရန်လိုလေသည်။ ဖားဆုလယ် တောင်ယာအဆုံးသို့သွား၍ ဝါးခုတ်ရာတွင် နော်ဘူးလာကလဲ လိုက်သွားလေ သည်။ ဖားဆုလယ်ဝါးခုတ်စဉ် လက်ချော်ပြီး သူ့ခြေထောက်ကို ခုတ်မိလေ သည်။ နော်ဘူးလာမှာ သူ့အစ်ကိုဝမ်းကွဲအား တစ်ချက်သာကြည့်ပြီး အိမ်သို့ပြန် သွားလေသည်။ သူ့မိခင်က သူ့ကို “ဖိုးမူ (သမီး) တစ်ယောက်ထဲပြန်လာတာ ဘာဖြစ်လို့လဲ... သမီးအစ်ကိုကော ဘယ်သွားလဲ”ဟုမေးရာ ဘာမျှပြန်မဖြေ ပေ။ သူ့မိခင်က ထပ်မံ၍မေးသောအခါ သူ့အစ်ကိုဝမ်းကွဲ ဝါးခုတ်ရာတွင် လက် ချော်ပြီး ဓါးထိသဖြင့် သွေးများစွာထွက်ရာမှ တစ်ကိုယ်လုံး ဖြူပတ်ဖြူယော်ဖြစ်ပြီး မေ့မျောသွားကြောင်း ပြောပြလေသည်။ သူ့မိခင်က “ဖိုးမူ သမီးအခုလို နေရ၊ စားရတာ သမီးအစ်ကိုကြောင့်ဘဲ ဆိုတာသိရဲ့လား” ဟုဆူပူကာပြီး လျင်မြန် စွာ ထ၍ အိမ်ပေါ်မှဆင်းကာ ရွာသားအနည်းငယ်ကို သူ့တူအားပြန်ထမ်းလာရန် လိုက်ခေါ်လေသည်။ ဖားဆုလယ်ကို သူများထမ်းလာပြီး အိမ်သို့ပြန်ရောက်လာ ချိန်နှင့် နော်ဘူးလာထမင်းဆူချိန်နှင့် တိုးလေသည်။ သူ့မိခင်မှာ သူမအားလွန်စွာ စိတ်ဆိုးရာ ပါးရိုက်မိလေသည်။ နော်ဘူးလာမှာလည်း ဖားဆုလယ်မျက်နှာကို ကြည့်၍ မကောင်းသဖြင့် ထမင်းအမြှုပ်များကိုခပ်ပြီး သူ့အစ်ကိုခြေထောက်ဒဏ် ရာအား သွားကပ်ထားလိုက်လေသည်။ ထိုအခါ ဒဏ်ရာမှသွေးများ တစ်ခါ ထဲ ရပ်သွားလေသည်။ ၂ ရက်၊ ၃ ရက်နောက်ပိုင်း ဖားဆုလယ်သတိပြန်လည် ရလာလေသည်။

အဒေါ်ဖြစ်သူမှာ သူ့တူအား ကောင်းမွန်စွာပြုစုပြီး မြန်မြန်အားရှိစေမည့် အစား သောက်များကို ကျွေးမွေးလေသည်။ ဖားဆုလယ်ကောင်းကောင်း နေကောင်း သွားသောအခါ သူသည်ယာတောသို့သွားပြီး စပါးများကိုပြီးအောင် သွားလုပ် လေသည်။ ထိုနှစ်တွင် စပါးရှစ်တောင်နှင့်တင်းလေးရာ ရရှိလေသည်။ ထိုအချိန်၌ အခြားသူများ လုပ်ငန်းမသိမ်းသေးပါ။ အချို့မှာ ရိတ်သိမ်း၍ပင် မပြီးသေးပါ။



ဖားဆုလယ်မှာမူ လုပ်ငန်းသိမ်းပြီး၍ ကြာမြင့်စွာနားပြီးလေပြီ။ ဖားဆုလယ်က "ငါ့ညီမဝမ်းကွဲ ငါ့ကိုဒီလိုရှောင်ဖယ်ဖယ်လုပ်တာ ငါနေလို့မပျော်တော့ဘူး" ဟု ပြောပြီး သူ့ညီမ၏စိတ်အား စမ်းသပ်ချင်လေသည်။ သူသည် သူ့အဝတ်အစား များ၊ ပစ္စည်းများကိုသိမ်းဆည်းပြီး အိမ်ပေါ်မှဆင်းလေသည်။ သူအိမ်အောက်သို့ သွားပြီး ဆင်ကုန်းနှီးဘေးသို့သွားပြီး မောင်းကိုထုကာ "ဆင်ကြီးရေ… ပြန်လာ တော့" ဟုပြောလိုက်ရာ ဆင်ကြီးမှာ မောင်းသံကြားသည်နှင့် သူ့သခင်ထံသို့ ချက်ချင်းပြန်လာလေသည်။ ဤဆင်ကြီးမှာ နှစ်ပေါင်းများစွာ လျှောက်သွားနေရာ သူ့ကိုယ်လုံးပေါ်တွင် ရွှံ့အလိမ်းလိမ်းနှင့် ဖြစ်နေလေသည်။ ဖားဆုလယ်မှာ သူ့ဆင်ကြီးအားရေချိုးပေးရာ မြစ်တစ်စင်းလုံးနောက်ကျိသွား ပြီးဂဏန်း၊ ပုစွန်၊ ဖား၊ ငါးစသည့်ရေထဲမှ သက်ရှိအားလုံး သေဆုံးကုန်သည့် အထိပင်ဖြစ်သည်။

သူသည်သူ့ဆင်ကြီးအား ကုန်းနှီးတပ်ဆင်ပေးပြီး ဆင်ပေါ်တက်ကာ ခြေထောက် နှင့် တို့လိုက်ရာဆင်မှာ ကောင်းကင်ယံသို့ပျံတက်သွားပြီး အပျို ၃၀ နှင့် လူပျို ၃၀ တို့ကောက်ရိတ်သည့် အထက်အရောက် ဖားဆုလယ်မှာ အောက်သို့ငုံ့ ကြည့်ပြီး မောင်းကိုတီးလိုက်လေသည်။ ကောက်ရိတ်နေသည့် လူပျို ၃၀ နှင့် အပျို ၃၀ တို့မှာ မောင်းသံကြားသည်နှင့်တစ်ပြိုင်နက် လုံးဝလှုပ်၍မရတော့ပါ။ တချို့ကထိုင်၊ တချို့ကကုန်း၊ တချို့ကစပါးရိတ်၊ တချို့ကကောက်လှိုင်းစည်း သကဲ့သို့ နေမြဲအတိုင်းနေ၍ လှုပ်မရ၊ စကားပြောမရနှင့် ကျောက်တုံးလိုတောင့် သွားရာ သူတို့ဝတ်သည့်ဖိနပ်များပင် လောက်တက်၍ပြောင်နေပေပြီ။ မိဘများ မှာ စိုးရိမ်ပူပန်စွာဖြင့် ဘာမျှမလုပ်တတ်တော့ပါ။

ဖားဆုလယ်မှာ ခရီးသွားရာမှ ဤသို့စဉ်းစားမိလေသည်။ "ငါပြန်ပြီး သူတို့ကို ရှင်အောင် ပြန်လုပ်ရမယ်… မဟုတ်ရင် အပျို ၃၀ နဲ့ လူပျို ၃၀ ဟာ အကုန်သေ ကုန်လိမ့်မယ်" သို့နှင့် ပြန်လှည့်လာပြီး ထိုအပျိုလူပျိုအပေါ်တည့်တည့်သို့ ရောက်သည်နှင့် မောင်းထုလိုက်ရာ အားလုံးသတိပြန်ဝင်လာပြီး မိမိတို့အိမ်သို့



အသီးသီးပြန်ကြလေသည်။ ဖားဆုလယ်လည်း သူ့ညီမဝမ်းကွဲအိမ်သို့ ပြန်သွားလေသည်။

မိဘများမှာ သူတို့သားသမီးများပြန်လည် သတိရလာပြီး အိမ်သို့ပြန်လာသည်ကို တွေ့လျှင် ဝမ်းမြောက်ဝမ်းသာလှသည်မှာ ဖော်ပြ၍ပင်မရတော့ပါ။ ဤတစ်ကြိမ်တော့ဖြင့် တစ်ရွာလုံးရှိ လူတိုင်းဖားဆုလယ်ကို ကြောက်ရွံ့ပြီး များစွာရိုသေကိုင်းရှိုင်းကြလေသည်။ ကတုံးကတိုက်မလုပ်ရဲတော့ပါ။ ထို့ပြင်သူတို့ဝမ်းကွဲနှစ်ဦး ပြန်လည်သင့်မြတ်ရန် ကြိုးစားကြလေသည်။ နောက်ဆုံးဝမ်းကွဲနှစ်ဦးမှာ ပြန်လည် ချစ်ခင်ပြီး သားမြေးများရသည့်အထိ ပြည့်စုံကုံလုံစွာနှင့် တစ်သက်လုံးသာယာ ချမ်းမြေ့စွာ နေထိုင်သွားလေသည်။

(ဤပုံပြင်မှာ ယုံတမ်းဒဏ္ဍာရီမဟုတ်ပါ။ အဖြစ်မှန်ဖြစ်သည်။)

ဖားဆုလယ်၏လေးနှင့်မြားခုနစ်ချောင်းမှာမခွင်းရသေးပါ။ ယခုသုံးသောမောင်းများမှာ ဖားဆုလယ်၏မောင်းကိုအတုခိုးပြီး ပြုလုပ်ထားခြင်းဖြစ်သည်။ ဖားဆုလယ်အိုမင်းပြီး အသက်ကုန်ဆုံးလုအချိန်တွင် ထိုမောင်းအား လှိုဏ်ခေါင်းထဲသွင်းပြီး အပေါက်ကိုပိတ်ထားလိုက်လေသည်။



# သောသီတောရဲ့အလှ

"ဒူ ... ဒူ ... ဒူဝေဝေ ... ဒူဝေ ... ဒူဝေ ... ဒူ ... ဒူဝေ"
"အို ... နော်ရေ ... မောင်းသံကြားလား ... ဒီမနက်သရာ (ဆရာ) စောဘော ရဲ့ယာကိုသွားခုတ်ကြမလို့ ... မင်း ကောလိုက်မလား"
" အင်း ... သွားမှာပေ့ါ ... မင်းကောသွားမှာလား"
" သွားမှာ"

နော်ဒူးနှင့်နော်လားမှာ အလွန်ခင်သော သူငယ်ချင်းနှစ်ဦးဖြစ်သည်။ သူတို့သည် သောသီခို ဟုခေါ်သောနတ်တောင်၏ တောင်ခြေရှိဘူခီးရွာတွင် နေထိုင်၏။ ထိုနေရာမှာ ဆောင်းတွင်းတွင် အလွန်အေးချမ်းလှရာ ကိုယ့်လက်ကိုယ့်ခြေကို ပင် ကိုင်၍ကိုင်မှန်းမသိသည့်အထိ ဖြစ်သည်။ ဆရာစောဘောသည် လူပျို ကြီးဖြစ်ပြီး တောင်ငူမြို့တွင် နေထိုင်၍ ပကူးကျောင်းတွင် အထက်တန်းကျောင်း အောင်မြင်သည်။ တောသူတောင်သားများကို ချစ်ခင်မိပြီး ဤရွာသို့လာရောက် နေထိုင်ခဲ့သည်မှာ ဆယ်နှစ်ကျော်ပေပြီ။ ရွာသူရွာသားများက ဆရာ့ကိုလွန်စွာ ချစ်ခင်ကြလေသည်။ ဆရာစောဘောလာရောက်၍ စာသင်စအချိန်တွင် နော် ဒူးနှင့်နော်လားမှာ အခြေခံတန်းသို့ စတင်တက်ရောက်ရသည့်နှစ်ဖြစ်သည်။ နှစ် ယောက်လုံး လိမ္မာရေးခြားရှိပြီး ဉာဏ်အလွန်ကောင်းကြရာ ဆရာစောဘောမှာ သူတို့နှစ်ဦးအား သမီးရင်းကဲ့သို့ ချစ်ခင်လေသည်။ ယခုနော်ဒူးနှင့်နော်လားလေး တန်းအောင်ပြီး တောင်ငူပကူးကျောင်းတွင် စာဆက်သင်ရာ နဝမတန်းသို့ပင် ရောက်ရှိကြလေပြီ။ နှစ်တိုင်းကျောင်းပိတ်ရက်စပါးရိတ်ချိန်တွင် နှစ်ဦးလုံး ရွာ သို့ပြန်လည်ကြလေသည်။ အချိန်မှာ အောက်တိုဘာလဖြစ်ပြီး နံနက်နှင်းများကျ ချိန် နံနက်စောစောတွင် သစ်ပင်များ၊ ဝါးများ အထူးသဖြင့် စပါးရွက်များပေါ်တွင် နှင်းရည်များတွဲလွဲခိုနေကြသည်မှာ ပုလဲလုံးများတစ်လုံး၊ တစ်လုံးတန်းစီ နေသ ကဲ့သို့ဖြစ်ပြီး တောက်ပြောင်လှပလှသည်။ သို့သော် သွား၍တို့ကြည့်မိပါက



သောသီခိုနှင်းရည်၏ အအေးဓါတ်က သင့်နှလုံးသားအား ဟိမဝန္တာတောင်ဆီ သို့ ရောက်သွားစေမည်ဖြစ်သည်။

ပြာပြာသလဲနှင့် မိန်းကလေးနှစ်ယောက်သည် ထမင်းထုပ်၊ ငါးပိထောင်းစပ်စပ် နှင့် တို့စရာမှိုတစ်မျိုး စသည်တို့ထည့်ထားသော ပလိုင်းကိုလွယ်လိုက်ပြီး မီးတုတ် ကိုယ်စီထွန်းကာ လူပျို ၃၀ ခေါင်း၏ မောင်းသံနောက်လိုက်၍ ဆရာစောဘော ၏ ယာထဲသို့ တစ်စုတစ်ဝေးကြီး သွားကြလေသည်။ ယာထဲရောက်သည်နှင့် အပျို၊ လူပျို၊ အမယ်ကြီး၊ အဖိုးကြီး၊ ကလေးသူငယ်အားလုံး အောင်မြင်သော စပါးစည်းများရရှိရန် ရည်ရွယ်ချက်ဖြင့် တစ်ပျော်တစ်ပါးဝိုင်း၍ ရိတ်သိမ်းကြလေ သည်။ တောင်ပေါ်ရိုးရာအတိုင်း စပါးရိတ်ရာတွင်၍ ရယ်စရာ၊ မောစရာများ ပြော ဆို၍ ရိတ်သိမ်းကြသည်။ တစ်ဦးနှင့်တစ်ဦး လှမ်း၍မအော်ဟစ်ကြပါ။ ရယ်ရယ် မောမောဖြင့် တစ်ဦးဖြစ်စဉ်ကိုတစ်ဦးအား ပြောပြကြလေသည်။ တစ်ချို့က မိမိ၏ စိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာ၊ တစ်ချို့ကသနားစရာ၊ တစ်ချို့ကစိတ်ချမ်း မြေ့စရာ အတွေ့အကြုံများကို ပြောပြကြလေသည်။ ဆရာစောဘောမှာ သူငယ် စဉ်က အကြောင်းများကို ယခုကဲ့သို့ ပြန်လည်ပြောပြလေသည်။

"ကျွန်တော် မြို့ပေါ်မှာနေတုန်းက တောတောင်ရဲ့အလှအပတွေကို မသိဘူး… နဲနဲကြီးလာပြီး ပုံတွေဆွဲတတ်လာတဲ့အခါ ပန်းချီဆွဲဘို့ပုံတွေကို လိုက်ရှာတယ်… လမ်းတွေ၊ အဆောက်အဦတွေ၊ ပန်းခြံတွေဟာ ကျွန်တော့်စိတ်ကို မဆွဲဆောင် နိုင်ဘူး… နောက်တော့ ထူးထူးခြားခြား ပုံတစ်ပုံကိုတွေ့တယ်… ပုံထဲမှာ တောင် ကြီးတစ်တောင်ဟာ အမြင့်ကြီးဖြစ်ပြီး ပန်းအမျိုးမျိုးအဖုံဖုံ… ငှက်တွေလည်း အ ရောင်အသွေးအမျိုးမျိုး၊ သစ်ပင်ကြီးတွေကလည်း အကိုင်းအခက်တွေနဲ့ လှပ လိုက်တာ… ပုံထဲမှာ တိမ်တွေကလဲ မှုံမှုံမွှားမွှားနဲ့ တောင်ဘေး၊ တောင်ကြားမှာ လွင့်မျောနေတာကိုကြည့်ပြီး အဲဒီပုံကို စိတ်ထဲမှာစွဲလမ်းမိတာ အိမ်မက်တောင် မက်ယူရတယ်။ မနက်အိပ်ယာထတာနဲ့ အမေ့ကိုပုံပြပြီး ဒီပုံထဲကနေရာကို မေးတော့ အမေက ဒီနေရာဟာ သောသီခိုတောင်ဖြစ်တယ်… ဒီတောင်မှာ လူ

တစ်ယောက်မှမရှိဘူး... မြင်း၊ ဆင်၊ ကျား စတဲ့တောရိုင်းတိရစ္ဆာန်အမျိုးမျိုးဘဲ ရှိတယ်လို့ ပြောတယ်။ အမေ့စကားကိုကြားတဲ့အခါ ကျွန်တော့်ရင်ဟာ တစ်ဒုတ်ဒုတ်နဲ့ခုန်နေတယ်... ဒါပေမဲ့ ဒီပုံကို ကျွန်တော့်ရဲ့ခေါင်းအုံးစွပ်ထဲမှာ ထည့်ထားပြီး ကျွန်တော်ကြီးလာတဲ့အထိ နေ့တိုင်းတစ်နေ့တစ်ခါ ထုတ်ကြည့်တယ်... ကျွန်တော် အထက်တန်းကျောင်းအောင်မြင်တဲ့အခါ ကောလိပ်တက်ချင်စိတ်နဲ့ လပေးအလုပ်ရှာချင်တဲ့စိတ်မရှိဘူး... ဒီသောသီခိုက သားရဲတွေဆီဘဲ စိတ်ကရောက်လို့ ဒီနေရာကိုလာဘို့ လမ်းရှာတယ်... ကျွန်တော်ရောက်လို့ ကလေးတွေကိုမြင်တဲ့အခါ ဂျီးတွေအလိပ်လိပ်နဲ့ တကယ့်ကို မြင်းတွေ၊ ဆင်တွေနဲ့တူတာကို တွေ့ရတယ်... ဒါပေမဲ့ ကြာကြာနေတော့ ဒီရွာသူရွာသားတွေ့ရဲ့ ဖြူစင်တဲ့စိတ်နဲ့ ဧည့်ဝတ်ကြေတဲ့သူတွေရဲ့ စိတ်နေသဘောထားကို ခံစားရတဲ့အခါ ကျွန်တော်ဟာ ကောင်းကင်ဘုံကို ရောက်လာသလိုဘဲ ခံစားရတယ်... အင်း... ဒီသောသီခို့ရဲ့ အလှအပအေးချမ်းမှုကိုသာ ချီးမွမ်းရရင် မနက်ကနေညအထိ တစ်နှစ်လုံး ချီးမွမ်းရင်တောင်မှ ဆုံးနိုင်မှာမဟုတ်ဘူး”

ဆရာစောဘောစကားဆုံးသည့်အခါ ယာတဲထဲမှ ချက်ပြုတ်နေသော ကျောင်းသားတစ်စု၏ အသံထွက်လာလေသည်။

“ဆရာရေ... ထမင်းစားလို့ရပြီ... ဟင်းကျက်ပြီ... အားလုံးအဆင်သင့်ဖြစ်ပြီး”

ဆရာသည် စပါးရိတ်နေသောသူအားလုံးကို ပြန်ခေါ်ပြီး ထမင်းအတူတစ်ကွစား သောက်ကြလေသည်။ ငါးဟင်းတစ်အိုးနှင့် ယောက်ျားများက ချေသားနှင့်ချေခါးဟင်း၊ ငှက်သားနှင့်ကျိုထားသော အစပ်ဟင်းတို့ကို အိမ်မှယူဆောင်လာသော ငရုတ်သီးထောင်းများနှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချိုခါးခါး အရသာရှိသည့်မှိုတစ်မျိုးနှင့် ဘူခီးရွာသားများအယောက်တိုင်း မြိန်ယှက်စွာ တစ်ပျော်တစ်ပါးစားသောက်ကြလေသည်။ စားသောက်ပြီးသောအခါ နားနားနေနေဖြင့် မေကြီး၊ ဖိုးကြီးတို့ ဆေးလိပ်သောက်၊ ကွမ်းစားကြ၊ အပျို၊ လူပျိုများကစပါးနှံများအားတွဲပြီးစည်း၊ အချို့က ကဗျာလင်္ကာများဖြင့် အမှာစကားပြောကြ၊ အချို့က စပါးရိုးကို ဖြတ်ပြီးပီးပီး၊ ပီးပီးနှင့်နဲ့မှုတ်သကဲ့သို့ မှုတ်ကြသည်မှာ နားဝင်ချိုလှပါသည်။ ကလေးများက လူကြီးများနားနေချိန်တွင် လယ်ဂဏာန်းများ၊ ပုရစ်များ

လိုက်ရာ၊ တစ်ချို့က ချုံပုတ်ထဲသို့သွားကာ ချုံပုတ်ရှိငှက်ကလေးများအား အိမ်၌ ပြန်မွေးရန် လိုက်နှိုက်နေကြလေသည်။ တောတောင်၏ သာယာမှုက ရွာသားများ၏ ပူပန်စိတ်... စိုးရိမ်ကြောင့်ကျစိတ်တို့ကို ပျောက်ကွယ်စေပါသည်။

နားနေချိန်ပြီးသည်နှင့် နော်ဒူးနှင့်နော်လားတို့သည် အများနှင့်အတူ စပါးတောထဲသို့ ဝင်သွားလေသည်။ သူတို့ကောက်ရိတ်နေစဉ် နော်လားက နော်ဒူးကို မေးလိုက်သည်။

"သူငယ်ချင်းနော်ဒူး... မင်းဆရာ့အကြောင်း တစ်ခါ တစ်လေ မတွေးမိဘူးလား"

နောက်နောက်ပြောင်ပြောင်နှင့်နော်ဒူးကပြန်ပြောသည်။

"သူငယ်ချင်းရေ... ငါတို့အတွက်အသက်နည်းနည်းမကြီးလွန်းဘူးလား"

နော်လားကနော်ဒူးကိုပြန်၍ "မဟုတ်ဘူး... သူငယ်ချင်း... ဆရာဟာ မိဘကချမ်းသာ... မောင်နှမတွေက အသီးသီးအိမ်ထောင်ပြုကုန်ပြီး ဆင်တွေမြင်းတွေနဲ့... အိမ်ကြီးတွေနဲ့... ကလေးတွေကလဲ ကောလိပ်တွေဘာတွေအောင်နဲ့ ဆရာတစ်ယောက်ထဲ ဘာဖြစ်လို့များ ဒီမှာလာပြီး အဆင်းရဲခံရတာလဲ မသိဘူးနော်... သူ့မောင်နှမတွေကများ သူ့ကိုနိုင်ကြလို့များလား... ဒါမှမဟုတ်... အကြောင်းတစ်ခုခုကြောင့်များ ဒီမှာလာပုန်းရှောင်နေတာများလားလို့ တွေးစရာတစ်ခုရှိတယ်နော်" ဟုပြောရာ

နော်ဒူးမှာ နော်လားကို "သူငယ်ချင်းရေ... မင်းတွေးသလိုမဟုတ်ဘူး... ဆရာဟာ ငါတို့တောင်ပေါ်သားတွေအတွက် ကြီးမားတဲ့ရည်ရွယ်ချက်ရှိတယ်... မင်းမှတ်မိသေးလား... မင်းနဲ့ငါလေးတန်းအောင်လို့ တောင်ငူမြို့မှာ အလယ်တန်းတက်ဘို့သွားမဲ့အချိန်တုန်းက ဆရာကဒို့နှစ်ယောက်ကို ဒီလိုအမှာစကားပြောခဲ့တာလေ... မင်းတို့နှစ်ယောက်ဟာ ဒီတောင်ရဲ့ ပထမဆုံး ပွင့်မဲ့ပန်း နတ်သမီး၊ ပန်းဘုရင်မနှစ်ပွင့်ဖြစ်တယ်... မင်းတို့ဟာ အမြင့်ဆုံးတောင်ပေါ်မှာ နေရတဲ့အတွက် အကောင်းဆုံး၊ အသန့်ဆုံးသော လေကိုရှူရပြီး မြင့်မားပြီး အဝေးဆုံးမှာရှိတဲ့ တောင်ကိုလှမ်းမြင်ရတယ် မင်းတို့မြို့ကြီးကိုသွားရင် သတိဝီရိယရှိနော်... 'ဖွတ်မိကျောင်းရေထဲကျ မိကျောင်းထက်ဆိုး' မဖြစ်စေနဲ့... တောင်ပေါ်သား

အထူးသဖြင့် ကရင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကိုမြဲမြဲကိုင်ထား၊ မကောင်းတာ မှန်သမျှအကုန်ရှောင်နော် လို့မှာခဲ့တယ်လေ... အင်း... ဆရာဟာငါတို့ကို စိတ် စေတနာရှိပြီး ငါတို့ကို ငါတို့သောသီတောင်လိုဘဲ ပညာရည်မြင့်မားစေချင်တာ” နော်ဒူးကထပ်မံ၍ “ပြီးတော့ ဆရာဟာ တစ်ကဲ့ကရင်အမျိုးသားတစ်ယောက်ဘဲ သူစကားပြောတဲ့အခါ အခြားဘာသာစကားကို သိပ်မသုံးဘူး... အထူးသဖြင့် သူစခန်းမှာ သင်တန်းသွားတက်ပြီး ပြန်လာတုန်းက သူ့ဆရာတီးနိုး သဝေါတား အကြောင်း အမြဲပြန်ပြန်ပြောလေ့ရှိတယ်။ နောက်တစ်ယောက်... တီးနယ်လို့ ခေါ်တဲ့ တစ်ယောက်ကိုလည်း သူအသေအလဲချီးမွမ်းတယ်” ပြောရာ

နော်လားကဆက်ပြီး “အို... သူငယ်ချင်း... ဆရာခုပြောနေတယ်... တီးနယ်နဲ့ တီးနိုးတို့နှစ်ယောက်စလုံး အခုနိုင်ငံခြားကိုရောက်ကုန်ပြီ... ဒါပေမဲ့ ဒီအဖိုးတန် လူနှစ်ယောက်ဟာ ကြက်တွေလိုအစာစားပြီး ပါးစပ်သုတ်ပစ်တဲ့ လူစားမျိုးမဟုတ် ဘူး...သူတို့ နိုင်ငံခြားသွားခြင်းဟာ ကရင်ပြည်တိုးတက်ဘို့ ရည်ရွယ်ချက်နဲ့ဘဲ... တစ်နေ့ကျရင် သူတို့နှစ်ယောက်ဟာ ပြန်လာပြီး ကရင်လူနေမှုအဆင့်အတန်းကို ဒီသောသီတောင်လောက် မြင့်မားအောင်... ပြီးတော့ ဒို့ကရင်လူမျိုးတွေရဲ့ ယဉ်ကျေးမှုတွေဟာ သောသီတောင်က ပန်းကလေးတွေလိုဘဲ ဖူးပွင့်မွေးကြိုင်တဲ့ အတွက် ဒို့ကရင်မလေးတွေလဲ သောသီတောင်လိုဘဲ ဖူးပွင့်မွှေးကြိုင်ပြီး သောသီ တောင်ရဲ့ ငှက်ကလေးတွေလို ပျော်ရွှင်သီကျူးနိုင်အောင် မြှင့်တင်ပေးမှာ ဖြစ် တယ်”

ညနေစောင်းတွင် ကျောင်းသူတောင်ပေါ်သူနှစ်ဦးတို့သည် သူတို့၏ရွာသို့ ယနေ့ အတွေ့အကြုံနှင့် စကားများကရရှိသော ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းအပြည့် နှင့် ကြည်နူးနှစ်သိမ့်စွာဖြင့် ပြန်သွားလေသည်။ တစ်နေ့တွင် ဤပြည်နယ်တစ် ခုလုံး ဤတောင်ပေါ်သူနှစ်ယောက်ကဲ့သို့ပင် သောသီတောင်၏ သာယာလှပမှု ကို ခံစားရမည်ဖြစ်ပြီး သောသီတောင်ကဲ့သို့ပင် တောမှပေးသော သာယာကြည် နူးမှုအပေါင်းကို ခံစားရမည်ဖြစ်သည်။



# တီးကလော့ရဲ့အမှာစကား

လေအေးလေးများ ဖြေးညှင်းစွာတိုက်ခတ်လာပြီး သစ်ရွက်ဝါးရွက်တို့ ဖြေးညှင်းစွာ ယိမ်းယိုင်လှုပ်ရှားသည့်နွေအကုန် မိုးကောင်းကင်ကြီးမှာ တိမ်တိုက်များဖုံးအုပ်သွားခြင်းကြောင့် မှောင်ကျသွားလေသည်။ မိုးခြိမ်းသံတစ်ခြိမ်းခြိမ်း ကြားရပြီး မိုးကောင်းကင်ကြီးမှာ ပြိုကျမတတ်ဖြစ်နေပေသည်။

ဤသို့ဖြစ်တတ်သည့်အချိန်မှာ နွေကုန်လုပြီး မိုးရောက်လုအချိန်ဖြစ်ပေသည်။ သစ်ပင်၊ ဝါးပင်တို့မှာ စိမ်းစိုလန်းဆန်းလာပြီး ကြည့်၍အလွန်လှပပါသည်။ သို့သော် တကွီးမီရွာသားတို့ ဤတစ်ခေါက် မိုးလေဝသအခြေအနေကိုကြည့်ပြီး စိတ်လှုပ်ရှားနေလေသည်။ တကွီးမီရွာသည် မကြီးမငယ်ဖြစ်ပြီး မြို့နှင့်ဝေးလှသည်။ ရွာသူရွာသားများမှာ များသောအားဖြင့် ရိုးရိုးသားသားနေထိုင်ကြပြီး လယ်လုပ်ငန်းဖြင့် အသက်မွေးကြရာ မကြာမီအချိန်အတွင်း လယ်တောထဲသို့ ဆင်းရတော့မည်ဖြစ်သည်။ နောက်တစ်နေ့နံနက် (၇) နာရီချိန်တွင် တကွီးမီကျေးရွာလူကြီး သဘ္ဘါထီးခလာသည် ရွာသူရွာသားများကို ခေါ်ယူစုစည်းပြီး အသံကျယ်ကြီးနှင့် “သားတို့… မြေးတို့ရေ… မိုးကျဘို့နီးလာပြီ… မကြာခင် လယ်ထဲဆင်းရတော့မှာမို့ အားလုံးသတိဝီရိယနဲ့နေကြ… ကျန်းမာရေး ဂရုစိုက်ကြနော်… ရေ ပြောင်းရေလွဲရှိတော့မှာမို့ မင်းတို့ကျန်းမာရေးကို ဂရုစိုက်ကြ… မနက်ဖြန်ကျရင် လူကြီးသူမတွေ ရွာစောင့်နတ်ကို ပူဇော်မယ်” ဟုပြောပြီး တစ်ဆက်တည်းမှာပင် ရွာသားထဲမှတစ်ဦးကို မေးရိုးမေးစဉ်အတိုင်း မေးလိုက်သည်။

သူကြီး “ဟော့… တီးကလော့… ဒီနှစ်မိုးလေအခြေအနေ ဘယ်လိုနေမယ်လို့ထင်လဲ”

တီးကလော့ “အင်း… ခါချဉ်တွေကိုကြည့်ရင်တော့… မိုးနည်းနည်းများမယ်”

သူကြီး “ဘာဖြစ်လို့လဲ”



တီးကလော့ “နို့... တစ်နေ့က ကျွန်တော့်နွားအတွက် ချောင်းနံဘေးက ထင်း တစ်ချောင်း၊ နှစ်ချောင်းသွားခုတ်တုန်းက ဟိုးသစ်ပင်ထိပ်မှာ ခါချဉ်အုံအကြီးကြီး ကို တွေ့တယ်... အကောင်မနည်းဘူး... ဒါကြောင့် မိုးများမှာအမှန်ဘဲ”
သူကြီး “လေမုန်တိုင်းအခြေအနေကကော”
တီးကလော့ “လေတော့မပြင်းလောက်ပါဘူး... လေသာပြင်းရင် ဒီခါချဉ်တွေ ဟိုးသစ်ပင်ထိပ်မှာ ဘယ်အသိုက်ဆောက်မလဲ”
သူကြီး “အင်း... မိုးကကော ဘယ်အချိန်မှာများမယ်လို့ထင်လဲ”
တီးကလော့ “အင်း... မိုးလာဘို့နီးပြီ။ အိမ်ဘေးက ဖိစူးညားပင် (ညောင်ပင် နှင့်တူသောနွယ်ပင်) က အသီးတွေ တဖြေးဖြေးမှည်လာပြီး... သဖန်းပင်ကို ကြည့်ရတာတော့ ပထမအထစ်မှာ သိပ်မသီးဘူး... အကိုင်းပေါ်မှာ ကြည့်ရင် လည်း ဒီအတိုင်းဘဲ... ဟိုးထိပ်ဖျားမှာတော့ သီးတယ်။ ဒါကြောင့် နှစ်စမှာ မိုးရွာ မယ်မထင်ဘူး... နှစ်နှောင်းပိုင်းမှာတော့ မနည်းမများဖြစ်မယ်” တီးကလော့သည် သဘာဝအကြောင်းနားလည်ပြီး ခန့်မှန်းတတ်သဖြင့် သူပြောပြီးသည်နှင့် အိမ်ပြန် သွားလေသည်။ အစည်းအဝေးမှာလည်း ဤတွင်ပြီးဆုံးသွားလေသည်။

နောက်တစ်နေ့ညနေ (၄) နာရီလောက်တွင် “ဟေ့... ထွက်ကြ... ထွက်ကြ” တကျိုးမီရွာတစ်ရွာလုံးဆူညံနေသည်။ လူကြီးသူမများအိမ်များသို့ လာကြသော ကြောင့်ဖြစ်သည်။ လင်ပန်းအကြီးကြီး တစ်ခုကိုထမ်းပြီး အိမ်တစ်လုံးပြီးတစ်လုံး သွားရာ အိမ်တိုင်းမှဆား၊ ငါးပိ၊ ငြုပ်ကောင်း တစ်တို့စီထည့်ပြီး သူတို့ကနီးဖြင့် ပြုလုပ်ထားသောလေးကို အိမ်လှေကားရင်း၌ ထိုးစိုက်ထားလိုက်လေသည်။ အဓိပ္ပါယ်မှာ ဤအိမ်အတွင်းသို့ မ ကောင်းဆိုးဝါးများ မဝင်ရောက်ရန်နှင့် ဆူးရှိ သော ကြိမ်ခါးဖူးအရွက်တစ်ခက်ကို ချထားလေသည်။ မကောင်းဆိုးဝါးများသည် ကြိမ်ခါးဖူးအဆူးကိုကြောက်သည် ဟုဆိုလေ့ရှိသဖြင့်ဖြစ်သည်။ အိမ်များကို လှည့်လည်ခံယူပြီးသည်နှင့် ထိုလင်ပန်းကြီးအား ရွာဘေးလမ်းဆုံသို့ သွားထားပြီး ရပ်ရွာအေးချမ်းစေရန် ဆုတောင်းပြီး လင်ပန်းကြီး၊ လေး၊ ကြိမ်ခါးဖူးနှင့် အခြား အရာအားလုံးကို ထားခဲ့လေသည်။ အဓိပ္ပါယ်မှာ မကောင်းဆိုးဝါးများ၊ ရေရှင်ပြည့်

ရှင်များ ရွာကိုလာ မဖျက်ဆီးစေရန်နှင့် ၎င်းတို့အား နေရာချပေးပြီး လူနှင့်လာမနေရန် ရည်ရွယ်လေသည်။ ပြီးနောက် ရွာလူကြီးများ ရွာသို့ပြန်လာကြလေသည်။ ရွာထဲမဝင်ခင် ရွာနှင့်နီးလာသည့်အခါ ရွာလူကြီးများက အသံကျယ်ကြီးဖြင့်
“သားတို့၊ မြေးတို့ရေ… ပြန်ကုန်ပြီလား”
ရွာသားများ “ ပြန်ကုန်ပြီ၊ အကုန်ပြန်ကုန်ပြီ” ထိုအခါမှ ရွာလူကြီးများက ရွာအတွင်းသို့ ဝင်နိုင်လေသည်။
ထို့ပြင်ရွာလူကြီးများ အိမ်တွင်းမဝင်မီ လှေကားရင်းအရောက်တွင် သားသမီးများကို မေးရသည်။ “သားတို့၊ မြေးတို့ရေ… ပြန်ကုန်ပြီလား”
“ ပြန်ကုန်ပြီ၊ အကုန်ပြန် ကုန်ပြီ” ထိုအခါမှအိမ်ထဲသို့ဝင်နိုင်လေသည်။
ဤသို့အိမ်များသို့လှည့်လည်သွားခြင်း၏ အဓိပ္ပါယ်မှာ လူထဲတွင်နေသော မကောင်းဆိုးဝါးများကို မောင်းထုတ်ခြင်းဖြစ်ပြီး၊ လင်ပန်းကြီးကို ရွာဘေးလမ်းများဆုံသို့ သွားထားခြင်းမှာ မကောင်းဆိုးဝါးများကို အခြားနေရာသို့ ပို့ဆောင်ပြီး အစာသွားကျွေးခြင်းဖြစ်သည်။ နောက်တစ်လကြာသောအခါ တိမ်များဖွဲ့လာပြီး မိုးခြိမ်းသံများကိုကြားရပြီး မိုးလည်းရွာချလေသည်။ တကျိုးမိရွာသားများ မိမိလယ်ထဲရှိလယ်စောင့်တဲတွင် သွားနေရပြီး ခေတ္တခဏ ခွဲခွါရချိန်ဖြစ်သည်။ အချို့မှာ ကျွဲကြောင်း၊ နွားကြောင်းပြီး အချို့မှာ လယ်ထွန်လေပြီ။ နောက်ထပ်နှစ်လခန့်ကြာလျှင် အချို့မှာ စပါးများကို စိုက်ပျိုးကြလေပြီ။ ထိုအခါ တီးကလေ့ာမှာ လယ်သမားပီပီ စပါးစေ့အနည်းငယ်ကိုယူပြီး သူ့လယ်အဆုံးတွင် သွားစိုက်လေသည်။ အဓိပ္ပါယ်မှာ စပါးစိုက်၊ လယ်စလုပ်ခြင်း အဓိပ္ပါယ်ဖြစ်သည်။ နောက်တစ်နေ့တွင် ထမင်းဦး၊ ရေဦးနှင့်ကြက်၊ ငှက်သွေးများကို ယူဆောင်ပြီး သူ့လယ်အဆုံးတွင်သွား၍ ရိုးရာအတိုင်း ပူဇော်ပသလေသည်။ ပြီးလျှင် တီးကလေ့ာသည် အသံကျယ်ကြီးနှင့် ဆုတောင်းလေသည်။
“ရေရှင်… ပြည့်ရှင်… မြေရှင်… အခု… ကျွန်တော့်ကိုယ်ပိုင် ဥစ္စာပစ္စည်းများနှင့် ပူဇော်ပသပါသည်။ စပါးရေ… သင်ဟာ လူတို့အသက်သခင်ဖြစ်ပြီး… ရွာသားများကို ကျွေးမွေးရမှာမို့ စပါးများများအောင်ပါစေ” အချိန်ကာလတို့သည် တစ်



ချိန်ပြီးတစ်ချိန်လှည့်ပတ်သွားပြီးပထမဝါဆိုလပင်ဝင် ရောက်လာပြီ။ ထိုအချိန်တွင် တကျိုးမီရွာသူရွာသားအားလုံးလိုလိုတစ်အိမ်၊ တစ် အိမ်လိပ်ပြာခေါ်၊ လက်ချည်ပွဲ၊ စားပွဲများ ပြုလုပ်ကြလေသည်။ ကောက်ညှင်းထုပ်များထုပ်၊ ပျော်ပါးစွာ ကဗျာ လင်္ကာများကို ဝါဆိုလတစ်လလုံး ကျင်းပလေသည်။

နောက်တစ်လကြာသောအခါ မိုးနည်းနည်းပါးသွားပြီး စပါးပင်အညွန့်များ ထောင်လာပြီး တံပိုးသံများကို ကြားရပေပြီ။ လယ်စပ်တွင် မြစ်ချောင်းရှိသော သူများ၊ တမံရှိသောသူများက ရေများကိုပိတ်၍ သား၊ ငါးများကိုဖမ်းပြီး ငါးပိ၊ ငါးခြောက်များ လုပ်စားလေသည်။ တမံများကိုပိုက်များဖြင့်တားပြီး ဖား၊ ငါး၊ ပုစွန်များကို ဖမ်းစားကြလေသည်။ ဤနှစ်တွင် ကတ်ကတစ်များ တစ်ချို့တော် တော်များများရရာ "သားတို့၊ မြေးတို့ရေ… ဒီနှစ်သတိထားကြ… ဆန်ရေစပါး ရှားချင်ရှားလိမ့်မယ်" အဓိပ္ပါယ်မှာ ကတ်ကတစ်များများရလျှင် ဆန်ရေစပါးရှား တတ်သောကြောင့် ဖြစ်သည်။

အချိန်ကာလတစ်ခုပြီးတစ်ခု ကုန်ဆုံးသွားပြီး စပါးရိတ်သိမ်းချိန်ရောက်လာပေပြီ။ ဆန်သစ်မှာမွှေးလှသည်။ ထိုအချိန်တွင် ကောက်သစ်စားပွဲပြုလုပ်လေသည်။ လူတိုင်းပျော်ရွှင်ကြပြီး သက်ကြီးရွယ်အိုများကသား၊ မြေးများကို ဆုံးမစကားပြော ကြားပြီး ထမင်းအတူတစ်ကွ ဝိုင်းစားကြပြီး ပျော်ရွှင်စွာကစားကြလေသည်။ ကောက်သစ်စားပွဲဆိုသည်မှာ စပါးပေါ်ဦးစအချိန်တွင် စပါးဦးအတွက် ကျင်းပ သောပွဲဖြစ်ပေသည်။ သိပ်မကြာမီတွင် ကရင်နှစ်သစ်ကူးနေ့သို့ ရောက်ရှိလာ လေသည်။ ကရင်တစ်မျိုးသားလုံး နှစ်သစ်ကူးပွဲတော်ကို ကျင်းပကြသည့် အထဲ တွင် တကျိုးမီရွာမှ သက်ကြီးများနှင့် ရွာသားများအားလုံး စုပေါင်းပြီး ကရင် နှစ်သစ်ကူးပွဲတော်ကို ကျင်းပကြပါသည်။ သက်ကြီးရွယ်အိုများက နှစ်သစ်ကူး အကြောင်းများကို ပြောပြပြီး အချို့က ကရင့်ရိုးရာဓလေ့များကို အမှာစကား ပြောပြသည့်အထဲတွင်ဖားဒီကလော့ ကဤသို့မှာကြားလေသည်။



“ဖားဒီအမြဲသတိရတဲ့ အချက်တစ်ချက်က… ဒို့တွေဟာ အသက်ကြီးပြီး ဆံပင်ဖြူကုန်ပြီ… နောက်ထပ်ကြာကြာ နေရမှာမဟုတ်တော့ဘူး… ဒါကြောင့် နောက်မျိုးဆက်တွေမင်းတို့ ရဲ့ယဉ်ကျေးမှုကိုသိရှိပြီးထိန်းသိမ်းကြပါ” ထို့နောက် သားမြေးများကို ဤသို့ ဆုမွန်ကောင်းကောင်းပေးသည်။ “ဖူဖူလုံလုံစားသောက်ရပါစေ… ဘေးရန်ကင်းဝေးကြပါစေ” ဟုဆုမွန်ကောင်းတောင်းပေးကြလေသည်။



# ဖားစည်ဖြူနှင့်မှော်ကျောက်ဆောင်

တစ်ခါက လင်မယားနှစ်ယောက်ရှိသည်။ သူတို့နှစ်ဦးသည် အိမ်ထောင်ကျပြီး အတန်ကြာမှ သမီးလေးတစ်ဦး ထွန်းကားလေသည်။ သမီးကလေးမှာ ဖြူဖြူဖွေးဖွေး၊ ပုံ့ပုံ့အိအိလေးနှင့် ချစ်စရာကောင်းလှသဖြင့် နော်လော်အယ် (ချစ်စရာ) ဟုအမည်ပေးလေသည်။ ဤလင်မယား၌ ညီမတစ်ယောက်ရှိသည်။ ညီမမှာလည်း အိမ်ထောင်ကျပြီး သားကလေးတစ်ယောက်ရှိ၏။ သားကလေး၏ အမည်ကို စောသဂေး ဟုမှည့်လေသည်။ ဤသားလေးတွားတတ်သည့်အချိန်၌ မိဘနှစ်ဦးစလုံးသေဆုံးသွားလေသည်။ စောသဂေးမိခင်ဆုံးသွားသည်နှင့် အဒေါ်ဖြစ်သူ နော်လော်အယ်၏မိခင်က စောသဂေးကို ပြန်၍မွေးစားလေသည်။ ဤဝမ်းကွဲမောင်နှမနှစ်ယောက်မှာ အတူတစ်ကွ ကြီးပြင်းလာရသဖြင့် တစ်ဦးနှင့်တစ်ဦးချစ်ခင်လှသည်။ နှစ်ဦးစလုံး တစ်ယောက်နှင့်တစ်ယောက် သစ္စာရှိကြလေသည်။ တစ်ခုခုစားရလျှင် အတူတူဝေမျှ စားကြသည်။

သူတို့နှစ်ဦးအရွယ်ရောက်၍ အလုပ်လုပ်ကိုင်တတ်သည့်အရွယ်သို့ ရောက်သောအခါတွင်လည်း တစ်တွဲတွဲအလုပ်အတူလုပ်ကြသည်။ သွားလျှင်လည်း အတူတူ၊ ပြန်လျှင်လည်းအတူတူ ဖြစ်သည်။ နော်လော်အယ်မှာ အသားအရည် ချောမွတ်ပြီး ဆံပင်ကောင်းလှသည်။ စောသဂေးမှာလည်း ယောကျ်ားပီသ၍ ချောမွေ့လှသည်။ နော်လော်အယ်နှင့် စောသဂေးမှာ အရွယ်ရောက်ပြီဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကြပြီး သစ္စာလည်းရှိကြလေသည်။ မိန်းကလေးစားမှ ယောကျ်ားလေးကစားလေသည်။ ယောကျ်ားလေးကမစားလျှင် မိန်းကလေးကလည်း မစားတော့ပါ။ အချိန်တန်လျှင် သူတို့နှစ်ဦးလက်ထပ်ကြမည် ဟုနှစ်ဦးစလုံးက ဆုံးဖြတ်ထားလေသည်။ စောသဂေးမှာ မိဘမဲ့သူကလေးဖြစ်သောကြောင့် သူ့၌ဉစ္စာပစ္စည်း ဘာမျှမရှိပေ။ ထို့ကြောင့် လက်မထပ်မီ သူ့နှမဝမ်းကွဲအား ကုန်သွားကူးမည် ဟုပြောလေသည်။ သူကုန်ကူးသွားမည့်အချိန် ခုနစ်နှစ်၊



ခုနစ်လနှင့် ခုနစ်ရက်ကြာမည်ဖြစ်ပြီး လုပ်ငန်းပြီးသည်နှင့် ပြန်လာမည်ဖြစ်သည်။ သူ့နှမဝမ်းကွဲအတွက် ရွှေဘီးကုပ်၊ ရွှေနားကပ် သွားလုပ်ပေးမည်ဖြစ်သည်။ သူ့ဝမ်းကွဲနှမအား ကောင်းကောင်းနေခဲ့ရန်နှင့် သူပြန်လာသည့်အထိ သူ့အား စောင့်ရန် မှာကြားလေသည်။ သူ့နှမဝမ်းကွဲမှာ စိတ်လေးလှသော်လည်း သူ့အစ်ကိုဝမ်းကွဲမှာသည့်အတိုင်း အပြုံးကလေးနှင့်ခေါင်းညိတ်လေသည်။ နံနက်စောစောထပြီးသူ့အစ်ကိုဝမ်းကွဲအား ထမင်းထုပ်ပေးလေသည်။

စောသငေးမှာ သူ့နှမအားချစ်သည့်စိတ်၊ နှမကလေးအားဖြည့်ဆည်းပေးချင်သည့်စိတ်နှင့် ခရီးစထွက်လေသည်။ တစ်ဖြေးဖြေးနှင့် စောသငေးပြန်လာရမည့်ရက် ရောက်လုနီးပေပြီ။ သူ့နှမအကြောင်း မကောင်းသည့်အိမ်မက်ကိုမက်သည်။ သူပြန်ရန်ပြင်ဆင်ပြီး ပြန်လာလေသည်။ နော်လော်အယ်မှာမူ သူ့အစ်ကိုဝမ်းကွဲအား ချစ်ခင်သည့်စိတ်နှင့် သစ္စာရှိစွာနေခဲ့လေသည်။ ကံဆိုးမိုးမှောင်ကျပြီး အခက်အခဲနှင့်ရင်ဆိုင်ရမည့်ရက်ကို ရင်ဆိုင်ရမည်မှန်းသူမသိရှာပါ။

နော်လော်အယ်ရွာနှင့် မနီးမဝေးတွင် ရွာတစ်ရွာရှိသည်။ ဤရွာကိုဝရွာ ဟုခေါ်သည်။ ဝတို့သည် လူသားစားသည့် လူမျိုးဖြစ်သည်။ ၎င်းတို့သည် လက်ချည်၊ လိပ်ပြာခေါ်လျှင် လူသားကို ချက်စားကြသည်။ သူငယ်ချင်းမိတ်ဆွေများ သူတို့ရွာသို့သွားလည်လျှင်လည်း လူသားချက်ကျွေးကြသည်။ ဝလူကြီးတစ်ဦးသည် လက်ချည်၊ လိပ်ပြာခေါ်ရန်အတွက် လူနှင့်လဲရန် ဖားစည်ဖြူတစ်လုံးကိုလွယ်ပြီး နော်လော်အယ်တို့ရွာသို့ လာလေသည်။ နော်လော်အယ်၏ မိခင်သည် လွန်စွာလောဘကြီးသောသူဖြစ်သဖြင့် ထိုဖားစည်ဖြူအား သူ့သမီးနှင့်လဲချင်သည်။ နော်လော်အယ်၏ဖခင်မှာ မူမိမိရင်သွေးအား ဖားစည်ဖြူနှင့်မလဲလိုပါ။ သူ့သမီးအား ဝပြန်စားမည်ကို လွန်စွာသနားသည်။ မယားမှာ ယောကျ်ားမည်မျှပင်တားတား လောဘကြီးလှသဖြင့် ဖားစည်ဖြူအားယူပြီး သမီးအား ဝလက်ထဲသို့ထည့်လိုက်လေသည်။ ဝလူကြီးမှာ လိပ်ပြာခေါ်ရတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာနှင့်ပြန်သွားလေသည်။ ဖခင်ဖြစ်သူမှာ သမီးအား မျက်ရည်မျက်ခွက်နှင့်



ကြည့်ပြီး ကျန်ခဲ့လေသည်။ ဝလူကြီးသည် သူ့ရွာရှိအိမ်ရောက်သည်နှင့် မိတ်ဆွေများကိုဖိတ်ပြီး အရက်ချက်၊ ထမင်းချက်ပြီး မိန်းကလေး၏ခြေ၊ လက်တို့ကို ချီနှောင်ပြီး ကြပ်ခိုးစင်ပေါ်၌ ကင်ထားလေသည်။ မီးကိုအောက်၌ပုံပြီး မီးတောက်သည်နှင့် နော်လော်အယ်မှာ မီးလောင်ပြီး ရင်ပူလှပေသည်။ သူ့အသားအား မီးလောင်သဖြင့် ပူလောင်တူးကုန်ပြီး အဆီများမှာ ကြပ်ခိုးစင်အောက်သို့ ကျလာလေသည်။ ဝတို့သည် အရက်သောက်၊ ထမင်းစားပြီး နော်လော်အယ်၏ ကျလာသည့်အဆီများအား လျက်စားကြလေသည်။ နော်လော်အယ်မှာ မီးပေါ်တွင်နေရပြီး မလှုပ်မရှားနိုင်ဘဲ သေလုမတတ် ငိုကြွေးသော်လည်း မလွတ်မြောက်နိုင်ပါ။ ကြာကြာနေလေ ဝေဒနာပြင်းလေလေဖြစ်ပြီး ကြာတော့သတိလစ်သွားလေသည်။ နော်လော်အယ်၏ ကံကြမ္မာမှာ သူ့အတွက် ဆိုးရွားလှပါသည်။

စောသဂေးမှာမူ နှမဝမ်းကွဲနှင့်ပျော်ရွှင်စွာ တွေ့ဆုံရန်ပြန်လာလေသည်။ သို့သော် သူ့မျှော်လင့်ချက်မှာ ပျက်စီးသွားလေပြီ။ အိမ်ရောက်ပြီး နှမအားမတွေ့သဖြင့် အဒေါ်အားမေးသည့်အခါ မည်သို့မျှပြန်မဖြေပါ။ သူ့ဦးလေးမှာမူ စိတ်ထိခိုက်လှစွာဖြင့် မျက်ရည်မျက်ခွက်နှင့် သူ့တူအား သူ့နှမအားဝခေါ်သွားပြီ ဟုပြန်ဖြေလေသည်။ စောသဂေးမှာ စိတ်ထိခိုက်မှုသက်မိရာ အသက်ပင်မရှုနိုင်၊ ရှိုက်၍ပင်မထွက်တော့ပါ။ မည်သည့်အရာကိုမျှလည်း မမြင်တော့ပါ။ သူ့အိတ်ကိုလွယ်၊ လှံကိုကိုင်ပြီး သူ့နှမနောက်သို့ တစ်ခါထဲလိုက်သွားလေသည်။ သူပြေးလိုက်သည်မှာ နားပင်မနားပါ။ ခလုတ်တိုက်သော်လည်း နာမှန်းမသိပါ။ သူ့နှမအား အသက်တစ်မျှချစ်ရာ လွန်စွာသနားသဖြင့် အသဲကွဲလုဖြစ်နေပေသည်။ ရင်တစ်ခုလုံး တောက်လောင်လှသည်။

"ငါ့နှမလေးရယ်... မင်းအသက်မှရှိသေးရဲ့လား... ဘယ်လောက်တောင်ခံစားနေရပြီလဲ... မင်းအစား ငါလာခံစားပေးမယ် "

မျက်ရည်ပူများနှင့် အတူအတွေးများ ရင်ထဲတွင်တစ်ဆို့နေလေသည်။ စောသဂေး ဝရွာရောက်ခါနီးတွင် လူကြီးတစ်ဦးအား လှမ်းတွေ့လိုက်သည်။



သူရပ်လိုက်ပြီး ထိုအဖိုးကြီးအား…“အဖိုး… ဘယ်သွားမလို့လဲ” ဟုမေးရာ ထိုအဖိုးကြီးကလဲ မိတ်ဆွေများကိုလက်ချည်၊ လိပ်ပြာခေါ်ပွဲအတွက် လိုက်ဖိတ်မည့်အကြောင်းပြန်ပြောလေသည်။ ပြီးသည်နှင့် ထိုအဖိုးကြီးက ဆက်သွားရာ စောသဂေးမှာလည်း ပြေးလိုက်ပြန်လေသည်။ စောသဂေးရွာထဲရောက်သောအခါ လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ပါ။ သူသည်အိမ်ကြီးတစ်လုံးပေါ်သို့ တက်သွားရာ ဝများအရက်မူးပြီး အားလုံးအိပ်ပျော်နေသည်ကို တွေ့ရလေသည်။ သူ့နှမမှာမူ ကြပ်ခိုးစင်ပေါ်တွင် နာကျဉ်လှစွာဖြင့် ညည်းညူပြီး သတိလစ်သွားလေသည်။ စောသဂေးမှာ လျှင်မြန်ဖြတ်လတ်သူပီပီ သူ့လှံနှင့်ဝအားလုံး၏ လည်ချောင်းအား ခုတ်ဖြတ်လိုက်ပြီး သူ့နှမအား ပွေ့ယူပြီးခြေ၊ လက်များကို ဖြည်ပေးပြီး ဆေးတစ်ခွက်တိုက်ကာ တစ်ကိုယ်လုံးရှိသွေးများကို သုတ်ပေးကာ ထမ်းပြီးပြန်လေသည်။ လမ်းတွင် ဝအဖိုးကြီးအား ထပ်မံ၍လှမ်းတွေ့ရာ သူ့နှမအား ဝှက်ထားလိုက်ပြီး ထိုအဖိုးကြီးနှင့် စကားသွားပြောလေသည်။ ဝအဖိုးကြီးက သူ့အားကွမ်းရွက်၊ ကွမ်းသီးကျွေးသဖြင့် သူကလည်းစားပြီး အဖိုးကြီးက သူ့အိတ်ကိုလွယ်ကာ ပြန်သွားလေသည်။ အဖိုးကြီးထွက်သွားသည်နှင့် နောက်ဖက်မှ ဖြေးဖြေးလိုက်သွားပြီး လည်ချောင်းအား ခုတ်ဖြတ်လိုက်လေသည်။ အဖိုးကြီးသည်လည်ချောင်းပြတ်သည်နှင့် သူ့အား “ငါသိရင်မင်းကိုအရင်စားတယ်” ဟုပြောလိုက်လေသည်။

စောသဂေးမှာ အလွန်ဒေါသထွက်သဖြင့် ထိုအလောင်းအား တောက်တောက်စင်းပြီး လမ်းပေါ်တစ်လျှောက် လိုက်ကြဲလိုက်လေသည်။ ဝ၏အသားစများသည် ကျွတ်များဖြစ်သွားပြီး မိုးရွာလျှင် လမ်းသွားလမ်းလာများအပေါ် တက်၍ သွေးစုပ်သည်မှာ ယခုတိုင်ဖြစ်ပေသည်။ (ယခုဝများသည် လူသားမစားတော့ပါ)။ စောသဂေးသည် သူ့နှမအားထမ်းပြီး အခြားရွာတစ်ရွာသို့ ခေါ်သွားလေသည်။ ပြီးနောက် ကောင်းမွန်စွာပျောက်ကင်းသည်အထိ ဆေးကုလေသည်။ နော်လော်အယ်သည် သူ့မိခင်အား နာကျည်းမုန်းတီးလှသဖြင့် သူ့ရွာသို့ မပြန်တော့ပါ။



ထိုရွာတွင် ရွာလူကြီးများနှင့် ရွာသားများသည် စောသဂေးနှင့် နော်လော်အယ် တို့ကို တင့်တင့်တယ်တယ် လက်ထပ်ပေးလေသည်။ ဝမ်းကွဲမောင်နှမနှစ်ဦး အကြင်လင်မယားအဖြစ် ချစ်ခင်စွာပေါင်းသင်းကြလေသည်။ မကြာမီ ချစ်စရာကောင်းလှသော သားကလေးတစ်ယောက်ကို ရရှိလေသည်။ သားကလေးမှာ ထွေးပွေ့ချင်စရာ ကောင်းလှသည်။ ဖွံ့လည်းဖွံ့လှသည်။ သို့ရာတွင် တစ်ချိန်လုံး ငိုနေသည်။ လုံးဝမပြုံးမရယ်ပါ။ မိဘနှစ်ပါးမှာ ဘာမျှမလုပ်တတ်တော့ပါ။ ခုနစ်လ၊ ရှစ်လရှိသည့်တိုင်အောင် နေ့တိုင်းငိုနေသဖြင့် သူ့ဖခင်မှာ ဗေဒင်ဆရာထံ သွားတွက်လေသည်။ ထိုသို့ပြုလုပ်ရာ နတ်စားခိုင်းသဖြင့် သူ့ဇနီးအား ပြန်လာပြောလေသည်။ နော်လော်အယ်မှာ သူ့အား ဖားစည်ဖြူနှင့်လဲလှယ်သော မိခင်ဖြစ်သူအား လွန်စွာမုန်းတီးလှသည်။ နတ်စားလျှင် မိဘနှစ်ပါးအား ပြန်ခေါ်ပြီး လာလုပ်ခိုင်းရမည်။ မိဘများရှိသေးသဖြင့် ထားခဲ့၍မရပါ။ နော်လော်အယ်မှာ အခက်တွေ့လှပါသည်။

နောက်ဆုံးတွင် သားကလေးအား အသက်တစ်မျှချစ် လှရာ သူ့ယောကျ်ားအား သူ့မိဘများကို သွားခေါ်ခိုင်းလိုက်လေသည်။ စောသဂေးမှာ ယောက္ခမနှစ်ဦးအား သွားတွေ့သည့်အခါ မီးဖိုဘေးတွင် တစ်ယောက် တစ်ဖက်လှဲနေပြီး ဖုန်များအထပ်ထပ်နှင့် ဖြစ်နေသည်ကို တွေ့ရသည်။ အိမ် အောက်တွင်လည်း အမှိုက်သရိုက်များ၊ ပေါင်းပင်မြက်ပင်များသစ်ပင်ဝါးပင်များ နှင့်ပြည့်နေသည်ကိုတွေ့ရသည်။ သူတို့ကို ကြည့်ရှုလုပ်ကျွေးမည့်သူမရှိပါ။ စောသဂေးသည် ယောက္ခမများကို အကျိုးအကြောင်းဘာမျှမပြောပါ။ ယောက္ခမများကို ဦးလေး၊ အဒေါ် ဟုသာခေါ်လေသည်။ အမိုး၊ အပါးဟုမခေါ်ပါ။ ထို့နောက် ယောက္ခမများကို ဤသို့ပြောလေသည်။ "ကျွန်တော် အခုအတီးတို့ဆီ လာရတဲ့အကြောင်းက... ကျွန်တော့်သားလေးဟာ တစ်နေ့၊ တစ်နေ့ငိုဘဲငိုနေတာဘဲ... တစ်ခါမှမရယ်ဘူး... ကျွန်တော်နတ်သွားမေးတော့... နတ်စားရမယ်လို့ပြောတယ်... ကျွန်တော့်မှာ မိဘ၊ ယောက္ခမမရှိတော့တဲ့အတွက် အတီးတို့ကိုလုပ်ပေးဘို့ လာခေါ်တာပါ... ကျွန်တော့်ဖာသာလုပ်လို့မရဘူး... လူကြီးသူမတွေလုပ်ပေးမှရမယ်"



နော်လော်အယ်၏မိဘနှစ်ပါးမှာ ညည်းတွားရှ၍ထပြီး စောသဂေးနောက်လိုက် သွားလေသည်။ မိဘနှစ်ပါးမှာ အသက်အရွယ်ကြီးပြီဖြစ်၍ မျက်စေ့ကောင်း ကောင်းမမြင်ရတော့ပါ။ သူ့တူနောက်လိုက်သွားပြီး သူ့တူအိမ်ရောက်သောအခါ သူတို့သမီးနှင့်တူသော မိန်းကလေးတစ်ဦးကို တွေ့လေသည်။ သူတို့ကို အမိုး၊ အပါးဟုမခေါ်ဘဲ "ညား၊ တီး" ဟုသာခေါ်လေသည်။ လင်မယားနှစ်ယောက်မှာ မေးချင်သော်လည်းမမေးရဲပါ။ သူတို့သမီးနှင့်တူသူ ဟုသာထင်လေသည်။ သူတို့ မအိပ်မီ သူတို့တူကနတ်စားခြင်းအကြောင်းကို မေးမြန်းလေသည်။ လင်မယား နှစ်ယောက်ကလည်း "ငါ့တူရေ… မိဘမရှိတော့တဲ့သူတွေ နတ်စားတဲ့အခါ ဘုရားစင်ဆောက်စရာမလိုဘူး… မိဘရှိတဲ့သူကတော့ ဘုရားစင်ဆောက်ရမယ်" စောသဂေးခဏနားထောင်ပြီး အိပ်ပျော်သွားလေသည်။ နံနက်လင်းလျှင် သူ့ဦး လေးနှင့်အဒေါ်က သူ့ကိုဤသို့ပြောလေသည်။

"ဖိုးဒိုခွားရေ… မင်းပြောတော့ မိဘမရှိတော့ဘူးဆိုပြီး အခုဘာလို့ဘုရားစင်ကို ဆောက်တာလဲ"

စောသဂေးက "အိုး… ဆောက်ပြီးပြီဘဲ… နေပါစေတော့" ဟုပြန်ပြောလိုက်လေ သည်။ စောသဂေးအိမ်အောက်သို့သွားပြီး ဝက်သွားဖမ်းရာ… ဝက်မှာ ကြီးမား လှသဖြင့် ဖမ်း၍၊ ချီ၍မရသဖြင့် သူ့ဇနီးအား လာကူရန်ခေါ်လေသည်။ ထိုအခါ သူ့ဇနီးမှာ ရုတ်တရက်မေ့သွားပြီး မိဘနှစ်ပါးအား "မိုးမိုး၊ ပါးပါး မြေးကိုချီထား… ကျွန်မအမိုးတို့သားမက်ကို ဝက်သွားကူဖမ်းမလို့"ဟု ပြောမိလေသည်။ မယ်ကြီး၊ ဖိုးကြီးနှစ်ဦးမှာ ဝမ်းသာလုံးဆို့ပြီး မြေးအားလုချီရာ မြေးမှာနှစ်ပိုင်းပြတ်မတတ် ဖြစ်နေလေသည်။ ထိုအခါ သမီးကသူတို့ကို ဤသို့ဆူလိုက်လေသည်။

"တစ်ယောက်တစ်လဲချီမှပေါ့ ဒီလိုသာလုနေရင် ကလေးသေတော့မှာဘဲ" ထိုအ ခါမှ အလုရပ်ပြီး အဖိုးကြီးကအရင်ချီကာ အမယ်ကြီးကနောက်မှချီလေသည်။ အိမ်သူအိမ်သားများ တစ်ဦးနှင့်တစ်ဦးသိကြပြီမို့ ဝမ်းမြောက်လှပေသည်။ သူတို့ လုပ်စရာရှိသည်ကိုလုပ်ပြီးသည့်အခါ မိဘနှစ်ပါးကသမီးအား အတူနေခွင့်ပြုရန် တောင်းပန်ကြလေသည်။



"အမိုးနဲ့အပါး ဒီမှာလာနေလို့ရပါတယ်... ဒါပေမဲ့ အမိုးအပါးတို့ အိမ်မှာတစ်ည ပြန်အိပ်ပြီးမှလာခဲ့ပါ... အမိုးအပါးတို့ အိမ်မှာပြန်မအိပ်လို့ ဘယ်ကောင်းမလဲ" အမေ၊ အဖေနှစ်ယောက်မှာ အိမ်အောက်သို့ဆင်းသွားသော်လည်း အိမ်မပြန်ပါ။ အိမ်အောက်မှဝက်ခြံထဲတွင်သာ အိပ်လေသည်။ သမီးမှာ မနက်အိပ်ယာမှ ထ၍ ချက်ပြုတ်ပြီး ထမင်းရည်ကို အိမ်အောက်သို့ငှဲ့လိုက်ရာ အမေဖြစ်သူက အောက်မှ အော်လိုက်လေသည်။ အမေက "ဖိုးမူရေ... ထမင်းရည် အမိုးကို စင်တော့မယ်" ဟုပြောလိုက်ရာ သမီးဖြစ်သူမှာ စိတ်တိုပြီး မိဘနှစ်ပါးအား ပြန်ခိုင်းလေသည်။ မိဘနှစ်ပါးမှာ ပျင်းရိစွာနှင့်ပြန်သွားလေသည်။ အိမ်ရောက်၍ အိပ်သည့်အခါ တစ်ခါမှမိုးမလင်းနိုင်တော့ပါ။ ယောကျ်ားက လက်ကိုကြက်ကဲ့သို့ ခါလိုက်ပြီး ကြက်ဖတွန်သကဲ့သို့တွန်ပြီး မိုးလင်းပြီ ဟုပြောလိုက်လေသည်။ သူ့ဆေးလိပ်နှင့် အိတ်ကိုလွယ်လိုက်ပြီး မိန်းမမှာ အိတ်နှင့်အတူ ဖားစည်ဖြူကို လွယ်လိုက်လေသည်။ လမ်းတွင် မယားလဲလျှင်ယောကျ်ားကျော်တက်၊ ယောကျ်ားလဲလျှင်မယားကျော်တက်နှင့် မကြာခင် သမီးအိမ်သို့ရောက်သွားလေသည်။

သမီးမှာ လှေကားဘေးတွင် မိဘများကိုစောင့်နေရာ အဖေက အရင်လာသဖြင့် ပေးတက်လေသည်။ အမေဖြစ်သူကိုမူ ပေးမတက်ပါ။ ကန်ချလိုက်လေသည်။ မိခင်မှာ ပြန်ထလာပြီး ဖားစည်ဖြူကိုလွယ်ကာ တက်လာပြန်သည်။ သမီးကအမေကို သုံးခါပြည့်အောင် ကန်ချပြီးသည့်အခါ သူ့အမေအား "တစ်ယောက်ထဲ တက်လာခဲ့ ဖားစည်ဖြူကို ကျမသိပ်မုန်းတယ်... အမိုးကျမကို အဲဒီဖားစည်ဖြူနဲ့ လဲစားခဲ့တဲ့အတွက်ဖြစ်တယ်" ဟုပြောလိုက်လေသည်။ အမေမှာ ဖားစည်ဖြူကို မက်မောလှသည်။ အိမ်ပေါ်သို့လည်းတက်ချင်လှသည်။ သမီးဖြစ်သူက သူ့အား ဖားစည်ယူလာခွင့်မပေးပါ။ ကြာလာတော့ ထမင်းဆာလှပြီဖြစ်သဖြင့် သူ့ဖားစည်ဖြူကိုချလိုက်မှ သမီးက တက်ခွင့်ပေးလေသည်။ သမီးမှာ အိမ်အောက်သို့ ဆင်းပြီး ဖားစည်ဖြူအား ကန်ချလိုက်လေသည်။ ဤဖားစည်ဖြူမှာ အောက်သို့ လိမ့်သွားပြီး မှော်ကျောက်ဆောင်အထိ လိမ့်သွားလေသည်။ မိဘနှစ်ပါးမှာ သမီး၊ သားမက်၊ မြေးနှင့်အတူ အသက်ဆုံးသည့်အထိ နေထိုင်သွားလေသည်။

ဤဖားစည်ဖြူသည် မှော်ဖားစည်ဖြစ်ပြီး ကျက်သရေရှိလှသည် ဟုဆိုစမှတ်ပြုကြသည်။ လပြည့်နေ့ညရောက်လျှင် ဤမှော်ကျောက်ဆောင်အတွင်းရှိ အိုင်ထဲမှ ဖားစည်သံထွက်လာရာ လွမ်းမောစရာကောင်းလှပါသည်။ မှော်ကျောက်ဆောင်ရှိအိုင်မှာ ကျက်သရေနှင့်ပြည့်စုံသော အိုင်ဖြစ်ပြီး သားငါးပေါလှသည်။ လူများငါးမျှားလိုပါက ပူဇော်ပသစရာ တစ်ခုခုယူသွားရသည်။ ပသပြီးမှ ငါးမျှားလျှင် ငါးတစ်ကောင်ရပါက စား၍ဝလေသည်။ ဤမှော်ကျောက်ဆောင်သည် ဒေဘူအိုင်အထက်ရှိ ယွန်းစလင်းချောင်း၏ အိုင်ဖြစ်လေသည်။ အင်္ဂလိပ်လူမျိုးများ သွား၍မရပါ။ လူများသွားလျှင် သူ့ကို 'ဖူးဘွါ' ဟုခေါ်ရသည်။ 'မှော်ကျောက်ဆောင်' ဟုခေါ်မိပါက တိမ်များမဲတက်လာပြီး မိုးသည်းထန်စွာရွာသဖြင့် လူများမနေရဲဘဲ ပြန်လာရလေသည်။

တစမခါတွင် မိဘမဲ့ကလေးတစ်ဦးသည် သူ့အဖွားကပြောပြသဖြင့် သူသွားကြည့်လေသည်။ သူသည် ဖားစည်ဖြူအား လိုချင်လှရာ အိုင်စောင့်နတ်အားသွားတောင်းလေသည်။ သူသည် ပူဇော်ပသပြီးဆုတောင်းရာ မကြာမီဖားစည်ဖြူ ပေါ်လာလေသည်။ မှော်ကျောက်ဆောင်အရှင်က သူ့အားဖားစည်ဖြူအား ထူးပွါဆီ ဆိုသည့်အပင်တစ်မျိုးနှင့် ချည်နှောင်ရမည်။ လျော်ကြိုးနှင့်ချည်နှောင်ပါက မခိုင်ပါ ဟုမှာလေသည်။ မိဘမဲ့ကလေးကလည်း ထူးပွါဆီအပင်ကိုသွား၍နွယ်ကြိုးကိုယူကာ ဖားစည်ဖြူကို ထမ်းပြီးပြန်လာလေသည်။ လမ်းတွင် စာတန်မာနတ်တစ်ကောင်ပေါ်လာပြီး သူ့အား အမျိုးမျိုးနှောင့်ယှက်ပြီး ဤသို့ပြောလိုက်လေသည်။
"မင်းဖားစည်ဖြူကို ဒီထူးပွါဆီအပင်နဲ့ ချည်တာပြတ်ကျပြီး မှော်ကျောက်ဆောင်အိုင်ထဲကိုဘဲ ပြန်လိမ့်သွားလိမ့်မယ်"
ထိုအခါ မိဘမဲ့မှာ အိုင်စောင့်နတ်ပြောစကားကို မေ့သွားပြီး လျှော်ကိုယူ၍ဖားစည်ကို ချည်လိုက်ပြန်လေသည်။ ပြီးနောက် ဖားစည်ဖြူအား ထမ်းလိုက်ရာပြတ်ကျပြီး မှော်ကျောက်ဆောင်အိုင်အတွင်းသို့ ပြန်လိမ့်သွားလေသည်။ မိဘမဲ့



ကလေးမှာ ဤမှော်ဖားစည်ကို မရရှိတော့ပါ။ လပြည့်သည့်အချိန်တွင် ဤမှော်ကျောက်ဆောင်မှ ဖားစည်သံကို ကြားရမြဲဖြစ်သည် ဟုပြောစမှတ်ပြုကြသည်။

ဤမှော်ကျောက်ဆောင်သည် အလွန်ကျော်ကြားသဖြင့် လူအများက သွားကြည့်ချင်ကြလေသည်။ သို့ရာတွင် ဤမှော်ကျောက်ဆောင်မှာ မှော်ကျောက်ဆောင်ဖြစ်ရာ လူများမသွားရဲပါ။ ဓါတ်ပုံလည်းရိုက်၍မရပါ။ သွားသည့်သူများမှာ မိမိတို့ ယုံကြည်ရာဘာသာအတိုင်း ဘုရားရှိခိုးပြီးမှ သွားရသည်။ မဟုတ်ပါက လေကြီးမိုးကြီးကျတတ်ပါသည်။ ဤမှော်ကျောက်ဆောင်သည် လှပပြီး ကျက်သရေရှိသည့် သဘာဝက ဖန်ဆင်းထားသည့်ကျောက်ဆောင်ကြီး ဖြစ်ပေသည်။ ကရင်ပြည်နယ်အတွင်းမှ ဤလှပ၍ကျက်သရေရှိသော ကျောက်ဆောင်ကြီးသည် ယခုထက်တိုင်တည်ရှိနေလေသည်။